# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914
Myanma Alinn Daily


### ဂုဏ်သတင်းပျံ့နှံ့လှိုင်ကြူ

ပန်းရနံ့သည် လေညာကိုမသွား၊ စန္ဒကူးအနံ့၊ တောင်ဇလပ်ပန်းအနံ့၊ စံပယ်ကြက်ရုန်းပန်းအနံ့သည်လည်း လေညာသို့မသွား။ သူတော်ကောင်းတို့၏ အနံ့သည်သာ လေညာသို့သွား၏။ သူတော်ကောင်းတို့၏ ဂုဏ်သတင်းသည် အရပ်မျက်နှာအားလုံးတို့သို့ ပျံ့နှံ့လှိုင်ကြူ၏။

ပုပ္ဖဝဂ်(ဓမ္မပဒ-၅၄)


၁၃၈၇ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၈ ရက် | ၂၀၂၆ ခုနှစ်၊ ဇန်နဝါရီ ၁၀ ရက်၊ စနေနေ့ | အတွဲ (၆၅)၊ အမှတ်(၁၀၂)


## အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များ ဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့်စက်မှုကဏ္ဍ (Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ်မြှင့်တင်ရေး။

၃။ နိုင်ငံတော်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထုတစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာလျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

## ဒေသအလိုက် လက်နက်ကိုင်ပဋိပက္ခများ ချုပ်ငြိမ်းပြီး တည်ငြိမ်အေးချမ်းမှုနှင့် ထာဝရငြိမ်းချမ်းရေးအတွက် ကြိုးစားဆောင်ရွက်ကြရမည့် အချိန်အခါဖြစ်

### ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်ထံမှ (၇၈) နှစ်မြောက် ကချင်ပြည်နယ်နေ့ အခမ်းအနားသို့ ပေးပို့သည့် သဝဏ်လွှာ

( ၂၀၂၆ ခုနှစ် ဇန်နဝါရီလ ၁၀ ရက် )

**ချစ်ကြည်လေးစားရပါသော ကချင်ပြည်နယ်အတွင်းရှိ တိုင်းရင်းသားညီအစ်ကိုမောင်နှမများနှင့် မိဘပြည်သူများ ခင်ဗျား**

ယနေ့ ဇန်နဝါရီလ ၁၀ ရက်နေ့တွင် ကျရောက်သော ကချင်ပြည်နယ်၏ (၇၈)နှစ်မြောက် ထူးမြတ်သည့်မင်္ဂလာအခါသမယတွင် ပြည်နယ်သူ၊ ပြည်နယ်သားများအားလုံးနဲ့ ကချင်တိုင်းရင်းသား အားလုံး စိတ္တသုခ၊ ကာယသုခ နှစ်ဖြာသောသုခနှင့် ပြည့်စုံလျက် ကျန်းမာချမ်းသာပြီး ကောင်းကျိုးလိုရာဆန္ဒ ပြည့်စုံပါစေကြောင်း ဆုမွန်ကောင်းတောင်းလျက် နှုတ်ခွန်းဆက်သအပ်ပါသည်။

မြန်မာနိုင်ငံအတွင်း မှီတင်းနေထိုင်ကြသော ပြည်ထောင်စုဖွား တိုင်းရင်းသားအားလုံးတို့သည် သွေးသားအရင်းချာပမာ ရင်းနှီး ချစ်ကြည်လေးစားကြလျက် ရေးနှစ်ပေါင်းများစွာကပင် ကိုယ့်မြေ၊ ကိုယ့်ရေ၊ *စာမျက်နှာ ၃ ကော်လံ ၁* ❍





နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အနောက်တောင်တိုင်းစစ်ဌာနချုပ် ဟိုင်းကြီးကျွန်းတပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုများအား တွေ့ဆုံအမှာစကား ပြောကြားစဉ်။

## တပ်နယ်အတွင်း လုံခြုံရေးနှင့်ကာကွယ်ရေးဆိုင်ရာကိစ္စရပ်များအပြင် ဒေသဖွံ့ဖြိုးရေး၊ နယ်မြေခံလူထု၏ အကျိုးစီးပွားဖော်ဆောင်ရေးတို့ကို တတ်စွမ်းသရွေ့ ကြိုးပမ်းဆောင်ရွက်ကြရမည်

### နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အနောက်တောင်တိုင်းစစ်ဌာနချုပ် ဟိုင်းကြီးကျွန်းတပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုများအား တွေ့ဆုံအမှာစကားပြောကြား

နေပြည်တော် ဇန်နဝါရီ ၉

နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ယနေ့နံနက်ပိုင်းတွင် အနောက်တောင်တိုင်းစစ်ဌာနချုပ် ဟိုင်းကြီးကျွန်းတပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုများအား သွားရောက်တွေ့ဆုံ အမှာစကားပြောကြားသည်။ *စာမျက်နှာ ၄ ကော်လံ ၁* ❑

○ *ရှေ့ဖုံးမှ*

ကိုယ့်ထီး၊ ကိုယ့်နန်း၊ ကိုယ့်ကြငှန်းဖြင့် လွတ်လပ်သည့် အချုပ်အခြာ အာဏာပိုင်နိုင်ငံအဖြစ် နှစ်ပေါင်းထောင်ချီ၍ နေထိုင်ခဲ့ကြပါသည်။ သို့သော်လည်း ပြည်ပ၏ လက်နက်အားကိုးဖြင့် အနိုင်ကျင့်မှုကြောင့် လွတ်လပ်ရေးဆုံးရှုံးခဲ့ရပြီး သူ့ကျွန်ဘဝရောက်ခဲ့ရပါသည်။ မိမိတို့ တိုင်းရင်းသားအားလုံးသည် တောင်တန်း မြေပြန့်၊ ပြည်နယ် ပြည်မ မခွဲခြားဘဲ တစ်စိတ်တစ်ဝမ်းတည်းသော စည်းလုံးညီညွတ်သည့် ပြည်ထောင်စုစိတ်ဓာတ်ဖြင့် တိုင်းပြည်၏လွတ်လပ်ရေးကို ပြန်လည် အရယူနိုင်ခဲ့ကြပါသည်။

ထိုသို့လွတ်လပ်ရေးအတွက် အသက်သွေးချွေးပေးဆပ် တိုက်ပွဲဝင်ခဲ့ကြသည့် မျိုးချစ်သူရဲကောင်းများတွင် ကချင်ပြည်နယ်မှခေါင်းဆောင်များနှင့် ကချင်တိုင်းရင်းသားများသည်လည်း စွန့်လွှတ်စွန့်စားစွာ တိုင်းပြည်နှင့် လူမျိုးအတွက် ဆောင်ရွက်ခဲ့ကြသည်မှာ ပြည်နယ်၏ နိုင်ငံတော်အပေါ် ကောင်းမြတ်သော သမိုင်းကြောင်းတစ်ခုပင် ဖြစ်ပါသည်။ ထို့ကြောင့် လွတ်လပ်ရေးရရှိပြီး ၁၉၄၈ ခုနှစ်၊ ဇန်နဝါရီလ ၁၀ ရက်နေ့တွင် ကချင်ပြည်နယ်ကောင်စီညီလာခံ၊ ပထမဆုံးညီလာခံ အစည်းအဝေး၌ ကချင်ပြည်နယ်အစိုးရဖွဲ့စည်းခဲ့သည်ကို ဂုဏ်ပြုသည့် အနေဖြင့် ဇန်နဝါရီလ ၁၀ ရက်နေ့ကို **'ကချင်ပြည်နယ်'** နေ့အဖြစ် သတ်မှတ်၍ နှစ်စဉ်ကျင်းပခဲ့ရာ (၇၈) နှစ်မြောက်ရှိပြီ ဖြစ်ပါသည်။

ကချင်ပြည်နယ်မြောက်ပိုင်းရှိ ခါကာဘိုရာဇီ၊ ဂန်လန်ရာဇီ၊ ဖုန်ကန်ရာဇီ၊ မဒွယ်ရာဇီ စသည့် ရေခဲတောင်များနှင့် ဟူးကောင်းမြေပြန့်လွင်ပြင်တို့တွင် ဘူမိ၊ ရူပ ထူးခြားသောအခြေအနေများ၊ အဖိုးတန်သဘာဝအရင်းအမြစ်များ ပေါကြွယ်ဝစွာထွက်ရှိပြီး ပြည်နယ်အတွင်း နေရာဒေသအသီးသီးတွင် ဂေဟစနစ်မျိုးစုံပိုင်ဆိုင်သည့် သာယာလှပသော ပြည်နယ်တစ်ခုဖြစ်ပါသည်။

ကချင်ပြည်နယ်ရှိ မေခမြစ်နှင့် မလိခမြစ်နှစ်သွယ် ပေါင်းဆုံရာမှ တည်ငြိမ်လှပသော ဧရာဝတီမြစ်ကြီးဖြစ်ပေါ်လာခြင်းနှင့်ယှဉ်တွဲ၍ မြင့်မားမတ်စောက်သော တောင်တန်းကြီးများနှင့် စိမ်းလန်းသော သစ်တောများသည်လည်း ပြည်နယ်၏ ထူးခြားလှပမှုများပင် ဖြစ်ပါသည်။ ကချင်ပြည်နယ်အတွင်း ဂျိမ်းဖော၊ လာချိဒ်၊ လော်ဝေါ်၊ လီဆူ၊ ရဝမ်၊ ဇိုင်ဝါး အစရှိသည့် ကချင်မျိုးနွယ်စုများ စုပေါင်းနေထိုင်ကြပါသည်။ ထို့ပြင် ရှမ်းမျိုးနွယ်စုအချို့နှင့် ဗမာတိုင်းရင်းသားအပါအဝင် အခြားတိုင်းရင်းသားတို့သည်လည်း အတူတကွ ပူးပေါင်းနေထိုင်ကြသည့် ပြည်နယ်တစ်ခုဖြစ်ပါသည်။

ကချင်ပြည်နယ်နေ့နှင့်အတူ ကျင်းပသော မနောပွဲသည် ပြည်နယ်အတွင်းရှိ တိုင်းရင်းသားမျိုးနွယ်စုများ၏ အမျိုးဂုဏ်၊ ဇာတိဂုဏ်ကို ချစ်မြတ်နိုးသောစိတ်၊ ယဉ်ကျေးမှုဓလေ့ထုံးစံများ ရိုးရာအမွေအနှစ်များကို ထိန်းသိမ်းစောင့်ရှောက်လိုစိတ်များ ရှင်သန်တက်ကြွစေသော အထိမ်းအမှတ်အစဉ်အလာကောင်းတစ်ခုပင် ဖြစ်ပါသည်။ မနောအကသည် ပြည်နယ်အတွင်းသာမက ပြည်ထောင်စုတစ်ဝန်းလုံး ငြိမ်းချမ်းသာယာဝပြောစေရန် ဖော်ဆောင်လျက် စုပေါင်းညီညာကပြသည့် ပြည်နယ်သူ ပြည်နယ်သားများ၏ စည်းလုံးညီညွတ်မှုပြယုဂ်ဖြစ်ပြီး ပြည်နယ်အတွင်း ငြိမ်းချမ်းသာယာဝပြောရေးကို ခိုင်မာသည်ထက် ခိုင်မာအောင် တည်ဆောက်နိုင်ရေး အဓိပ္ပာယ်ပြည့်ဝသော ရိုးရာယဉ်ကျေးမှုပွဲတော်ကြီးတစ်ခု ဖြစ်ပါသည်။

ထို့အပြင် ကချင်ပြည်နယ်သည် အဖိုးထိုက်တန်သော တွင်းထွက်ရတနာများ၊ သဘာဝသယံဇာတများ၊ သဘာဝအရင်းအမြစ်များ ထွက်ရှိရာ ပြည်နယ်ကြီးဖြစ်သည့်အပြင် ရေခံ၊ မြေခံနှင့် ရာသီဥတု ကောင်းမွန်ခြင်းတို့ကြောင့် စိုက်ပျိုးသီးနှံများ အောင်မြင်တိုးတက်ဖြစ်ထွန်းလျက်ရှိပါသည်။ အလားတူ ပေါင်းစည်းခြင်း၏ သင်္ကေတဖြစ်သော ဧရာဝတီမြစ်ကြီး၏ အလှတရားနှင့်အတူ စိမ်းလန်းသာယာစိုပြည်ခြင်းကလည်း ပြည်နယ်၏ ထူးခြားသော ဝိသေသပင် ဖြစ်ပါသည်။

ကချင်ပြည်နယ်သည် ရေခံ၊ မြေခံကောင်းများနှင့် ဖွံ့ဖြိုးတိုးတက်သည့် ပြည်နယ်တစ်ခုဖြစ်သည့်အတွက် ပြည်နယ်အတွင်းရှိ တိုင်းရင်းသားညီအစ်ကိုများအားလုံး၏ စိတ်ဓာတ်နှင့် ခွန်အားများ စုပေါင်းစွမ်းအားဖြင့် ပြည်နယ်သာယာအေးချမ်းရေးနှင့် ပြည်နယ်သူ ပြည်နယ်သားများ၏ လူမှုစီးပွားဘဝမြှင့်တင်ရေးနှင့် အလုပ်အကိုင်အခွင့်အလမ်းများ တိုးတက်လာရန် တက်ညီလက်ညီ ပူးပေါင်းဆောင်ရွက်ကြရန် လိုအပ်ပါသည်။

**တိုင်းရင်းသား ညီအစ်ကို မောင်နှမများ ခင်ဗျား**

မိမိတို့အစိုးရအနေဖြင့် ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲများတွင် မဲမသမာမှုကြောင့် ကြုံတွေ့လာမည့်အန္တရာယ်အတွက် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ နိုင်ငံ့တာဝန်ကို ယူခဲ့ရခြင်း ဖြစ်ပါသည်။ ထိုသို့ တာဝန်ယူပြီးနောက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ အကျိုးစီးပွားကို ရှေးရှုဆောင်ရွက်လျက် ပြည်သူလူထု၏ လိုလားချက်ဖြစ်သည့် ပါတီစုံဒီမိုကရေစီလမ်းကြောင်းကို ခိုင်မာစွာ လျှောက်လှမ်းလျက်ရှိရာ ကချင်တိုင်းရင်းသားများအပါအဝင် ပြည်သူအားလုံးက ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြရန် လိုအပ်ပါသည်။

နိုင်ငံရေးပြဿနာကိုနိုင်ငံရေးနည်းလမ်းဖြင့် တည်ငြိမ်ငြိမ်းချမ်းစွာ ဖြေရှင်းကြရမည်သာ ဖြစ်ပါသည်။ ယခုကဲ့သို့ တိုင်းရင်းသားဒေသအသီးသီးကလက်နက်အားကိုးဖြင့် နိုင်ငံအတွက် ကောင်းကျိုးမဖြစ်နိုင်သည့် တိုက်ခိုက်မှုများ၊ တောင်းဆိုမှုများသည် ဒီမိုကရေစီနှင့် ဆန့်ကျင်သည့် အကြမ်းဖက်စနစ်သာဖြစ်ပြီး မိမိတို့တိုင်းရင်းသားများကို မိမိတို့ကိုယ်တိုင် ပြန်လည်ဒုက္ခပေးနေခြင်းပင်ဖြစ်ကြောင်း သတိထားဆင်ခြင်သုံးသပ်သင့်ကြပြီ ဖြစ်ပါသည်။ ဒေသအလိုက် လက်နက်ကိုင်ပဋိပက္ခများချုပ်ငြိမ်းပြီး တည်ငြိမ်အေးချမ်းမှုနှင့် ထာဝရ ငြိမ်းချမ်းရေးအတွက် ကြိုးစားဆောင်ရွက်ကြရမည့် အချိန်အခါ ဖြစ်ကြောင်း အသိပေးမှာကြားလိုပါသည်။

ပါတီစုံဒီမိုကရေစီစနစ်ခိုင်မြဲစေရန် ဒေသနှင့်တိုင်းရင်းသားများ အကျိုးကို တရားဥပဒေနှင့်အညီ ဆွေးနွေးနိုင်ရေးအတွက် တိုင်းရင်းသား ကိုယ်စားလှယ်များ နိုင်ငံရေးစင်မြင့်တွင် ပိုမိုပါဝင်ရန် လိုအပ်ပါသည်။ တိုင်းရင်းသားပြည်သူများ၏ ဆန္ဒနှင့်အညီ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကြီးအတွက် နိုင်ငံတော်အစိုးရ၊ တပ်မတော်၊ နိုင်ငံ့ဝန်ထမ်းများနှင့်အတူ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးက ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ပေးကြရန် တိုက်တွန်းအပ်ပါသည်။

ထို့အတူ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရန်အတွက်မှာလည်း နိုင်ငံတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းပြီး လက်နက်ကိုင်ပဋိပက္ခနှင့် အကြမ်းဖက်မှုများမှ ကင်းဝေးရန်လိုအပ်ပါသည်။ နိုင်ငံတော်တည်ငြိမ်အေးချမ်းမှသာ ဖွံ့ဖြိုးတိုးတက်မှုအတွက် ရှေ့ဆက်နိုင်မည်ဖြစ်ပါသည်။ ထို့ကြောင့် ပြည်နယ်အတွင်းရှိ လက်နက်ကိုင်အဖွဲ့အစည်းများနှင့် အကြမ်းဖက်အဖွဲ့များအနေဖြင့် ပြည်နယ်အကျိုး၊ ပြည်နယ်အတွင်းရှိ ဒေသခံပြည်သူများအကျိုးကိုရှေးရှုပြီး တိုက်ပွဲများရပ်တန့်စေရေး၊ ဆူပူအကြမ်းဖက်များ ပပျောက်စေရေးတို့ကို အလေးထားဆောင်ရွက်ကြရန် အချိန်အခါသင့်နေပြီဖြစ်ပါကြောင်း အသိပေးတိုက်တွန်းမှာကြားလိုပါသည်။

◆ **ကချင်ပြည်နယ်သည် ရေခံ၊ မြေခံကောင်းများနှင့် ဖွံ့ဖြိုးတိုးတက်သည့် ပြည်နယ်တစ်ခုဖြစ်သည့်အတွက် ပြည်နယ်အတွင်းရှိ တိုင်းရင်းသားညီအစ်ကိုများအားလုံး၏ စိတ်ဓာတ်နှင့်ခွန်အားများ စုပေါင်းစွမ်းအားဖြင့် ပြည်နယ်သာယာအေးချမ်းရေးနှင့် ပြည်နယ်သူ ပြည်နယ်သားများ၏ လူမှုစီးပွားဘဝမြှင့်တင်ရေးနှင့် အလုပ်အကိုင်အခွင့်အလမ်းများ တိုးတက်လာရန် တက်ညီလက်ညီ ပူးပေါင်းဆောင်ရွက်ကြရန်လိုအပ်**

◆ **နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရန်အတွက်မှာလည်း နိုင်ငံတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းပြီး လက်နက်ကိုင်ပဋိပက္ခနှင့် အကြမ်းဖက်မှုများမှ ကင်းဝေးရန်လိုအပ်၊ နိုင်ငံတော်တည်ငြိမ်အေးချမ်းမှသာ ဖွံ့ဖြိုးတိုးတက်မှုအတွက် ရှေ့ဆက်နိုင်မည်ဖြစ်**

ယခုအခါ မိမိတို့ နိုင်ငံတော်ကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီအနေဖြင့် ပညာရေး၊ ကျန်းမာရေးနှင့် လူမှုစီးပွားဘဝမြှင့်တင်ရေးနှင့် ပါတီစုံဒီမိုကရေစီ ပြည်ထောင်စုတည်ဆောက်နိုင်ရေး ဦးတည်ချက်များချမှတ်၍ ကြိုးစားဆောင်ရွက်လျက်ရှိပါသည်။ **"နိုင်ငံတော်၏ အကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ ပြည်သူ့ကိုယ်စားလှယ်လောင်းများ ဖြစ်ပေါ်လာစေရန် အစဉ်တစိုက် ဆောင်ရွက်ရေး" "ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထုတစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာ လျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး"** ဆိုသည့် ဦးတည်ချက်များကို အကောင်အထည်ဖော်လျက်ရှိပြီး ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အပိုင်း(၁)ကို အောင်မြင်စွာ ကျင်းပနိုင်ခဲ့သည်မှာ အားလုံးအသိပင် ဖြစ်ပါသည်။ ဆက်လက်၍ အပိုင်း(၂)နှင့်(၃)တို့ကို ဆက်လက်ကျင်းပပြီး ပေါ်ပေါက်လာမည့်အစိုးရအား မိမိတို့တာဝန်ယူထားသည့် နိုင်ငံ့တာဝန်များကို မကြာမီ လွှဲပြောင်းပေးသွားမည် ဖြစ်ပါသည်။ ဒီမိုကရေစီစနစ်၏ အခြေခံအုတ်မြစ်မှာ ရွေးကောက်ပွဲပင်ဖြစ်ပါသည်။ ထို့ကြောင့် တိုင်းရင်းသားပြည်သူများအနေဖြင့် ရွေးကောက်ပွဲအောင်မြင်ရေးနှင့် ပါတီစုံဒီမိုကရေစီ ပြည်ထောင်စုတည်ဆောက်ရေး ဝိုင်းဝန်းပါဝင် ပူးပေါင်းဆောင်ရွက်ကြရန် အလေးထားတိုက်တွန်းအပ်ပါသည်။

ကချင်ပြည်နယ်သည် တစ်ဖက်နိုင်ငံနှင့် ထိစပ်နေသော နယ်စပ်ဒေသများ၌ တရားမဝင်ကုန်စည်စီးဆင်းမှုများ၊ နယ်စပ်ဖြတ်ကျော်မှုခင်းများနှင့် မူးယစ်ဆေးဝါးရောင်းဝယ်ဖောက်ကားမှု စသည့် တရားဥပဒေနှင့်ဆန့်ကျင်သည့် ဖြစ်ရပ်များကြောင့် ပြည်နယ်အလှကို ပျက်စီးစေပြီး ပြည်နယ်၏ဂုဏ်သိက္ခာကျဆင်းစေပါသည်။ ထိုသို့ ဥပဒေမဲ့လုပ်ရပ်များကို ဌာနဆိုင်ရာများ၊ တိုင်းရင်းသားခေါင်းဆောင်များနှင့် ပြည်သူအားလုံးက ဆန့်ကျင်တိုက်ဖျက်ကြရန် လိုအပ်ပါကြောင်းနှင့် တရားဥပဒေစိုးမိုးရေးကို ဝိုင်းဝန်းဖော်ဆောင်ကြရန် အလေးထား မှာကြားလိုပါသည်။

**ကချင်တိုင်းရင်းသား မိဘပြည်သူ ညီအစ်ကို မောင်နှမများ ခင်ဗျား**

ကချင်ပြည်နယ်အနေဖြင့် သဘာဝမှပေးထားသည့် ရာသီဥတု၊ ရေမြေပထဝီအနေအထားများအရ စိုက်ပျိုးရေးလုပ်ငန်းများနှင့် မွေးမြူရေးလုပ်ငန်းများ ကောင်းစွာဖြစ်ထွန်းနိုင်သည့် ပြည်နယ် ဖြစ်ပါသည်။ ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် စိုက်ပျိုးရေး ထုတ်ကုန်များ တိုးမြှင့်နိုင်ရန်၊ စိုက်ပျိုးရေးလုပ်ငန်းမှထွက်ရှိသည့် ထုတ်ကုန်များကိုအခြေခံပြီး စက်မှုနည်းပညာများနှင့် ပေါင်းစပ်ကာ တန်ဖိုးမြှင့်ကုန်ချောထုတ်လုပ်မှုများ ဆောင်ရွက်သွားရမည် ဖြစ်ပါသည်။ ဒေသတွင်းမှထွက်ရှိသည့် ကုန်ကြမ်းများအပေါ်တွင် အခြေခံ၍ တန်ဖိုးမြှင့်ကုန်ပစ္စည်းများထုတ်လုပ်ကာ ဒေသလိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်သည့်အပြင် နိုင်ငံတစ်ဝန်းနှင့် ပြည်ပသို့တင်ပို့ရောင်းချပြီး ဒေသလူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေး ပြည်နယ်အတွင်းရှိ တိုင်းရင်းသားပြည်သူများက ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားကြရန် တိုက်တွန်းမှာကြားလိုပါသည်။

အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီအနေဖြင့် နိုင်ငံတော် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် ပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထား မြှင့်တင်ဆောင်ရွက်ပေးလျက်ရှိပါသည်။ ပညာရေးကဏ္ဍတွင် အတန်းပညာ အတတ်ပညာသာမက အရာရာကို မှန်မှန်ကန်ကန် စဉ်းစားတွေးခေါ် ဆုံးဖြတ်နိုင်သည့် အသိပညာနှင့် တိုင်းချစ်ပြည်ချစ်စိတ်၊ အမျိုးဂုဏ် ဇာတိဂုဏ် ထိန်းသိမ်းလိုသည့်စိတ်များရှိသည့် အနာဂတ်မျိုးဆက်သစ်လူငယ်များဖြစ်အောင် လေ့ကျင့်ပြုစုပျိုးထောင်ပေးကြရန်ကိုလည်း အလေးထားမှာကြားလိုပါသည်။

နိုင်ငံတော်အနေဖြင့် တိုင်းရင်းသားပြည်သူများ၏ ကျန်းမာရေး အဆင့်အတန်း တိုးတက်မြင့်မားရေးအတွက် စဉ်ဆက်မပြတ် အားပေးလျက်ရှိပြီး လူတိုင်းလက်လှမ်းမီနိုင်သည့် အရည်အသွေးပြည့်ဝသော ကျန်းမာရေးစောင့်ရှောက်မှုများကိုလည်း ဆောင်ရွက်ပေးလျက်ရှိပါသည်။ ထို့အတူ စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် အသေးစား၊ အငယ်စား၊ အလတ်စားကုန်ထုတ်လုပ်ငန်းများ ဆောင်ရွက်ရာတွင်လည်း အရည်အသွေးပြည့်မီစွာ ထုတ်လုပ်နိုင်ရန်အတွက် နည်းပညာ၊ ထုတ်လုပ်သည့် စက်ပစ္စည်းများနှင့် ကျွမ်းကျင်သည့် လူသားအရင်းအမြစ်များ လိုအပ်မည်ဖြစ်ရာ ဒေသခံတိုင်းရင်းသားများကလည်း ဟန်ချက်ညီညီ လိုက်ပါမြှင့်တင်ဆောင်ရွက်ပေးနိုင်ကြပါရန် တိုက်တွန်းလိုပါသည်။

နိဂုံးချုပ်အနေဖြင့် ကချင်ပြည်နယ်အတွင်းရှိ မိဘပြည်သူ တိုင်းရင်းသားများအနေဖြင့် ငြိမ်းချမ်းသာယာပြီး ဘက်စုံဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်တည်ဆောက်ရေးတွင် အေးအတူ၊ ပူအမျှ စည်းလုံးညီညွတ်စွာ အတူတကွ နေထိုင်သွားနိုင်ကြပါစေ၊ နိုင်ငံရေး၊ စီးပွားရေး၊ နိုင်ငံတော်လုံခြုံရေးနှင့်ကာကွယ်ရေးများတွင် အမျိုးသားအကျိုးစီးပွားကို အလေးထားဆောင်ရွက်သွားနိုင်ကြပါစေ၊ ပြည်နယ်အတွင်းရှိ တိုင်းရင်းသားပြည်သူများ၏ စုစည်းမှုစွမ်းပကားများ၊ ငြိမ်းချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေးများတွင် ဘက်ပေါင်းစုံမှ ခွဲ၊ လုံ့လ၊ ဝီရိယများဖြင့် ပြည်နယ်၏အကျိုး၊ တိုင်းရင်းသားပြည်သူများ၏အကျိုးကို ဝိုင်းဝန်းကြိုးပမ်းအကောင်အထည်ဖော် လုပ်ဆောင်နိုင်ကြပါစေကြောင်းနှင့် ကချင်ပြည်နယ်ကြီး ယခုထက်ပိုမိုဖွံ့ဖြိုးတိုးတက်အောင် အေးချမ်းသာယာပါစေကြောင်း ဆုမွန်ကောင်းတောင်း တိုက်တွန်းရင်း (၇၈)နှစ်မြောက် ကချင်ပြည်နယ်နေ့သို့ ဤဂုဏ်ပြုသဝဏ်လွှာ ပေးပို့အပ်ပါသည်။

**ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ**
**သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်**
**ယာယီသမ္မတ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ဥက္ကဋ္ဌ၊ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်**

# နိုင်ငံရေးသည် ပညာရေးနှင့် ဆက်နွှယ်လျက်ရှိပြီး နိုင်ငံအတွင်း ပညာတတ် လူသားအရင်းအမြစ်များ ပေါကြွယ်ဝမှသာ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်နိုင်မည်ဖြစ်

❑ *ရှေ့ဖုံးမှ*

**စစ်ဦးစီး၊ စစ်ရေး၊ စစ်ထောက်ဆိုင်ရာ အကောင်အထည်ဖော် ဆောင်ရွက်ထားရှိမှု**

ဦးစွာ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် ကော်မရှင်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီး ရဲဝင်းဦးနှင့် ခရီးစဉ်တွင် လိုက်ပါလာသည့် အဖွဲ့ဝင်များလိုက်ပါ၍ ဟိုင်းကြီးကျွန်းတပ်နယ်သို့ ရောက်ရှိကြရာ နယ်မြေခံ ရေတပ်စခန်းဌာနချုပ် အစည်းအဝေးခန်းမ၌ ရေတပ်စခန်းဌာနချုပ်မှူးက တပ်နယ်ဆိုင်ရာ အချက်အလက်များ၊ ၂၀၂၃ ခုနှစ်အတွင်း နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် တပ်နယ်သို့ လာရောက်စစ်ဆေးစဉ် လမ်းညွှန် မှာကြားချက်များအား လိုက်နာ အကောင်အထည်ဖော် ဆောင်ရွက်ပြီးစီးမှု၊ တပ်နယ်အတွင်းနှင့် စည်းရုံးရေးနယ်မြေအတွင်း ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး၊ မဲဆန္ဒရှင်ပြည်သူများ၏ အခွင့်အရေးများ ဆုံးရှုံးမှုမရှိစေရေး၊ လုံခြုံစိတ်ချစွာဖြင့် ဆန္ဒမဲပေးနိုင်ရေးတို့အတွက် ပြင်ဆင်ဆောင်ရွက်ထားရှိမှု၊ စစ်ဦးစီး၊ စစ်ရေး၊ စစ်ထောက်ဆိုင်ရာများ ဆောင်ရွက်ထားရှိမှု၊ စိုက်ပျိုးမွေးမြူရေး လုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်ထားရှိမှုနှင့် သက်သာချောင်ချိရေး ဆောင်ရွက်ပေးနိုင်မှုတို့နှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်က ဟိုင်းကြီးကျွန်းတပ်နယ် အနေဖြင့် စစ်ဆင်ရေး၊ လုံခြုံရေး၊ နယ်မြေစိုးမိုးရေးလုပ်ငန်း တာဝန်များကို အောင်မြင်အောင်



နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဟိုင်းကြီးကျွန်းတပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုများအတွက် စားသောက်ဖွယ်ရာ ပစ္စည်းများကို တပ်နယ်မှူးထံ ပေးအပ်စဉ်။

ဆောင်ရွက်သွားရန် လိုအပ်သကဲ့သို့ ဒေသလုံခြုံရေး၊ နိုင်ငံတော်လုံခြုံရေးနှင့် ပတ်သက်၍ အစဉ်အမြဲဂရုပြုနေရန်နှင့် အလေးအနက်ထား ဆောင်ရွက်သွားရန် လိုကြောင်း၊ ထိုသို့ ဆောင်ရွက်နိုင်ရေးအတွက် စစ်သည်တစ်ဦးချင်းစီ အလိုက် ကျန်းမာကြံ့ခိုင်သန်စွမ်းမှု ရှိစေရေး၊ ရဲစွမ်းသတ္တိရှိစေရေးနှင့် တိုက်ပွဲဝင်နိုင်စွမ်းရှိစေရေး၊ ကိုယ်စီ လုပ်ငန်းတာဝန်များနှင့် ကိုင်ဆောင်ရသည့် လက်နက်ပစ္စည်းများ ကျွမ်းကျင်မှုရှိစေရေး လေ့ကျင့်ဆောင်ရွက်ပေးနေရမည် ဖြစ်ကြောင်း၊ တပ်နယ်အတွင်း တရားမဝင် သယံဇာတထုတ်ယူနေမှုများ၊ မူးယစ်ဆေးဝါးသယ်ယူပို့ဆောင်နေမှုများ၊ တရားမဝင် မှောင်ခိုသွားလာနေမှုများ မရှိစေရေးနှင့် တရားဥပဒေစိုးမိုးမှုရှိစေရေးအတွက်လည်း အမြဲမပြတ် ကြပ်မတ်စိစစ် ဆောင်ရွက်သွားရန် လိုကြောင်း။

ကမ်းရိုးတန်းဒေသဖြစ်သဖြင့် ဖြစ်ပေါ်လာနိုင်မည့် သဘာဝဘေးအန္တရာယ်ဆိုင်ရာများကို တွက်ချက်၍ ကြိုတင်ကာကွယ်ရေးလုပ်ငန်းများကိုလည်း ဆောင်ရွက်ထားရှိရန်လိုကြောင်း၊ သဘာဝဘေးအန္တရာယ်သည် ရှောင်လွှဲ၍ မရနိုင်သော်လည်း ကြိုတင်ကာကွယ်ခြင်းအားဖြင့် ထိခိုက်ပျက်စီးမှုများကို အနည်းဆုံးဖြစ်စေနိုင်ကြောင်း၊ ထို့ကြောင့် ဒီရေတောများနှင့် သစ်တောများ စိုက်ပျိုးခြင်းအပါအဝင် ကြိုတင်ကာကွယ်ရေး လုပ်ငန်းများကို စနစ်တကျ တွက်ချက်၍ ဆောင်ရွက်သွားရန် လိုကြောင်း၊ တပ်နယ်အတွင်း ဒေသနှင့်ကိုက်ညီသည့် စိုက်ပျိုးမွေးမြူရေး လုပ်ငန်းများကိုလည်း အောင်မြင်အောင် ဆောင်ရွက်သွားကြရန်လိုပြီး စဉ်ဆက်မပြတ်သည့် စိုက်ပျိုးမွေးမြူရေးစနစ်ဖြစ်စေရေး တွက်ချက်ဆောင်ရွက်သွားကြရန်လိုကြောင်း၊ တပ်နယ်အတွင်း အသား၊ ငါး၊ ဟင်းသီးဟင်းရွက်ဖူလုံမှုအပြင် ပိုလျှံသည်

❑ **မကြာမီရက်ပိုင်းအတွင်း ရွေးကောက်ပွဲအပိုင်း(၂)နှင့် (၃)တို့တွင် ဆက်လက်ကျင်းပပြုလုပ်သွားမည်ဖြစ်ပြီး မဲဆန္ဒရှင်ပြည်သူများ၏ အခွင့်အရေးများ ဆုံးရှုံးမှုမရှိစေရေး၊ လုံခြုံစိတ်ချမှုအပြည့်ဖြင့် ဆန္ဒမဲများပေးနိုင်ရေး အားလုံးက ဝိုင်းဝန်းပါဝင်ဆောင်ရွက်သွားကြရမည်ဖြစ်**

❑ **ပညာသင်ကြားရေးနှင့် ပတ်သက်၍ မကြာခင်ကာလအတွင်း အခြေခံပညာကျောင်းများ၌ အတန်းတင်စာမေးပွဲများ ကျင်းပတော့မည်ဖြစ်၊ ကျောင်းသား ကျောင်းသူများ စာမေးပွဲကို အောင်မြင်စွာဖြင့် ဖြေဆိုအောင်မြင်နိုင်ရေး တာဝန်ရှိသူများနှင့် မိဘများက ဝိုင်းဝန်းဆောင်ရွက်ပေးကြရန်လို**

များကို ဒေသခံပြည်သူများသို့ ဈေးနှုန်းသက်သာစွာဖြင့် ရောင်းချပေးသွားရန်လိုကြောင်း၊ ဆက်သွယ်မှုအလှမ်းဝေးသည့် ဒေသတစ်ခုဖြစ်သဖြင့် အရာရှိ စစ်သည်များ၏ သက်သာချောင်ချိရေးကိုသာမက မိမိတို့ တာဝန်ထမ်းဆောင်ရသည့် ဒေသမှဒေသခံများ၏ သက်သာချောင်ချိရေးအတွက်ကိုလည်း ဖော်ဆောင်ပေးကြရန်လိုပြီး တပ်တွင်း၊ တပ်ပြင်စည်းရုံးရေး လုပ်ငန်းများကို အောင်မြင်အောင် ဆောင်ရွက်သွားကြရန်လိုကြောင်း၊ တပ်နယ်အတွင်း လုံခြုံရေးနှင့် ကာကွယ်ရေးဆိုင်ရာ ကိစ္စရပ်များအပြင် ဒေသဖွံ့ဖြိုးရေး၊ နယ်မြေခံလူထု၏ အကျိုးစီးပွား ဖော်ဆောင်ရေးတို့ကိုလည်း တတ်စွမ်းသရွေ့ ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း မှာကြားသည်။

ထို့နောက် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်သည် တပ်နယ်ခန်းမ၌ ဟိုင်းကြီးကျွန်းတပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုများအား တွေ့ဆုံအမှာစကားပြောကြားသည်။

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အတူ ကော်မရှင်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီး ထိန်ဝင်း၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော် အရာရှိကြီးများ၊ အနောက်တောင်တိုင်း စစ်ဌာနချုပ် တိုင်းမှူး၊ ဟိုင်းကြီးကျွန်းတပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုများ တက်ရောက်ကြသည်။

**ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး**

ထိုသို့ တွေ့ဆုံရာတွင် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲအပိုင်း(၁)ကို ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာ ၂၈ ရက်နေ့တွင် မြို့နယ် ၁၀၂ မြို့နယ်၌ အောင်မြင်စွာ ကျင်းပနိုင်ခဲ့ပြီးဖြစ်ကြောင်း၊ မဲဆန္ဒရှင်ပြည်သူများ အနေဖြင့် မည်သည့်ဖိအား တစ်စုံတစ်ရာမျှ မပါရှိဘဲ မိမိတို့၏ လွတ်လပ်သည့် သဘောထားဆန္ဒများအလျောက် တက်တက်ကြွကြွ စည်းကမ်းရှိရှိ နိုင်ငံကြီးသားပီသစွာဖြင့် ဆန္ဒမဲများပေးခဲ့ကြသည်ကို အားလုံး တွေ့မြင်ခဲ့ကြပြီးဖြစ်ကြောင်း၊ ထိုသို့ ပြည်သူများဆန္ဒမဲပေးနေမှုများကို နိုင်ငံတကာမှ ရွေးကောက်ပွဲ စောင့်ကြည့်လေ့လာရေးအဖွဲ့များကလည်း လာရောက်လေ့လာတွေ့ရှိခဲ့ကြပြီး ကောင်းမွန်သည့် သုံးသပ်ချက်များရှိခဲ့ကာ လွတ်လပ်ပြီး တရားမျှတသည့် ရွေးကောက်ပွဲဖြစ်သည်ဟု သုံးသပ်ပြောကြားခဲ့ကြကြောင်း၊ မိမိတို့အနေဖြင့်လည်း ရွေးကောက်ပွဲကို လွတ်လပ်ပြီး တရားမျှတသည့် ရွေးကောက်ပွဲ၊ သမာသမတ်ရှိသည့် ရွေးကောက်ပွဲဖြစ်စေရေးနှင့် သိက္ခာရှိသည့် လွှတ်တော်ဖြစ်စေရေး ကြိုးပမ်းဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ မကြာမီရက်ပိုင်းအတွင်း ရွေးကောက်ပွဲအပိုင်း(၂)နှင့် (၃)တို့တွင် ဆက်လက်ကျင်းပ ပြုလုပ်သွားမည်ဖြစ်ပြီး မဲဆန္ဒရှင်ပြည်သူများ၏ အခွင့်အရေးများ ဆုံးရှုံးမှုမရှိစေရေး၊ လုံခြုံစိတ်ချမှုအပြည့်ဖြင့် ဆန္ဒမဲများပေးနိုင်ရေး အားလုံးကဝိုင်းဝန်းပါဝင် ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။

ဆန္ဒမဲများ ပေးရာတွင်လည်း ဒေသအကျိုး၊ နိုင်ငံတော်အကျိုးကို ဖော်ဆောင်ပေးနိုင်မည့်သူ၊ အမျိုးဘာသာသာသနာ အကျိုးကို ဖော်ဆောင်ပေးနိုင်မည့်သူ၊ ဒို့တာဝန်အရေးသုံးပါးကိုလိုက်နာစောင့်ထိန်းနိုင်သူ၊ နိုင်ငံရေးအမြင်၊ အုပ်ချုပ်ရေးအမြင်၊ စီးပွားရေးအမြင်၊ လုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေးအမြင်ရှိသူ၊ နိုင်ငံတော်တည်နေသရွေ့ အခိုင်မာဆုံးသော အဖွဲ့အစည်းအဖြစ်တည်ရှိနေသည့် တပ်မတော်နှင့် လက်တွဲဆောင်ရွက်နိုင်မည့်သူများကို ရွေးချယ်၍ ဆန္ဒမဲပေးကြရန်လိုကြောင်း၊ ရွေးကောက်ပွဲအပိုင်း(၁) ရလဒ်များကိုလည်း ပြည်သူများအားလုံး ပွင့်လင်းမြင်သာစွာ သိရှိနိုင်ရေး ထုတ်ပြန်ကြေညာပေးခဲ့ပြီး ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံ၌ နိုင်ငံ့အရေးကို လေးလေးနက်နက်ဖြင့် ဆောင်ရွက်လိုသည့် နိုင်ငံရေးသမားစစ်စစ်များ လိုအပ်နေဆဲဖြစ်သည်ကို ဖြတ်သန်းလာမှု အတွေ့အကြုံများအရ တွေ့ရှိရကြောင်း။

**အသိပညာ၊ အတတ်ပညာ ကြွယ်ဝသည့် လူသား အရင်းအမြစ်ကောင်းများ မွေးထုတ်ရေး**

ပညာသင်ကြားရေးနှင့် ပတ်သက်၍ မကြာခင်ကာလအတွင်း အခြေခံပညာ ကျောင်းများ၌ အတန်းတင်စာမေးပွဲများ ကျင်းပတော့မည်ဖြစ်ကြောင်း၊ ကျောင်းသား ကျောင်းသူများ စာမေးပွဲကို အောင်မြင်စွာဖြင့် ဖြေဆိုအောင်မြင်နိုင်ရေး တာဝန်ရှိသူများနှင့် မိဘများက ဝိုင်းဝန်းဆောင်ရွက်ပေးကြရန်လိုကြောင်း၊ ကျောင်းသားကျောင်းသူများ၏ ပညာသင်ကြားရေးအတွက် မိဘများအနေဖြင့် ငွေကြေးကုန်ကျမှုများ ရှိသကဲ့သို့ ကျောင်းသား ကျောင်းသူများ အနေဖြင့်လည်း အချိန်များပေး၍ ပညာသင်ကြားကြရခြင်း ဖြစ်သဖြင့် အတန်းတင်စာမေးပွဲများကို အောင်မြင်စွာဖြင့် ဖြေဆိုနိုင်ရေး မိဘများအနေဖြင့် မိမိတို့၏ သားသမီးများကို တိုက်တွန်းအားပေးဆောင်ရွက်ပေးကြစေလိုကြောင်း၊ တပ်မတော်အနေဖြင့် မိသားစုဝင်ကျောင်းသားကျောင်းသူများ နွေရာသီကျောင်းပိတ်ရက်ကာလကို အကျိုးရှိရှိအသုံးချနိုင်ရေး ယဉ်ကျေးလိမ္မာသင်တန်း၊ ကွန်ပျူတာပညာ အခြေခံသင်တန်းနှင့် အခြားအကျိုးရှိစေမည့် သင်တန်းများကို ဖွင့်လှစ်သင်ကြားပေးလျက်ရှိကြောင်း၊ အလားတူ တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် ထူးချွန်စွာ အောင်မြင်ကြသည့် တပ်မတော်သား မိသားစုဝင် ကျောင်းသား ကျောင်းသူများကိုလည်း ပြည်ပနိုင်ငံများသို့ လေ့လာရေးခရီးများ စေလွှတ်ပေးလျက်ရှိကြောင်း၊ နိုင်ငံတော်နှင့် တပ်မတော်အနေဖြင့်ပညာရေးကိုအလေးထားမြှင့်တင် ဆောင်ရွက်ပေးလျက်ရှိသကဲ့သို့ အရာရှိ၊ စစ်သည်များအနေဖြင့်လည်း မိမိတို့၏ သားသမီးများ ထူးချွန်မှုရှိစေရေး ပညာရေးကို အားပေးဆောင်ရွက်ပေးကြစေလိုကြောင်း။

မိမိတို့နိုင်ငံ၏ ဖြတ်သန်းလာခဲ့သည့်သမိုင်းကြောင်းအခြေအနေ

*စာမျက်နှာ ၅ သို့*




နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဆံတော်ရှင်မြတ်မော်တင်စေတီတော်ပရိဝုဏ်နှင့် သာသနိကအဆောက်အအုံများအတွင်း ရေဝင်ရေထွက် ကောင်းမွန်စေရေး ဆောင်ရွက်သွားမည့်အခြေအနေများ ကြည့်ရှုစစ်ဆေးစဉ်။

*စာမျက်နှာ ၄ မှ*

များကို လေ့လာသုံးသပ်ကြည့်မည်ဆိုပါက ပညာရေးနှင့်ပတ်သက်၍ အားနည်းချက်များ ရှိခဲ့သည်ကို တွေ့မြင်ရမည်ဖြစ်ပြီး ပညာရေးကို အလေးထားမြှင့်တင်ခြင်းအားဖြင့် နိုင်ငံတော်၏ အနာဂတ်ကို ကောင်းမွန်အောင် ဖော်ဆောင်သွားကြရမည်ဖြစ်ကြောင်း၊ အတန်းပညာရှိမှသာလျှင် အတတ်ပညာနှင့် အသိပညာများ ရရှိနိုင်မည်ဖြစ်ကြောင်း၊ **အတတ်ပညာသည် လူတော်ဖြစ်စေနိုင်ပြီး အသိပညာသည် လူကောင်းဖြစ်စေနိုင်ခြင်းကြောင့် လူတော်လူကောင်းများ ဖြစ်လာစေရေး အတတ်ပညာသာမက အသိပညာများပါကြွယ်ဝသည့်လူသားအရင်းအမြစ်ကောင်းများ ရရှိလာစေရေးဆောင်ရွက်သွားကြရမည်ဖြစ်**ကြောင်း၊ “အမျိုးသားစည်းကမ်းအစ စာသင်ကျောင်းက” ဆိုသည့်အတိုင်း အတန်းပညာများ တက်ရောက်မှုအပေါ်တွင် မူတည်၍ ၎င်းတို့၏ အသိပညာ၊ အတတ်ပညာသိရှိမှုနှင့် စည်းကမ်းလိုက်နာမှုများ ကွာခြားသွားကြသည်ကို တွေ့ရကြောင်း၊ ထို့ကြောင့် ငယ်ရွယ်စဉ်ကလေးဘဝကတည်းက ပညာအား ပြည့်ဝစွာသင်ကြားနိုင်ရေး ဆောင်ရွက်ပေးရန် လိုကြောင်း။

နိုင်ငံရေးသည် ပညာရေးနှင့် ဆက်နွှယ်လျက်ရှိပြီး နိုင်ငံအတွင်း ပညာတတ် လူသားအရင်းအမြစ်များ ပေါကြွယ်ဝမှသာ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် မိမိတို့အနေဖြင့် နိုင်ငံ၏ ပညာရေးကဏ္ဍကို မြှင့်တင်နိုင်ရန်အတွက် KG+9 အဆင့်အထိ မဖြစ်မနေ သင်ကြားနိုင်ရေး ဆောင်ရွက်ပေးနေခြင်းဖြစ်ကြောင်း၊ ပညာရေးသည် နိုင်ငံတော်၏ အနာဂတ်အတွက် အရေးကြီးကြောင်း၊ ထို့ကြောင့် KG+9 အထိ မသင်မနေရ ဆောင်ရွက်နေခြင်းဖြစ်ပြီး နိုင်ငံတော်၏ ပညာရေးကဏ္ဍ အဆင့်မြှင့်တင်နေခြင်းပင် ဖြစ်၍ စဉ်ဆက်မပြတ် ဆက်လက်ဆောင်ရွက်သွားရန်လိုကြောင်း၊ အလားတူ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် စက်မှုပညာများ တတ်ကျွမ်းသည့် လူသားအရင်းအမြစ်များ မွေးထုတ်ပေးနိုင်ရေး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် စက်မှုအခြေခံပညာကျောင်းများကိုလည်း ဖွင့်လှစ်

- ❖ **နယ်စပ်ဒေသများနှင့် တိုင်းရင်းသားဒေသများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ၎င်းဒေသများ၌ တည်ငြိမ်အေးချမ်းမှုရှိရန်နှင့် ပညာတတ်များ ပေါကြွယ်ဝရန် မဖြစ်မနေ လိုအပ်မည်**
- ❖ **ပညာရေးအားနည်းသည့် ဒေသများတွင် ပညာတတ်များ ပေါကြွယ်ဝစေရေး မိမိတို့အနေဖြင့် ပညာရေးအားပေး ဆောင်ရွက်ပေးလျက်ရှိ**

သင်ကြားပေးလျက် ရှိကြောင်း၊ အလားတူ လာမည့်ပညာသင်နှစ်တွင်လည်း Grade– 7 မှ Grade–9 အထိ ကျောင်းသား ကျောင်းသူများအား စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် စက်မှုပညာရပ်များကို အခြေခံအဖြစ်သင်ကြားပေးနိုင်ရန်ဆွေးနွေးဆောင်ရွက်လျက်ရှိကြောင်း၊ နိုင်ငံတည်ငြိမ်အေးချမ်းပြီး တရားဥပဒေစိုးမိုးမှုရှိစေရေး မိမိတို့အနေဖြင့် ဒီမိုကရေစီနည်းလမ်းဖြင့် ဆောင်ရွက်လျက်ရှိကြောင်း၊ တည်ငြိမ်အေးချမ်းပြီး တရားဥပဒေစိုးမိုးမှုရှိမှသာ ပြည်သူများ အလုပ်အကိုင်များ အဆင်ပြေချောမွေ့ပြီး နိုင်ငံဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း။

**နိုင်ငံရေးနှင့် ပတ်သက်၍ နိုင်ငံတော်အနေဖြင့် အိမ်နီးချင်းနိုင်ငံများနှင့် နယ်နိမိတ်သဘောတူညီချက်များ ထားရှိပြီးဖြစ်ကြောင်း၊** နယ်စပ်ဒေသများနှင့် တိုင်းရင်းသားဒေသများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ၎င်းဒေသများ၌ တည်ငြိမ်အေးချမ်းမှုရှိရန်နှင့် ပညာတတ်များ ပေါကြွယ်ဝရန် မဖြစ်မနေလိုအပ်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် ပညာရေးအားနည်းသည့် ဒေသများတွင် ပညာတတ်များ ပေါကြွယ်ဝစေရေး မိမိတို့အနေဖြင့် ပညာရေးအားပေး ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ တိုင်းရင်းသား အခွင့်အရေးများ ရရှိအောင် ပညာရည်မြှင့်တင်ခြင်း လုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိသကဲ့သို့ ဒေသဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများကိုလည်း ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ တိုင်းရင်းသားများအနေဖြင့် တိုင်းရင်းသားအခွင့်အရေး၊ ဒီမိုကရေစီအခွင့်အရေးကို မှန်မှန်ကန်ကန် ရှုမြင်သုံးသပ်နိုင်ရေး ဆောင်ရွက် ပေးသွားကြရမည်ဖြစ်ကြောင်း၊ နောင်တက်လာမည့် အစိုးရလက်ထက်တွင်လည်း အဆိုပါ ပညာရည်မြှင့်မားရေး လုပ်ငန်းများကို ဆက်လက်ဆောင်ရွက်သွားရန် လိုကြောင်း၊ နိုင်ငံကို ဒီမိုကရေစီလမ်းကြောင်းပေါ်၌ တည်ငြိမ်အေးချမ်းစွာဖြင့် လျှောက်လှမ်းနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း။

ဟိုင်းကြီးကျွန်း ဒေသသည် ဝေးလံသည့်ဒေသတွင် တည်ရှိကြောင်း၊ ထို့ကြောင့် မိမိတို့၏ စားရေးကို တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုစေမည့် တပ်ပိုင်နှင့် တစ်ပိုင်တစ်နိုင် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို အောင်မြင်အောင် ဆောင်ရွက်ကြစေလိုကြောင်း၊ တပ်မတော်သားများ၏ သက်သာချောင်ချိရေးအတွက် တပ်မတော်အနေဖြင့် ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိကြောင်း၊ မိမိတို့ဘဝကို ထိခိုက်စေနိုင်သည့် အသောက်အစား အပျော်အပါးများကို တတ်နိုင်သမျှ ရှောင်ကြဉ်ကြရန်လိုကြောင်း၊ နေ့စဉ်ဆောင်ရွက်ရမည့် သမားစဉ်လုပ်ငန်းများသည် တပ်မတော်၏ ကောင်းမွန်သည့် အလေ့အကျင့်ကောင်းများဖြစ်သဖြင့် မိမိကိုယ်တိုင်နှင့် မိမိတို့၏ မိသားစုများကိုလည်း ကောင်းမွန်သည့် အလေ့အကျင့်များဖြစ်အောင် ဆောင်ရွက်ပေးကြစေလိုကြောင်း ပြောကြားသည်။

ယင်းနောက် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်သည် တက်ရောက်လာကြသည့် အရာရှိ၊ စစ်သည်၊ မိသားစုများ၏ လိုအပ်ချက်များအား မေးမြန်းဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အရာရှိ၊ စစ်သည်၊ မိသားစုများအတွက် စားသောက်ဖွယ်ရာပစ္စည်းများကို ပေးအပ်ရာ တပ်နယ်မှူးက လက်ခံရယူသည်။

ထို့နောက် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် ဟိုင်းကြီးကျွန်းမြို့အတွင်း မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုခဲ့ပြီး သမိုင်းဝင် မဟာမကုဋ္ဌရုံသီ ဆံတော်ရှင်မြတ်မော်တင် စေတီတော်မြတ်ကြီးသို့ ရောက်ရှိကြရာ ဂေါပကအဖွဲ့ဝင်များနှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

ယင်းနောက် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် စေတီတော်ကြီးအား မြသပိတ် ဆွမ်းတော်၊ သစ်သီးပန်းမန်နှင့် သောက်တော်ရေချမ်းတို့ကို ကပ်လှူပူဇော်ပြီး လက်ယာရစ်လှည့်လည် ဖူးမြော်ကြည်ညိုသည်။ ယင်းနောက် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်သည် စေတီတော် ရင်ပြင်တော်တိုးချဲ့ခြင်း၊ ပြုပြင်မွမ်းမံတည်ဆောက်ခြင်း လုပ်ငန်းဆောင်ရွက်ခဲ့မှု အခြေအနေများအား ကြည့်ရှုစစ်ဆေးခဲ့ပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် စေတီတော်ပရိဝုဏ်နှင့် သာသနိကအဆောက်အအုံများအတွင်း ရေဝင်ရေထွက် ကောင်းမွန်စေရေးနှင့် သန့်ရှင်းသပ္ပာယ်ကြည်ညိုဖွယ်ဖြစ်စေရေး ဆောင်ရွက်သွားရန်၊ တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ရာ၌ ရာသီဥတုဒဏ်ခံနိုင်မှု ရှိစေရေး စနစ်တကျ တွက်ချက်ဆောင်ရွက်သွားရန်၊ ဘုရားဖူးလာ မိဘပြည်သူများ အဆင်ပြေစွာဖြင့် တည်းခိုနေထိုင်နိုင်ရေး စီမံဆောင်ရွက်ပေးသွားရန်နှင့် အခြားလိုအပ်သည်များကို လမ်းညွှန်မှာကြားသည်။

ဆက်လက်၍ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က စေတီတော်ကြီးအတွက် ဘက်စုံအလှူတော်ငွေများကို ပေးအပ်လှူဒါန်းရာ ဂေါပကအဖွဲ့ဝင်များက လက်ခံရယူခဲ့ကြပြီး ဓမ္မလက်ဆောင်ပြန်လည် ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဆံတော်ရှင်မြတ်မော်တင်စေတီတော်ရင်ပြင်တော်တိုးချဲ့ခြင်း၊ ပြုပြင်မွမ်းမံတည်ဆောက်ခြင်းလုပ်ငန်းဆောင်ရွက်ခဲ့မှု အခြေအနေများ ကြည့်ရှုစစ်ဆေးစဉ်။



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် သာပေါင်းမြို့ရှိ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့မိမြို့ဖများအား ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများ ဆွေးနွေးပြောကြားစဉ်။

# ဒီမိုကရေစီလမ်းကြောင်းပေါ်တွင် ဆက်လက်လျှောက်လှမ်းလိုသူ ပြည်သူများအနေဖြင့် ရွေးကောက်ပွဲကျင်းပချိန်တွင် ဆန္ဒမဲများ ပေးကြရန်လိုပြီး ရွေးကောက်ပွဲမှတစ်ဆင့် ဒေသနှင့် နိုင်ငံ့အကျိုးဆောင်ရွက်ရန် အတွေ့အကြုံရှိသည့်သူများကို ရွေးချယ်

**နေပြည်တော် ဇန်နဝါရီ ၉**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ဧရာဝတီတိုင်းဒေသကြီး သာပေါင်းမြို့ရှိ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ရပ်မိရပ်ဖများအား ယနေ့မွန်းလွဲပိုင်းတွင်တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများအား ဆွေးနွေးပြောကြားသည်။

အဆိုပါတွေ့ဆုံပွဲအခမ်းအနားသို့ ကော်မရှင်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ပြည်ထောင်စုဝန်ကြီးများ၊ ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်း၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ အနောက်တောင်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊ သာပေါင်းမြို့ရှိ မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ရပ်မိရပ်ဖများနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။

ဦးစွာ ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ်က သာပေါင်းမြို့နယ်၏ ဒေသဆိုင်ရာ အချက်အလက်များ၊ စိုက်ပျိုးရေးမွေးမြူရေးလုပ်ငန်းများဆောင်ရွက်မှုနှင့် ဒေသဝမ်းစာဖူလုံမှုအခြေအနေများ၊ မြေနိမ့်ကော်ဖီ(ရိုဘက်စတာမျိုး)များ စမ်းသပ်စိုက်ပျိုးလျက်ရှိမှုနှင့် မျိုးစေ့ထုတ်လုပ်ငန်းများဆောင်ရွက်လျက်ရှိမှုအခြေအနေများ၊ မျိုးစေ့ချက်ကိရိယာများ လိုအပ်လျက်ရှိမှု၊ စိုက်ပျိုးရေးတောင်သူများအတွက် နိုင်ငံ့စီးပွားရေးရန်ပုံငွေများ ထုတ်ချေးပေးပြီး သွင်းအားစုများရရှိအောင် ဆောင်ရွက်ပေးလျက်ရှိမှု၊ ပတ်ဝန်းကျင်စိမ်းလန်းစိုပြည်သာယာလှပစေရေး သစ်ပင်သစ်တောများ စိုက်ပျိုးထူထောင်ခဲ့မှု၊ လျှပ်စစ်ဓာတ်အားများ လုံလောက်စွာရရှိရေး ဆောင်ရွက်လျက်ရှိမှု၊ MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်လျက်ရှိမှု၊ ပညာရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ပေးလျက်ရှိမှု၊ ကျန်းမာရေးကဏ္ဍ၊ အားကစားကဏ္ဍများဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ပေးလျက်ရှိမှုအခြေအနေများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် မြို့မိမြို့ဖများက သာပေါင်းမြို့နယ်အတွင်း လမ်းပန်းဆက်သွယ်မှုများ ပိုမိုကောင်းမွန်စေရေးဆောင်ရွက်ပေးစေလိုမှု၊ သာပေါင်းမြို့အတွင်း ယာဉ်ရပ်နားစခန်း တည်ဆောက်ပေးစေလိုမှုများကို ရှင်းလင်းတင်ပြသည်။

> ❖ **သာပေါင်းမြို့နယ်အတွင်း ဆီထွက်သီးနှံများ စိုက်ပျိုးဖြစ်ထွန်းအောင်မြင်နိုင်မည်ဆိုပါက နှမ်း၊ မြေပဲ၊ နေကြာ၊ ပဲပုပ် စသည့် ဆီထွက်သီးနှံများကို တိုးချဲ့စိုက်ပျိုးသွားကြစေလို၊ ထိုသို့စိုက်ပျိုးခြင်းဖြင့် ဒေသတွင်း ဆီဖူလုံမှုတိုးတက်လာမည်ဖြစ်ပြီး ပြည်တွင်းဆီဖူလုံမှုကို များစွာအထောက်အကူပြုစေနိုင်မည်**

ယင်းနောက် ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးမင်းနောင်၊ ဒေါက်တာ ချာလီသန်းတို့က သာပေါင်းမြို့နယ်အတွင်း စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ တိုးတက်စေရေးအတွက် လိုအပ်သည်များကို စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ အကူအညီများတောင်းခံနိုင်မှု၊ မြေနိမ့်ကော်ဖီ (ရိုဘက်စတာမျိုး) များ စိုက်ပျိုးဖြစ်ထွန်းသဖြင့် ဥယျာဉ်ခြံမြေများ၌ အောင်မြင်စွာစိုက်ပျိုးဖြစ်ထွန်းနိုင်မှု၊ အရည်အသွေးမီသည့် မျိုးကောင်းမျိုးသန့်များကို ဈေးနှုန်းသက်သာစွာဖြင့် ဖြန့်ဖြူးပေးလျက်ရှိမှု၊ အသား၊ ငါးထုတ်လုပ်မှုနှင့်ပတ်သက်၍ တိုးချဲ့ဆောင်ရွက်လိုပါက နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေများ ထုတ်ချေးပေးသွားမည့်အခြေအနေများ၊ လယ်ယာမြေများအား ပြဋ္ဌာန်းထားသည့် ဥပဒေ၊ စည်းမျဉ်းစည်းကမ်းများနှင့်အညီ အသုံးပြုရန်လိုအပ်မှု၊ MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရင်းနှီးမတည်ငွေများ၊ နည်းပညာများ၊ သွင်းအားစုများကို ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိမှုအခြေအနေများနှင့်ပတ်သက်၍ ဆွေးနွေးပြောကြားကြသည်။

### ဆီထွက်သီးနှံ တိုးချဲ့စိုက်ပျိုး

ဆက်လက်၍ နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌက သာပေါင်းမြို့နယ်သည် စိုက်ပျိုးမွေးမြူရေးထုတ်ကုန်ထုတ်လုပ်ခြင်းကို အဓိကထားသည့်ဒေသတစ်ခုဖြစ်ကြောင်း၊ ဆန်ကိုအဓိကတင်ပို့ရောင်းချကြပြီး ကျေးလက်နေပြည်သူ ၈၀ ရာခိုင်နှုန်းခန့်ရှိပြီး မြို့နေပြည်သူ ၂၀ ရာခိုင်နှုန်းခန့်ရှိသည်ကို တွေ့ရှိရကြောင်း၊ ထို့ကြောင့် ကျေးလက်ကိုအခြေခံသည့် စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရန် ပိုမိုလိုအပ်သည်ကိုတွေ့ရကြောင်း၊ ဒေသမှစိုက်ပျိုးထုတ်လုပ်သည့်ဆန်များကို တန်ဖိုးမြင့်သည့် ဆန်များထုတ်လုပ်နိုင်ရန်လိုကြောင်း၊ အခြေအနေပေးသည့်နေရာများတွင် တန်ဖိုးမြင့်ဆန်ဖြစ်သည့် ပေါ်ဆန်းမွှေးဆန်များကို စိုက်ပျိုးထုတ်လုပ်နိုင်ခြင်းဖြင့် တောင်သူတစ်ဦးချင်း၏ဝင်ငွေများ တိုးတက်လာမည်ဖြစ်ပြီး ဒေသတွင်း ငွေကြေးစီးဆင်းလည်ပတ်မှုများကိုလည်း တိုးတက်ကောင်းမွန်လာစေမည်ဖြစ်ကြောင်း၊ သာပေါင်းမြို့နယ်အတွင်း ဆီထွက်သီးနှံများစိုက်ပျိုးဖြစ်ထွန်းအောင်မြင်နိုင်မည်ဆိုပါက နှမ်း၊ မြေပဲ၊ နေကြာ၊ ပဲပုပ် စသည့် ဆီထွက်သီးနှံများကို တိုးချဲ့စိုက်ပျိုးသွားကြစေလိုကြောင်း၊ ထိုသို့စိုက်ပျိုးခြင်းဖြင့် ဒေသတွင်းဆီဖူလုံမှုတိုးတက်လာမည်ဖြစ်ပြီး ပြည်တွင်းဆီဖူလုံမှုကို များစွာအထောက်အကူပြုစေနိုင်မည်ဖြစ်ကြောင်း။

စိုက်ပျိုးရေးလုပ်ငန်းများ တိုးတက်စေရေးအတွက် မျိုးကောင်းမျိုးသန့်များ ရရှိရန်၊ စိုက်ပျိုးရန်ကောင်းမွန်သည့် မြေအမျိုးအစားဖြစ်စေရေး မြေပြုပြင်ခြင်းလုပ်ငန်းများကို ဆောင်ရွက်ရန်နှင့် သွင်းအားစုများထည့်သွင်းရန်၊ စိုက်ပျိုးရေမျာ းလုံလောက်စွာရရှိစေရေး လျှပ်စစ်မြစ်ရေတင်လုပ်ငန်းများဖြင့် ဆောင်ရွက်ရန်နှင့် နည်းစနစ်တကျ စိုက်ပျိုးရန် စသည့် မျိုး၊ မြေ၊ ရေ၊ နည်း လေးမျိုးစလုံး ပြည့်စုံအောင် ဆောင်ရွက်ရန်လိုကြောင်း၊ သာပေါင်းဒေသတွင် ဝါးများစွာထွက်ရှိသဖြင့် ဝါးကိုအခြေခံသည့် စီးပွားရေးကို ဆောင်ရွက်သွားနိုင်ရန်အတွက် ဝါးကိုတန်ဖိုးမြှင့်ပစ္စည်းများအဖြစ် ထုတ်လုပ်နိုင်ရေး ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။

### ကျေးလက်ပညာရည် မြင့်မားရေးဆောင်ရွက်

မွေးမြူရေးနှင့်ပတ်သက်၍ ဒေသအတွင်း အသား၊ ငါးနှင့် ဥများလုံလောက်စွာ ရရှိရေး မွေးမြူရေးလုပ်ငန်းများကို ဆောင်ရွက်သွားရန်လိုကြောင်း၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများ ပိုမိုတိုးတက်အောင် ဆောင်ရွက်နိုင်ရန်အတွက် စိုက်ပျိုးရေးနှင့် မွေးမြူရေးအတတ်ပညာရှင် ပညာတတ်လူသားအရင်းအမြစ်များ လိုအပ်သဖြင့် ကျေးလက်ပညာရည်မြင့်မားစေရေးကို ဆောင်ရွက်ပေးသွားရန်လိုကြောင်း၊ ဒေသအတွင်း ပညာတတ်လူသားအရင်းအမြစ်များ ပေါ်များကြွယ်ဝလာမှသာ ဒေသဖွံ့ဖြိုးတိုးတက်ရေးကို များစွာအထောက်အကူပြုစေမည်ဖြစ်ကြောင်း။

မိမိတို့နိုင်ငံဖြတ်သန်းခဲ့ရသည့် သမိုင်းကြောင်းတစ်လျှောက်၌ ကြုံတွေ့ခဲ့ရသည့် အရေးအခင်းများ၊ ပဋိပက္ခများ၊ ဆူပူမှုများ၏ အကြောင်းရင်းကိုကြည့်မည်ဆိုပါက အသိပညာ၊ အတတ်ပညာ အားနည်းသည့် အခြေခံအချက်ဖြစ်သည်ကို တွေ့ရကြောင်း၊ အဆိုပါအချက်ကိုအသုံးချ၍ ပြည်တွင်း၊ ပြည်ပမှ သွေးထိုးလှုံ့ဆော်မှုများကြောင့် ပြည်တွင်းပဋိပက္ခများ ဖြစ်ပွားခဲ့သည်ကိုတွေ့ရကြောင်း၊ ထို့ကြောင့် မိမိတို့အနေဖြင့် နိုင်ငံတော်အတွင်း ပညာတတ်လူသားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်လာစေရေး ပညာရေးကဏ္ဍကို မြှင့်တင်ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ သာပေါင်းဒေသတွင် နေထိုင်ကြသည့် မြို့မိမြို့ဖများနှင့် ဒေသခံပြည်သူများကလည်း ဒေသဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြုစေမည့် ပညာရေးကဏ္ဍမြှင့်တင်ခြင်းကို အားပေးဆောင်ရွက်သွားကြရန်လိုကြောင်း။

### အာဟာရပြည့်ဝစွာစားသုံး

မိမိတို့နိုင်ငံသည် စိုက်ပျိုးရေးနှင့်မွေးမြူရေးကို အခြေခံသည့် စီးပွားရေးကို ဆောင်ရွက်နေသောနိုင်ငံဖြစ်သဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် စက်မှုအခြေခံပညာ အထက်တန်းကျောင်းများကို ခရိုင်များအလိုက် ဖွင့်လှစ်သင်ကြားပေးလျက်ရှိကြောင်း၊ သာပေါင်းဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ဒေသတွင် နေထိုင်ကြသည့်သူများကပင် ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ပြီး အစိုးရအနေဖြင့်လည်း လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ ကျန်းမာရေးနှင့်ပတ်သက်၍လည်း တစ်ဦးချင်း ကျန်းမာကြံ့ခိုင်သန်စွမ်းမှုရှိစေရေးအတွက် ကျန်းမာရေးနှင့်ညီညွတ်မျှတသည့် စားသောက်နေထိုင်သွားလာမှုရှိရမည်ဖြစ်ကြောင်း၊ ငယ်စဉ်အခါတွင် ကိုယ်ခန္ဓာကြံ့ခိုင်ဖွံ့ဖြိုးကြီးထွားစေရေးအတွက် အာဟာရပြည့်ဝသည့် အစားအစာများကို စားသုံးရမည်၊ လူလတ်ပိုင်းနှင့်လူကြီးပိုင်းအရွယ်တွင် ကျန်းမာကြံ့ခိုင်ရေးအတွက် ကျန်းမာရေးအတွက် ညီညွတ်မျှတစေမည့် အစားအစာများကို စားသုံးကြရန်လိုကြောင်း။

*စာမျက်နှာ ၇ သို့*






နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်အား မြန်မာစီးပွားရေးကော်ပိုရေးရှင်း စက္ကူစက်ရုံ(သာပေါင်း) ရှင်းလင်းဆောင်၌ တာဝန်ရှိသူများက ရှင်းလင်းတင်ပြစဉ်။

# စက္ကူထုတ်လုပ်မှုလုပ်ငန်းများ အောင်မြင်အောင် ဆောင်ရွက်ခြင်းဖြင့် ပြည်ပမှတင်သွင်းမှုများကို လျှော့ချနိုင်မည်ဖြစ်ပြီး နိုင်ငံခြားငွေ သုံးစွဲမှုများကိုလည်း လျှော့ချနိုင်မည်

**နေပြည်တော် ဇန်နဝါရီ ၉**

နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် သည် ခရီးစဉ်တွင် လိုက်ပါလာသည့် အဖွဲ့ဝင်များလိုက်ပါ၍ ယနေ့ ညနေပိုင်းတွင် မြန်မာစီးပွားရေးကော်ပိုရေးရှင်း စက္ကူစက်ရုံ (သာပေါင်း)သို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

## ရှင်းလင်းတင်ပြ

ဦးစွာ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်အား တာဝန်ရှိသူများက စက်ရုံရှင်းလင်းဆောင်ခန်းမ၌ စက်ရုံသမိုင်းအကျဉ်း၊ နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ၏ လမ်းညွှန်မှာကြားချက်များအား လိုက်နာဆောင်ရွက်ပြီးစီးမှု၊ စက်ရုံဆိုင်ရာအချက်အလက်များနှင့် ဝန်ထမ်းများ ခန့်အပ်ထားရှိမှု၊ ဘဏ္ဍာရေးနှစ်အလိုက် ဝင်ငွေ၊ အသုံးစရိတ်နှင့် အမြတ်/အရှုံး နှိုင်းယှဉ်မှု၊ သတင်းစာစက္ကူများ ထုတ်လုပ်ခဲ့မှုနှင့် ဖြန့်ဖြူးရောင်းချမှု၊ တန်(၆၀) သတင်းစာစက္ကူစက်ရုံတွင် သတင်းစာထုတ်လုပ်မှုလုပ်ငန်းစဉ်များနှင့် ထုတ်လုပ်ဖြန့်ဖြူးလျက်ရှိမှု၊ တန် (၅၀) အဆင့်မြင့်စက္ကူစက်ရုံတွင် အဆင့်မြင့်စက္ကူထုတ်လုပ်မှုလုပ်ငန်းစဉ်များနှင့် စမ်းသပ်ထုတ်လုပ်နေမှု၊ တန် (၆၀) ဝါးပျော့ဖတ်စက်ရုံတွင် ဝါးပျော့ဖတ်များ စမ်းသပ်ထုတ်လုပ်လျက်ရှိမှု၊ တန် (၄၀) လောင်စာတောင့်စက်ရုံတွင် လောင်စာတောင့်များထုတ်လုပ်မှုလုပ်ငန်းစဉ်များနှင့် ထုတ်လုပ်နေမှု၊ ရည်မှန်းချက်တာဝန်များကို ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်သွားမည့် အခြေအနေများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြကြသည်။

## အရည်အသွေးကောင်း စက္ကူများထုတ်လုပ်

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က နိုင်ငံတော်အနေဖြင့် ပြည်တွင်းလိုအပ်ချက်ရှိနေသည့်စက္ကူအမျိုးမျိုးကို နှစ်စဉ်ပြည်ပမှ တင်သွင်းနေရကြောင်း၊ သို့ဖြစ်၍ စက္ကူထုတ်လုပ်မှုလုပ်ငန်းများ အောင်မြင်အောင် ဆောင်ရွက်ခြင်းအားဖြင့် ပြည်ပမှ တင်သွင်းမှုများကို လျှော့ချနိုင်မည်ဖြစ်ပြီး နိုင်ငံခြားငွေသုံးစွဲမှုများကိုလည်း လျှော့ချနိုင်မည်ဖြစ်ကြောင်း၊ စက်မှုကုန်ကြမ်းများဖြစ်သည့် သစ်၊ ဝါးများ လိုအပ်မှုကို ဖြည့်တင်းပေးနိုင်ရန် သစ်၊ ဝါးများစိုက်ပျိုးခြင်းအားဖြင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းမှုကို အထောက်အကူဖြစ်စေပြီး ဒေသခံပြည်သူများအတွက် အလုပ်အကိုင်အခွင့်အလမ်းများကိုလည်း ဖန်တီးပေးနိုင်မည်ဖြစ်ကြောင်း၊ စက္ကူထုတ်လုပ်ရန်အခြေခံလိုအပ်ချက်ဖြစ်သည့် ပျော့ဖတ်ရရှိရေးသည် အရေးကြီးပြီး အရည်အသွေးကောင်းမွန်သည့် စက္ကူများထုတ်လုပ်နိုင်ရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားကြရန် လိုကြောင်းနှင့် အခြားလိုအပ်သည်များကို လမ်းညွှန်မှာကြားသည်။

## ကြည့်ရှုစစ်ဆေး

ထို့နောက် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် ဝါးပျော့ဖတ်ထုတ်လုပ်ရေးစက်ရုံ၌ ဝါးကုန်ကြမ်းများအား အဆင့်ဆင့်ကြိတ်ခွဲခြင်း၊ ရေနွေးငွေ့ဖြင့် ပေါင်းခံခြင်း၊ အရောင်ချွတ်ခြင်းလုပ်ငန်းများနှင့် ပျော့ဖတ်ရရှိလာမှုလုပ်ငန်းစဉ်အဆင့်ဆင့် ဆောင်ရွက်နေမှုအခြေအနေတို့ကိုလည်းကောင်း၊ တန် (၅၀) အဆင့်မြင့်စက္ကူစက်ရုံတွင် အဆင့်မြင့်စက္ကူထုတ်လုပ်မှုလုပ်ငန်းစဉ်အဆင့်ဆင့်နှင့် ထုတ်လုပ်ထားသည့် အဆင့်မြင့်စက္ကူများကိုလည်းကောင်း၊ တန် (၆၀) သတင်းစာစက္ကူစက်ရုံတွင် သတင်းစာစက္ကူထုတ်လုပ်နေမှု လုပ်ငန်းစဉ်အဆင့်ဆင့်ကိုလည်းကောင်း၊ စွမ်းအင်လောင်စာတောင့်စက်ရုံတွင် လောင်စာတောင့်ထုတ်လုပ်နေမှု အဆင့်ဆင့်ကိုလည်းကောင်း စက်ရုံတစ်ခုချင်းစီအလိုက် အသီးသီးလိုက်လံကြည့်ရှုစစ်ဆေးခဲ့ပြီး တာဝန်ရှိသူများ၏တင်ပြချက်များအပေါ် လိုအပ်သည်များ လမ်းညွှန်မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အဆင့်မြင့်စက္ကူထုတ်လုပ်မှုကို ကြည့်ရှုစစ်ဆေးစဉ်။



နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် လောင်စာတောင့်ထုတ်လုပ်မှုကို ကြည့်ရှုစစ်ဆေးစဉ်။

---

*စာမျက်နှာ ၆ မှ*

မိမိတို့အနေဖြင့် နိုင်ငံတော်ကို ဒီမိုကရေစီလမ်းကြောင်းပေါ်တွင် ဆက်လက်လျှောက်လှမ်းနိုင်ရေးအတွက် ရွေးကောက်ပွဲအပိုင်း(၁)ကို ၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ၂၈ ရက်နေ့တွင် ကျင်းပပြုလုပ်ခဲ့ပြီး အပိုင်း(၂) နှင့် အပိုင်း(၃)ကို မကြာမီအချိန်အတွင်း ဆက်လက် ကျင်းပပြုလုပ်သွားမည်ဖြစ်ကြောင်း၊ ဆန္ဒမဲပေးရာတွင် ဒေသအကျိုး၊ နိုင်ငံ၏အကျိုးကို သယ်ပိုးဆောင်ရွက်နိုင်သူ၊ ဒို့တာဝန်အရေးသုံးပါးကို လိုက်နာစောင့်ထိန်းနိုင်သူ၊ နိုင်ငံတည်ရှိနေသရွေ့ တည်တံ့ခိုင်မြဲစွာတည်ရှိနေမည့် တပ်မတော်နှင့် လက်တွဲ၍ နိုင်ငံတော်၏ ကောင်းရာကောင်းကျိုးကိုဆောင်ရွက်နိုင်မည့် ကိုယ်စားလှယ်လောင်းများကိုရွေးချယ်၍ ဆန္ဒမဲပေးနိုင်ရန်လိုကြောင်း၊ ရွေးကောက်ပွဲအပိုင်း(၁) ကျင်းပချိန်တွင် နိုင်ငံတကာမှ စောင့်ကြည့်လေ့လာရေးအဖွဲ့များ လာရောက်လေ့လာခဲ့ပြီး ကောင်းမွန်သည့် သုံးသပ်ချက်များရရှိခဲ့ကြောင်း၊ နိုင်ငံတော်ကို ဒီမိုကရေစီလမ်းကြောင်းပေါ်တွင် ဆက်လက်လျှောက်လှမ်းလိုသူ ပြည်သူများအနေဖြင့် ရွေးကောက်ပွဲကျင်းပချိန်တွင် ဆန္ဒမဲများပေးကြရန်လိုကြောင်း၊ ရွေးကောက်ပွဲမှတစ်ဆင့် ကောင်းမွန်သည့်သူ၊ ပညာတတ်သည့်သူ၊ ဒေသနှင့် နိုင်ငံ့အကျိုးဆောင်ရွက်ရန်အတွက် အတွေ့အကြုံရှိသည့်သူများကို ရွေးချယ်နိုင်ကြရန်လိုကြောင်း ပြောကြားသည်။

ထို့နောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌသည် တွေ့ဆုံပွဲအခမ်းအနားသို့ တက်ရောက်လာကြသည့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့မိမြို့ဖများနှင့် ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# Polytechnic University (MYITKYINA) ဖွင့်လှစ်ခြင်းဖြင့် ဒေသအကျိုးပြု စာတွေ့လက်တွေ့မျှတသော သင်ကြားသင်ယူမှုများဆောင်ရွက်နိုင်သည့်အပြင် အသိပညာမျှဝေခြင်း အကျိုးကျေးဇူးများပါရရှိမည်

**မြစ်ကြီးနား ဇန်နဝါရီ ၉**

မြစ်ကြီးနားမြို့၌ ရောက်ရှိနေသည့် နိုင်ငံတော်သမ္မတရုံးဝန်ကြီးဌာန(၁) ပြည်ထောင်စုဝန်ကြီး ဦးတင်အောင်စန်းသည် ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးမောင်မောင်အုန်း၊ ဦးလှမိုး၊ ဦးညဏ်ထွန်း၊ ဦးချစ်ဆွေ၊ ဒေါက်တာချောချောစိန်၊ ဒေါက်တာမျိုးသိန်းကျော်၊ Jeng Phang နော်တောင်၊ အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ ဗဟိုအကြံပေးအဖွဲ့ဝင်များနှင့်အတူ ယနေ့မွန်းလွဲပိုင်းတွင် Polytechnic University (MYITKYINA) ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ကြသည်။

**ဖဲကြိုးဖြတ်ဖွင့်လှစ်**

ဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးတင်အောင်စန်း၊ ဦးမောင်မောင်အုန်း၊ ဦးညဏ်ထွန်း၊ ဒေါက်တာချောချောစိန်၊ ဒေါက်တာ မျိုးသိန်းကျော်၊ ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်နှင့် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ ဗဟိုအကြံပေးအဖွဲ့ခေါင်းဆောင် ဦးစောထွန်းအောင်မြင့်တို့က Polytechnic University (MYITKYINA) ဖွင့်ပွဲ အခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် အခမ်းအနားတက်ရောက်လာကြသည့် တိုင်းရင်းသား တိုင်းရင်းသူများ၊ ကျောင်းသား ကျောင်းသူများ၊ ပါမောက္ခချုပ်နှင့် ပါမောက္ခဌာနမှူးများ၊ ဆရာ ဆရာမများနှင့် စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ယင်းနောက် အခမ်းအနားအစီအစဉ်ဒုတိယပိုင်းကို ဘွဲ့နှင်းသဘင်ခန်းမ၌ ဆက်လက်ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဦးတင်အောင်စန်းက မြန်မာနိုင်ငံတွင် နည်းပညာနှင့် ကွန်ပျူတာတက္ကသိုလ်ကျောင်းပေါင်း ၆၁ ကျောင်းရှိပြီး ဗန်းမော်၊ လားရှိုး၊ ပင်လုံ၊ ကျိုင်းတုံ၊ ထားဝယ်၊ မြိတ်၊ မအူပင်တို့တွင်ရှိသည့် နည်းပညာနှင့် ကွန်ပျူတာတက္ကသိုလ်များကိုပေါင်းစည်းကာ Polytechnic University များအဖြစ် ဖွင့်လှစ်ထားရှိပြီးဖြစ်ကြောင်း၊ နေပြည်တော်၌ Naypyitaw State Polytechnic University ကိုလည်း ဖွင့်လှစ်ပေးခဲ့ပြီးဖြစ်ပါကြောင်း၊ ယခုဖွင့်လှစ်သည့် ကချင်ပြည်နယ် နည်းပညာတက္ကသိုလ် (မြစ်ကြီးနား) ကို Polytechnic University အဖြစ် (၉)ကျောင်းမြောက် ဖွင့်လှစ်ခွင့်ရသည့်အတွက် ဂုဏ်ယူဝမ်းမြောက်ပါကြောင်း။

**အကျိုးကျေးဇူးများရရှိမည်**

Polytechnic University ဖွင့်လှစ်ခြင်းဖြင့် ဒေသအကျိုးပြု စာတွေ့လက်တွေ့မျှတသော သင်ကြားသင်ယူမှုများဆောင်ရွက်နိုင်သည့်အပြင် အသိပညာမျှဝေခြင်းကို အကောင်အထည်ဖော်နိုင်မည့် အခွင့်အလမ်းကောင်းများရရှိခံစားရမည့် အကျိုးကျေးဇူးများ ရရှိမည်ဖြစ်ပါကြောင်း။

မျက်မှောက် ၂၁ ရာစုသည် ပညာခေတ်ဖြစ်သည်နှင့်အညီ သိပ္ပံနှင့် နည်းပညာများ အရှိန်အဟုန်ဖြင့် တိုးတက်လာသည့်အတွက် ပညာမဏ္ဍိုင်ကြံ့ခိုင်မှသာ မိမိတို့နိုင်ငံတော်ကို ခေတ်မီဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်နိုင်မည်ဖြစ်ပါကြောင်း၊ ပညာရေးကို အခြေခံပြီး ကာယ၊ ဉာဏ၊ ဘောဂ၊ စာရိတ္တနှင့် မိတ္တဟူသည့် ဗလငါးတန်ကို ပြည့်စုံအောင် ဖြည့်ဆည်းကြရမည့်အပြင် မိမိတို့ဒေသ၊ မိမိတို့နိုင်ငံကို အကျိုးပြုမည့် လက်တွေ့ကျသော လေ့ကျင့်သင်ကြားမှုများအပြင် လက်တွေ့လုပ်ငန်းခွင့်နှင့် ချိတ်ဆက်သင်ကြားပေးမည့် Polytechnic University (MYITKYINA) ကိုလည်း ဖွံ့ဖြိုးတိုးတက်ပြီး ရေရှည်တည်တံ့အောင် အဘက်ဘက်မှ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ပေးကြစေလိုကြောင်း ပြောကြားသည်။




ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိန်းကျော်က Polytechnic University (MYITKYINA) ဖွင့်လှစ်ရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က Polytechnic University (MYITKYINA) ဖွင့်လှစ်ခြင်း အထိမ်းအမှတ်အဖြစ် အမှတ်တရလက်ဆောင်ပစ္စည်းများ ပေးအပ်သည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် တက်ရောက်လာကြသူများနှင့်အတူ Polytechnic University မြို့ပြအင်ဂျင်နီယာဌာန၊ အီလက်ထရောနစ်အင်ဂျင်နီယာဌာန၊ လျှပ်စစ်စွမ်းအား အင်ဂျင်နီယာဌာန၊ စက်မှုအင်ဂျင်နီယာဌာနတို့မှ ကျောင်းသား ကျောင်းသူများက ခင်းကျင်းပြသထားသည့် ပြခန်းများကို စိတ်ဝင်တစား လှည့်လည်ကြည့်ရှုကြသည်။

Polytechnic University (MYITKYINA) ကို နိုင်ငံနှင့် ဒေသအကျိုးပြု အရည်အသွေးပြည့်ဝသည့် အင်ဂျင်နီယာနှင့် ကွန်ပျူတာပညာရှင်များ မွေးထုတ်နိုင်ရန် ဘွဲ့သင်တန်းခြောက်မျိုးကို ဖွင့်လှစ်သင်ကြားလျက်ရှိပြီး နှစ်စဉ် နည်းပညာကျောင်းသား ၁၆၀ နှင့် ကွန်ပျူတာကျောင်းသား ၁၂၀ စုစုပေါင်း ၂၈၀ ကို လက်ခံခေါ်ယူ၍ ပညာသင်နှစ်အလိုက် နည်းပညာကျောင်းသား ၈၀၀ နှင့် ကွန်ပျူတာကျောင်းသား ၄၈၀ စုစုပေါင်း ၁၂၈၀ တက်ရောက်ပညာသင်ကြားနိုင်စေရန် ရည်ရွယ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# မြန်မာ့ဆိပ်ကမ်းအာဏာပိုင်ပြခန်းကို လာရောက်လေ့လာသူများအနေဖြင့် သမိုင်းကြောင်းတစ်ခုလုံးကို တစ်ခဏအတွင်း လေ့လာခွင့်ရရှိနိုင်

**ရန်ကုန် ဇန်နဝါရီ ၉**

၁၇၅၅ ခုနှစ် အလောင်းမင်းတရားကြီး ဦးအောင်ဇေယျ ဒဂုံကို သိမ်းပိုက်ပြီး ရန်အပေါင်းကုန်စင်သော ရန်ကုန်ဟု ခေါ်ဝေါ်သမုတ်ခဲ့သည့်အချိန်မှစ၍ တံငါရွာလေးအဖြစ်မှ မြန်မာနိုင်ငံ၏ အဓိကနိုင်ငံတကာကုန်သွယ်မှု ဆိပ်ကမ်းမြို့အဖြစ်သို့ပြောင်းလဲခဲ့ပြီး ရန်ကုန်ဆိပ်ကမ်းနှင့်အတူ ခေတ်အဆက်ဆက် ဖြတ်သန်းကာ ဖြစ်ပေါ်တိုးတက်လာခဲ့သော မြန်မာ့ဆိပ်ကမ်းအာဏာပိုင်၏ သမိုင်းကြောင်းဆိုင်ရာ အချက်အလက်များနှင့် လုပ်ငန်းဆောင်ရွက်မှု မှတ်တမ်းများကို ထိန်းသိမ်းပြသနိုင်ရန် ရည်ရွယ်ချက်ဖြင့် ဆောင်ရွက်ခဲ့သည့် မြန်မာ့ဆိပ်ကမ်း အာဏာပိုင်ပြခန်းကို ယနေ့နံနက်ပိုင်းတွင် မြန်မာ့ဆိပ်ကမ်း အာဏာပိုင်ရုံးချုပ်၌ ဖွင့်လှစ်သည်။





**တက်ရောက်**

အခမ်းအနားသို့ပြည်ထောင်စုဝန်ကြီး ဦးမြထွန်းဦး၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်း၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးများ၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန်နှင့်တာဝန်ရှိသူများ၊ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်မှ ဝန်ထမ်းများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

**လေ့လာခွင့်ရရှိနိုင်မည်**

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက မြန်မာ့ဆိပ်ကမ်းအာဏာပိုင်သည် ရန်ကုန်မြို့ စတင်တည်ဆောက်ခြင်းနှင့်အတူ ယှဉ်တွဲပေါ်ပေါက်လာခဲ့ပြီး သမိုင်းကြောင်းရှည်လျားသည့် ဌာနကြီးတစ်ခုဖြစ်ကြောင်း၊ ခေတ်အဆက်ဆက် နိုင်ငံတော်၏ စီးပွားရေးမူဝါဒနှင့်အညီ နိုင်ငံတော်နှင့် ပြည်သူဘက်မှ ရပ်တည်ပြီး ဆိပ်ကမ်းလုပ်ငန်းများ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်အောင် အကောင်အထည်ဖော်ဆောင်ရွက်လာခဲ့ကြောင်း၊ ဖြတ်သန်းလာခဲ့သည့် သမိုင်းကြောင်းပုံရိပ်များကို စာပေမှတ်တမ်းအဖြစ်မှ ပြခန်းအဖြစ် စုစည်းတင်ပြနိုင်ရန် ယနေ့ မြန်မာ့ဆိပ်ကမ်း အာဏာပိုင်ပြခန်းကို ဖွင့်လှစ်နိုင်ခဲ့ပြီဖြစ်သည့်အတွက် လာရောက်ကြည့်ရှုလေ့လာသူများအနေဖြင့် မြန်မာ့ဆိပ်ကမ်းအာဏာပိုင်၏ ဖြစ်ပေါ်တိုးတက်မှု သမိုင်းကြောင်းတစ်ခုလုံးကို တစ်ခဏအတွင်း သိမြင်လေ့လာခွင့် ရရှိနိုင်မည်ဖြစ်ကြောင်း၊ သမိုင်းရှိသော်လည်း သမိုင်းတွင်အောင် သမိုင်းမတင်နိုင်လျှင် သမိုင်းသည်တန်ဖိုးမဲ့တတ်ကြောင်း၊ သမိုင်းသည် ပကတိအရှိတရားဖြစ်ပြီး စီးပွားရေးသည့် တွေးတောယူဆချက်ဟု ပညာရှိများက အဆိုအမိန့်ပြုခဲ့ကြောင်း၊ သမိုင်းကို လေ့လာခြင်းဖြင့် အနာဂတ်ခရီးအတွက် သဘောထားအမြင်များကို ရရှိနိုင်မည်ဖြစ်ကြောင်း၊ ယနေ့ဖွင့်လှစ်သည့်ပြခန်းသည် နောင်မျိုးဆက်သစ်များအတွက် ကောင်းမြတ်သည့် အမွေအနှစ်များ လက်ဆင့်ကမ်း ပေးစွမ်းနိုင်မည်ဖြစ် သည့်အတွက် ပြခန်းဖြစ်မြောက်အောင် စီစဉ်ဆောင်ရွက်သည့် မြန်မာ့ဆိပ်ကမ်းအာဏာပိုင်မှ တာဝန်ရှိသူများ၊ အရာထမ်း၊ အမှုထမ်းများအားလုံးကို ကျေးဇူးတင်ရှိပါကြောင်း၊ အခြားဌာနများအနေဖြင့်လည်း ဌာနအလိုက် အစဉ်လာကောင်းများကို အားပေးဖော်ဆောင်ပေးခြင်းဖြင့် မိမိတို့ဌာနများ၏ကောင်းရာကောင်းကျိုးအတွက် ကြိုးပမ်းဆောင်ရွက်သွားကြရန် တိုက်တွန်းပြောကြားသည်။

**အမွေးနံ့သာရည်များပက်ဖျန်း**

ဆက်လက်၍ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်ပြခန်းကို ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် မြန်မာ့ဆိပ်ကမ်းအာဏာပိုင် ဦးဆောင်ညွှန်ကြားရေးမှူးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ပြည်ထောင်စုဝန်ကြီးက စက်ခလုတ်နှိပ်၍ မြန်မာ့ဆိပ်ကမ်း အာဏာပိုင်ပြခန်းဆိုင်းဘုတ်ကို ဖွင့်လှစ်ပေးကာ ပြခန်းဖွင့်ပွဲအထိမ်းအမှတ်ကမ္ပည်းမော်ကွန်းကို ပြည်ထောင်စုဝန်ကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်တို့က အမွေးနံ့သာရည်များ ပက်ဖျန်းပေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် ဧည့်သည်တော်ကြီးများကို ပြခန်းအတွင်း မြန်မာ့ဆိပ်ကမ်းအာဏာပိုင် ဦးဆောင်ညွှန်ကြားရေးမှူးနှင့် တာဝန်ရှိသူများက လိုက်လံပြသရှင်းလင်းတင်ပြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် သက်ဆိုင်ရာဌာနများမှ တာဝန်ရှိသူများနှင့်အတူ ဆူးလေဆိပ်ကမ်း တံတားတွင် Weight Bridge တပ်ဆင်၍ လုပ်ငန်းဆောင်ရွက်ခြင်း၊ ဆိပ်ကမ်းတံတား ပြုပြင်မွမ်းမံခြင်းလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးပြီး ရေယာဉ်ဖြင့် ရန်ကုန်တိုင်းဒေသကြီး ဒလမြို့နယ် ဆာပါချောင်ဒေသ၊ တွံတေးတူးမြောင်းတစ်လျှောက်ရှိ ဆိပ်ခံတံတားများ၊ ရေယာဉ်များ ဝင်ထွက်သွားလာနေမှုအခြေအနေများ၊ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ အကောင်အထည်ဖော် ဆောင်ရွက်မည့် တွံတေးတူးမြောင်းဖွံ့ဖြိုးရေး စီမံကိန်းနေရာနှင့် တွံတေးတူးမြောင်း ၃ ဒသမ ၅ မိုင်၊ လက်ပံကုန်း အကောက်စခန်းတို့ကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ လက်ပံကုန်း အကောက်စခန်းတွင် တာဝန်ရှိသူများ၏ ရှင်းလင်းတင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီးက လက်ပံကုန်း အကောက်စခန်းမှ လျှာထားချက်ပြည့်မီစေရေး အလေးထား ဆောင်ရွက်ရန်၊ ဝန်ထမ်းအိမ်ရာများ ပြင်ဆင်ရန်၊ သန့်ရှင်းသာယာလှပရေး ဆောင်ရွက်ရန်နှင့် ကိုရီးယားနိုင်ငံချေးငွေဖြင့် ဆောင်ရွက်လျက်ရှိသည့် တွံတေးတူးမြောင်းဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း အမြန်ဆုံးအကောင်အထည်ဖော် ဆောင်ရွက်ရန် မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင်နှင့် မြန်မာကိုယ်စားလှယ်အဖွဲ့ နယ်သာလန်နိုင်ငံ သည်ဟိဂ်မြို့သို့ ထွက်ခွာ

**နေပြည်တော် ဇန်နဝါရီ ၉**

နယ်သာလန်နိုင်ငံ သည်ဟိတ်ဂ်မြို့ရှိ အပြည်ပြည်ဆိုင်ရာတရားရုံး၌ ဇန်နဝါရီ ၁၂ ရက်မှ စတင်ပြုလုပ်မည့် ကြားနာပွဲသို့ တက်ရောက်ရန် နိုင်ငံတော်သမ္မတရုံး ဝန်ကြီးဌာန (၂) ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင်နှင့် ဥပဒေရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာသီတာဦးတို့ ခေါင်းဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်မြို့မှ နယ်သာလန်နိုင်ငံ သည်ဟိတ်ဂ်မြို့သို့ ထွက်ခွာသွားကြသည်။

အဆိုပါ တရားရုံးကြားနာပွဲကို ဇန်နဝါရီ ၁၂ ရက်မှ ၂၉ ရက်အထိ ကျင်းပမည်ဖြစ်ပြီး မြန်မာနိုင်ငံအနေဖြင့် ဇန်နဝါရီ ၁၆ ရက်မှ ၂၀ ရက်အထိလည်းကောင်း၊ ဇန်နဝါရီ ၂၈ ရက်မှ ၂၉ ရက်အထိလည်းကောင်း နှစ်ကြိမ် လျှောက်လဲမည်ဖြစ်ကြောင်း သိရှိရသည်။

သတင်းစဉ်

# မြန်မာနိုင်ငံဆိုင်ရာ နီကာရာဂွါသမ္မတနိုင်ငံ သံအမတ်ကြီးအဖြစ် မစ္စတာ ဆီဂွမ်ဒို မာတင် ကယ်လီရို အက်စကိုစီယာ အား ခန့်အပ်ရန်သဘောတူညီ

**နေပြည်တော် ဇန်နဝါရီ ၁၀**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဆိုင်ရာ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော နီကာရာဂွါသံအမတ်ကြီးအဖြစ် မစ္စတာ ဆီဂွမ်ဒို မာတင် ကယ်လီရို အက်စကိုစီယာ အား ခန့်အပ်ရန် နီကာရာဂွါသမ္မတနိုင်ငံအစိုးရမှ အဆိုပြုလာခြင်းကို ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရက သဘောတူညီပြီးဖြစ်သည်။

မစ္စတာ ဆီဂွမ်ဒို မာတင် ကယ်လီရို အက်စကိုစီယာကို ၁၉၈၇ ခုနှစ် ဖေဖော်ဝါရီလ ၂၆ ရက်တွင် နီကာရာဂွါနိုင်ငံ မာဆာရာမြို့၌ မွေးဖွားခဲ့သည်။ ၎င်းသည် National University of Engineering မှ အီလက်ထရောနစ် အင်ဂျင်နီယာ ဘာသာရပ်ဖြင့် အင်ဂျင်နီယာဘွဲ့ကို ၂၀၁၀ ပြည့်နှစ်တွင်လည်းကောင်း၊ သတင်းအချက်အလက်နှင့် ဆက်သွယ်ရေး နည်းပညာစီမံခန့်ခွဲမှုနှင့် အသုံးချပညာဘာသာရပ်ဆိုင်ရာဘွဲ့ (ဘွဲ့လွန်) ကို ၂၀၁၂ ခုနှစ်တွင်လည်းကောင်း ရရှိခဲ့သည်။ ၎င်းသည် ၂၀၀၉ ခုနှစ်မှ ၂၀၁၅ ခုနှစ်အထိ နီကာရာဂွါနိုင်ငံ ဆက်သွယ်ရေးနှင့် စာတိုက်ဝန်ဆောင်မှုအဖွဲ့ (တယ်လီကောလ်) တွင် စီမံကိန်းနှင့်ဖွံ့ဖြိုးတိုးတက်ရေး အရာရှိအဖြစ်လည်းကောင်း၊ ၂၀၂၂ ခုနှစ်မှ ၂၀၂၄ ခုနှစ်အထိ ပညာရေးဝန်ကြီးဌာနတွင် မူဝါဒရေးရာဆန်းစစ်ရေး အရာရှိအဖြစ်လည်းကောင်း တာဝန်ထမ်းဆောင်ခဲ့ပြီး ၂၀၂၅ ခုနှစ် ဇူလိုင်လမှစ၍ ဗင်ဘာဇွေးနိုင်ငံအခြေစိုက် နီကာရာဂွါသံရုံး၌ သံရုံးယာယီတာဝန်ခံအဖြစ် တာဝန်ထမ်းဆောင်လျက်ရှိသည်။

သတင်းစဉ်

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်နှင့် ဆိုမာလီယာဖက်ဒရယ်သမ္မတနိုင်ငံတို့အကြား သံတမန်အဆက်အသွယ်ထူထောင်


**နေပြည်တော် ဇန်နဝါရီ ၉**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်နှင့် ဆိုမာလီယာဖက်ဒရယ် သမ္မတနိုင်ငံတို့သည် ကုလသမဂ္ဂပဋိညာဉ်စာတမ်းပါမူကြီးများနှင့် အပြည်ပြည်ဆိုင်ရာဥပဒေတို့ကို အခြေခံပြီး သံတမန်ဆက်ဆံရေးနှင့် ကောင်စစ်ဆက်ဆံရေးဆိုင်ရာ ဗီယင်နာကွန်ဗင်းရှင်းတို့နှင့်အညီ နှစ်နိုင်ငံ ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှု တိုးတက်ခိုင်မာစေရန် ဆန္ဒရှိကြသည့်အားလျော်စွာ ၂၀၂၆ ခုနှစ် ဇန်နဝါရီ ၉ ရက်မှစတင်၍ နှစ်နိုင်ငံအကြား သံအမတ်ကြီးအဆင့်ဖြင့် သံတမန်အဆက်အသွယ် ထူထောင်ကြသည်။

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်နှင့် ဆိုမာလီယာ ဖက်ဒရယ်သမ္မတနိုင်ငံတို့အကြား သံတမန်အဆက်အသွယ် ထူထောင်ခြင်းဆိုင်ရာ ပူးတွဲကြေညာချက်ကို မလေးရှားနိုင်ငံဆိုင်ရာ မြန်မာသံရုံးယာယီတာဝန်ခံ/သံအမတ်ကြီး ဦးအောင်ကျော်မိုးနှင့် မလေးရှားနိုင်ငံဆိုင်ရာ ဆိုမာလီယာ သံအမတ်ကြီး Mr. Ali Mohamed Abukar တို့က ၂၀၂၆ ခုနှစ် ဇန်နဝါရီ ၉ ရက်တွင် ကွာလာလမ်ပူမြို့ မြန်မာသံရုံး၌ လက်မှတ်ရေးထိုးခဲ့ကြသည်။

ဆိုမာလီယာဖက်ဒရယ်သမ္မတနိုင်ငံသည် မြန်မာနိုင်ငံ၏ ၁၂၇ နိုင်ငံမြောက် သံတမန်အဆက်အသွယ် ထူထောင်သည့်နိုင်ငံဖြစ်သည်။

သတင်းစဉ်



✳ *ကျောဖုံးမှ*

အားကောင်းသော မုန်တိုင်းငယ်၏ လက်ရှိအခြေအနေမှာ မြန်မာနိုင်ငံဘက်သို့ ဦးတည်ရွေ့လျားမည့် အခြေအနေမရှိပါသဖြင့် အဝါရောင်အဆင့်ဟု သတ်မှတ်ပါသည်။

အဆိုပါ အားကောင်းသောမုန်တိုင်းငယ်သည် မြန်မာစံတော်ချိန် ညနေ ၃ နာရီခွဲအချိန်တွင် မြောက်လတ္တီကျူ ၇ ဒသမ ၇ ဒီဂရီနှင့် အရှေ့လောင်ဂျီကျူ ၈၂ ဒသမ ၉ ဒီဂရီတွင်ရှိပြီး ဗဟိုချက်လေဖိအား ၁၀၀၄ ဟက်တိုပါစကယ်နှင့် အမြင့်ဆုံးလေတိုက်နှုန်းမှာ တစ်နာရီလျှင် ၃၅ မိုင်နှုန်းခန့်ဖြစ်သည်။

အဆိုပါ အားကောင်းသောမုန်တိုင်းငယ်သည် အနောက်မြောက်ဘက်သို့ ဆက်လက်ရွေ့လျားနိုင်ပြီး နောက် ၁၈ နာရီအတွင်း သီရိလင်္ကာနိုင်ငံ မြောက်ပိုင်းကမ်းခြေကို ထရီကိုမာလီမြို့နှင့် ဂျက်ဖ်နာမြို့တို့အကြားမှ ဖြတ်ကျော်နိုင်သည်ဟု ခန့်မှန်းရသည်။

မိုး/ဇလ

# ပင်စင်ဦးစီးဌာန နှစ် (၅၀) ပြည့် ရွှေရတုအထိမ်းအမှတ်အဖြစ် ဝန်ထမ်းများ စုပေါင်းသွေးလှူဒါန်း



**နေပြည်တော် ဇန်နဝါရီ ၉**

ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ပင်စင်ဦးစီးဌာန၏ နှစ် (၅၀) ပြည့် ရွှေရတုအထိမ်းအမှတ်အဖြစ် ဝန်ထမ်းများသည် နေပြည်တော်ရှိ အထွေထွေရောဂါကု ဆေးရုံကြီး (ခုတင် ၁၀၀၀)၌ ယမန်နေ့က စုပေါင်းသွေးလှူဒါန်းသည်။

ထိုသို့ သွေးလှူဒါန်းမှုကို ပင်စင်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးရဲညွှန့်နှင့် တာဝန်ရှိသူများက ကြည့်ရှုအားပေးကြပြီး ဆေးရုံတာဝန်ရှိသူများက သွေးလှူဒါန်းခဲ့ကြသည့် ပင်စင်ဦးစီးဌာနမှ ဝန်ထမ်းများအတွက် ကျေးဇူးတင် ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်



မန္တလေးလျောင်ကြီးဖြစ်စဉ်၌ ရှာဖွေကယ်ဆယ်ရေး လုပ်ငန်းများ စွမ်းစွမ်းတမံ ဆောင်ရွက်ခဲ့ကြသော ဆင်ပေါင်ဝဲမြို့နယ် မီးသတ်စခန်းမှ တပ်ဖွဲ့ဝင်များအား မီးသတ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က ချီးကျူးဂုဏ်ပြုလွှာနှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံးမှ ချီးမြှင့်သော ဆုတံဆိပ်နှင့် ဂုဏ်ပြုဆုငွေများကို ဇန်နဝါရီ ၉ ရက်တွင် ဆင်ပေါင်ဝဲမြို့နယ်မီးသတ်ဦးစီးမှူး ဦးဆန်းဝင်းက ထပ်ဆင့်ပေးအပ်စဉ်။

ခန့်ဝင်း(ဆင်ပေါင်ဝဲ)

# "ငါးရာ့ငါးဆယ်ဇာတ်တော် ကောက်နုတ်ချက် ဇာတ်လမ်းများ" မြန်မာ့ရုပ်မြင်သံကြားမှ ထုတ်လွှင့်ပြသမည်

**နေပြည်တော် ဇန်နဝါရီ ၉**

မြန်မာ့အသံနှင့် ရုပ်မြင်သံကြားအနေဖြင့် ပြည်သူများ အပန်းပြေစေရန်နှင့် စိတ်ခွန်အားသစ်များရရှိနိုင်ရန် ၊ လူငယ်လူရွယ်များ ဗုဒ္ဓဝင်ဇာတ်နိပါတ်တော်များအကြောင်း သိရှိနားလည်ပြီး အသိပညာဗဟုသုတရရှိနိုင်စေရန် ရည်ရွယ်ချက်များနှင့် သဘင်ပညာရှင်များ၏ အနုပညာရသ စွမ်းရည်များ ဖော်ထုတ်ပြသမည့် " ငါးရာ့ငါးဆယ်ဇာတ်တော် ကောက်နုတ်ချက် ဇာတ်လမ်းများ" အစီအစဉ် ဆန်းသစ်တင်ဆက်မှုကို အပတ်စဉ် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၏ MRTV-HD Channel မှ ထုတ်လွှင့် ပြသမည်ဖြစ်သည်။

"ငါးရာ့ငါးဆယ်ဇာတ်တော် ကောက်နုတ်ချက် ဇာတ်လမ်းများ " အစီအစဉ်တွင် "မလျှော့သော ဖွဲ၊ လုံ့လ၊ ဝီရိယများကြောင့် အရာရာအောင်နိုင်ခြင်း" ကို ဖော်ပြထားသည့် စူဠကာလိင်္ဂဇာတ်တော် အပိုင်း(၃)ကို နန်းတော်ရှေ့ဆရာတင်၏ မျိုးဆက်သဘင်ပညာရှင် ဦးနန်းဝင်းမှ ရေးသားပူဇော်ပြီး နန်းဝင်းနှင့် စုလှိုင်နှင်းတို့ ဦးဆောင်ကာ ထက်မြက်အောင်၊ ရန်ရှင်းမောင်၊ တူးနိုင်း၊ လကျော်၊ လင်းမြတ်အောင်၊ အောင်သွေးသစ်၊ ဖြူဖြူနှင်းဆီ၊ ဖူးပွင့်ရွှေရည်လှိုင်၊ သဲစုနိုင်၊ ပိုးပိုးအိမ်၊ ပန်းကဗျာနှင့် ရွှေနန်းသဘင်အဖွဲ့သားများက ပါဝင်ဖျော်ဖြေတင်ဆက်ကြမည်ဖြစ်သည်။။

အဆိုပါ အစီအစဉ်ကို MRTV-HD Channel မှ ဇန်နဝါရီ ၁၀ ရက် (စနေနေ့) ည ၉ နာရီတွင် ထုတ်လွှင့်ပြသမည်ဖြစ်ပြီး ဇန်နဝါရီ ၁၄ ရက် (ဗုဒ္ဓဟူးနေ့) ည ၉ နာရီတွင်လည်း Replay ထပ်မံပြသမည်ဖြစ်ကြောင်း သိရသည်။



သတင်းစဉ်

# သမိုင်းဘူတာရုံမှာ အထုပ်ကလေးပိုက်ပြီး ကျန်မနေခဲ့စေနဲ့

**ကဗျာဆန်ဆန် ပြောရရင်တော့ အရှေ့ဘက်က တောင်တန်းတွေပေါ်မှာ အလင်းပွင့်သစ်တွေ ဝေလာတဲ့အချိန် ဆိုပါတော့။ မိုးလင်းပြီဆိုပေမယ့် နေထွက်မလာသေးတော့ ချမ်းလိုက်သမှ ခိုက်ခိုက်တုန်လို့။ သြော်.. လာနီညာနှစ်ရဲ့ ဒီဇင်ဘာဆောင်းပေကိုး။ သာမန်အားဖြင့် ဒီအချိန်ဆို အခန်းလုံလုံမှာ စောင်ခြုံကွေးနေရဦးမှာ ဖြစ်ပေမယ့် ဒီတစ်နေ့ကတော့ ခါတိုင်းနေ့တွေနဲ့ မတူပါဘူး။**

*သာထူး*

ကျွန်တော့်မျက်စိရှေ့က မြင်ကွင်းမှာတော့ မဲရုံတစ်ဖြစ်လဲ ကျေးရွာစာသင်ကျောင်း ကလေး။ ကျောင်းရှေ့က အလံတိုင်မှာ ဝါစိမ်းနီသုံးရောင်ခြယ် ကြယ်ဖြူတစ်ပွင့် ပြည်ထောင်စုအလံတော် တလူလူ လွင့်လို့။ နံနက်စောစော ချမ်းချမ်းစီးစီး၊ ဆောင်းနှင်း မှုန်မှုန်အောက်မှာ မဲပေးကြမယ့်ပြည်သူတွေက အုတ်အုတ်ကျက်ကျက်၊ လှုပ်လှုပ်ရွရွ၊ တက်တက်ကြွကြွ။ မဲပေးရမယ့် ကျောင်းဆောင်ကလေးစီ ဦးတည်ပြီး တန်းစီနေကြတဲ့ လူတန်းရှည်ထဲမှာ တောင်သူတွေ၊ လက်လုပ်လက်စား အလုပ်သမားတွေ၊ ကုန်ရောင်းကုန်ဝယ်တွေ၊ ခေါင်းရွက်ဗျပ်ထိုးတွေ၊ ဝန်ထမ်းတွေ စသဖြင့် လူတန်းစားအစုံပါတယ်။ တချို့လည်း ကိုယ့်အလှည့်နီးခါမှ အသစ်စက်စက် မှတ်ပုံတင်ကလေး ပါမလာလို့ ပြန်ပြေးကြရ၊ မြန်မြန်ဆန်ဆန်မဲပေးနိုင်ဖို့ ကြိုထုတ်ပေးထားတဲ့ မဲစာရင်းနံပါတ်စာရွက်ကလေး မေ့ကျန်ခဲ့လို့ ပြန်ယူကြရ၊ ကိုယ့်မဲစာရင်းနံပါတ် ကိုယ်မှတ်မိသူတွေကလည်း နှုတ်ကတရွရွ ပြန်ရွတ်ကြလို့။ ပျော်ပျော်ရွှင်ရွှင် ပေါ့ပေါ့ပါးပါး၊ ဒါပေမယ့် ဒီနေ့ဟာ အရေးကြီးတယ်၊ အရေးပါတယ်ဆိုတာကို လူတိုင်းသိကြတယ်။

**ပါတီအသီးသီးက ကိုယ်စားလှယ်တွေ ထွက်ပေါ်လာပြီဖြစ်**

၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ၂၈ ရက်နေ့မှာ ကျင်းပတဲ့ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အပိုင်း(၁)ဟာ ဂုဏ်သိက္ခာရှိရှိ အောင်အောင်မြင်မြင် ပြီးဆုံးသွားခဲ့ပါတယ်။ သွေးထိုးလှုံ့ဆော်မှုတွေ၊ အကြမ်းဖက်မှုတွေ၊ ခြိမ်းခြောက်မှုတွေကြားကနေပဲ ပြည်သူ ခြောက်သန်းကျော် ၆၀၉၅၅၁၁ ဦးက မဲပေးခဲ့ကြတာပါ။ မြို့နယ်ပေါင်း ၁၀၂ မြို့နယ်မှာ ပြုလုပ်ခဲ့တဲ့ ရွေးကောက်ပွဲအပိုင်း(၁)မှာ မဲပေးနိုင်ခွင့်ရှိသူ ၁၁ ဒသမ ၆ သန်းကျော် ရှိတဲ့အနက် ထက်ဝက်ကျော်က နိုင်ငံသားတာဝန်ကျေပွန်စွာ မဲပေးခဲ့ကြတာဖြစ်ပါတယ်။ အခုဆိုရင် ရွေးကောက်ပွဲ အပိုင်း(၁)မှာ မဲဆန္ဒရှင်ပြည်သူတွေ ဆန္ဒမဲပေး ရွေးချယ်လိုက်ကြတဲ့ ပါတီအသီးသီးက ကိုယ်စားလှယ်တွေ ထွက်ပေါ်လာပြီ ဖြစ်ပါတယ်။

ရွေးကောက်ပွဲမှာ ပြည်သူတွေ မဲပေးခဲ့ကြတာဟာ ကနဦးခန့်မှန်းခဲ့ကြတာထက် ပိုခဲ့ရတဲ့ အကြောင်းရင်းကို စေ့ငုကြည့်မယ်ဆိုရင် ပြည်သူတွေရဲ့ အသိတရားမြင့်မားလို့ပဲ ဆိုရမှာဖြစ်ပါတယ်။ လက်ရှိနိုင်ငံရဲ့ အခြေအနေဟာ သာမန်မဟုတ်တဲ့အခြေအနေ၊ နိုင်ငံ့အကြီးအကဲက ယာယီအကြီးအကဲ၊ နိုင်ငံ့အစိုးရကလည်း အိမ်စောင့်အိမ်ထိန်း အစိုးရ၊ မလွှဲသာ မရှောင်သာ ဖြစ်လာရတဲ့ ဒီအခြေအနေတွေကနေ ပုံမှန်လမ်းကြောင်းစီကို ပြန်ရောက်သွားဖို့ အခုကျင်းပနေတဲ့ ရွေးကောက်ပွဲဟာ မဖြစ်မနေ ဖြတ်သန်းကြရမယ့် ရွေးကောက်ပွဲ၊ ဒါကြောင့် မိမိတို့ကိုယ်စီ ပိုင်ဆိုင်ထားကြတဲ့ ဆန္ဒမဲကလည်း မပေးမဖြစ်ပေးသင့်တဲ့ ဆန္ဒမဲရယ်လို့

> **❝ လက်ရှိကျင်းပနေတဲ့ ရွေးကောက်ပွဲနဲ့ပတ်သက်လို့ ပြည်တွင်းပြည်ပ ဆန့်ကျင်ဘက်အုပ်စုတွေက အတုအယောင်ရွေးကောက်ပွဲ၊ လွတ်လပ်မှုနဲ့ တရားမျှတမှု ရှိမှာမဟုတ်တဲ့ ရွေးကောက်ပွဲ၊ လက်ရှိအစိုးရအာဏာတည်ဖို့လုပ်တဲ့ ရွေးကောက်ပွဲ စသဖြင့် ဘယ်လိုပဲ အပုပ်ချကြပါစေ မဲရုံတွေမှာ မျက်မြင်ကိုယ်တွေ့တွေ့ခဲ့၊ သတင်းရယူခဲ့ကြတဲ့ နိုင်ငံတကာအဖွဲ့အစည်းတွေ၊ လူပုဂ္ဂိုလ်တွေ၊ ပြည်တွင်းပြည်ပ သတင်းမီဒီယာတွေ ဘယ်သူကမှ ဒီရွေးကောက်ပွဲဟာ တရားမျှတမှုမရှိဘူး၊ လွတ်လပ်မှုမရှိဘူး၊ ပွင့်လင်းမြင်သာမှုမရှိဘူးလို့ မပြောခဲ့ကြပါဘူး။ အဲဒီအစား ကောင်းမွန်တဲ့မှတ်ချက်တွေ၊ ထောက်ခံတဲ့မှတ်ချက်တွေ၊ အပြုသဘောဆောင်တဲ့ သဘောထားတွေကိုသာပေးပြီး လွတ်လပ်ပွင့်လင်းမှုရှိတဲ့၊ တရားမျှတမှုရှိတဲ့၊ ဂုဏ်သိက္ခာရှိတဲ့၊ အဆင့်အတန်းမြင့်တဲ့ ရွေးကောက်ပွဲအဖြစ် အသိအမှတ်ပြုခဲ့ကြပါတယ် ❞**

မဲဆန္ဒရှင်တိုင်းက နားလည်ထားကြတယ်။ ဒါကြောင့်လည်း မဲပေးကြရမယ့် ၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ၂၈ ရက်နေ့မှာ နံနက် ၆ နာရီ မဲရုံမဖွင့်ခင်ကတည်းက မဲရုံရှေ့တန်းစီခဲ့ကြတာ၊ မဲရုံပိတ်ချိန်အထိ မဲရုံအဝန်းအဝိုင်းထဲမှာ မဲပေးမယ့် သူတွေရှိနေတာကြောင့် မဲပေးခွင့်ပြုခဲ့ရတာတွေ ရှိခဲ့တာဖြစ်ပါတယ်။

ဒီနေရာမှာ ထည့်ပြောချင်တာက ရွေးကောက်ပွဲမတိုင်မီကာလ အကြမ်းဖက်သောင်းကျန်းသူ အဖျက်သမားတွေရဲ့ အကြမ်းဖက်ခြိမ်းခြောက် နှောင့်ယှက်မှုတွေပါ။ ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အကြိုကာလမှာ ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းစဉ်တွေကို ထိခိုက်ပျက်စီးအောင် နှောင့်ယှက်ဟန့်တားဖျက်ဆီးမှုတွေ အမျိုးမျိုးလုပ်ခဲ့ကြရာမှာ မြို့နယ်ပေါင်း ၄၁ မြို့နယ်က အများပြည်သူဆိုင်ရာနေရာတွေမှာ မဟုတ်မမှန် ဝါဒဖြန့်စာစောင်တွေ ဖြန့်ဝေတာ၊ ကပ်ထားတာ၊ စည်းရုံးလှုံ့ဆော်တာ၊ လှုံ့ဆော်စာတွေရေးတာ၊ ရုပ်ပုံပိုစတာတွေ ချိတ်ဆွဲတာ၊ မဲမပေးဖို့ လှုံ့ဆော် အော်ဟစ်တာ၊ ဆဲဆိုတာ၊ ဆောင်းဘောက်တွေ၊ စပီကာတွေ ဖွင့်ပြီး လှုံ့ဆော်တာ၊ ရွေးကောက်ပွဲပညာပေး ဆိုင်းဘုတ်တွေ၊ ပိုစတာတွေကို ရိုက်ချိုးတာ၊ လှဲချတာ၊ မီးရှို့တာ ၂၃ ကြိမ်၊ မဲရုံလုံခြုံရေးတပ်ဖွဲ့ဝင်တွေကို နှောင့်ယှက်ပစ်ခတ်တိုက်ခိုက်တာ လေးကြိမ်၊ Drop Bomb ပစ်ချတိုက်ခိုက်တာ ခြောက်ကြိမ်၊ လက်လုပ်အသံမိုင်းခွဲ နှောင့်ယှက်တာ နှစ်ကြိမ်၊ လက်ပစ်ဗုံး၊ လက်လုပ်မိုင်းတွေနဲ့ ဖောက်ခွဲတိုက်ခိုက်တာ ခြောက်ကြိမ်၊ ရှော့တိုက်ဒုံးတွေနဲ့ ပစ်ခတ်တိုက်ခိုက်တာ သုံးကြိမ်၊ ရွေးကောက်ပွဲ တာဝန်ခံဌာနဆိုင်ရာ အစိုးရဝန်ထမ်းတွေ၊ ရွေးကောက်ခံပါတီဝင်တွေကို လက်နက်နဲ့ ခြိမ်းခြောက်တာ သုံးကြိမ်၊ ဖမ်းခေါ်သွားတာ ခြောက်ကြိမ် စုစုပေါင်း ၅၄ ကြိမ်ရှိခဲ့တယ်လို့ သိရပြီး အချို့နေရာတွေမှာ အကြမ်းဖက်သတ်ဖြတ်ခဲ့ကြတာကိုလည်း သတင်းတွေမှာ တွေ့ခဲ့ရပါတယ်။

**ဒီမိုကရေစီလိုလားတဲ့ ပြည်သူတွေက အကြမ်းဖက်မှုတွေကို အမှုမထားဘဲ မဲပေး**

ရွေးကောက်ပွဲ အပိုင်း(၁) ကျင်းပတဲ့ ၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ၂၈ ရက်နေ့မှာလည်း ကချင်ပြည်နယ် မြစ်ကြီးနားမြို့ ရွှေညောင်ပင်ရပ်ကွက်က မဲရုံအမှတ် (၈၂)မှာ လက်လုပ်အသံမိုင်းဖောက်ခွဲတာ၊ ကယားပြည်နယ် လွိုင်ကော်မြို့ ရွှေတောင်ရပ်ကွက်နဲ့ မင်္ဂလာရပ်ကွက်ကို ၁၀၇ မီလီမီတာ လက်လုပ်ဗုံးသီးတွေနဲ့ ပစ်ခတ်တာ၊ ကရင်ပြည်နယ် မြဝတီမြို့ ကမ္ဘောဇဘဏ်အနီးနဲ့ မြန်မာ-ထိုင်း ချစ်ကြည်ရေး အမှတ်(၂) တံတားနားမှာ လက်လုပ်မိုင်းတွေဖောက်ခွဲတာ၊ တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံးကို Fixed Wing Drone နဲ့ ပစ်ခတ်တာ၊ ခမောက်ကြီးမြို့ ယုဇနဆီအုန်းကုမ္ပဏီက ဆန္ဒမဲပေးဖို့သွားတဲ့ ဆီအုန်းခြံလုပ်သား ၁၇၀ ကို တားဆီးတာ၊ စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုမြို့ အမှတ်(၃)ရပ်ကွက်ရှိ မဲရုံအမှတ် (၂) အနီးကို Drop Bomb ချတိုက်ခိုက်တာ၊ စစ်ကိုင်းမြို့ တိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ်ကို လက်လုပ်ရှော့တိုက်ဒုံးခြောက်လုံးနဲ့ ပစ်ခတ်တာ၊ တမူးမြို့ စော်ဘွား(၁) ရပ်ကွက်က မဲရုံကို Drop Bomb ချတိုက်ခိုက်တာ၊ ကသာမြို့ကို လက်နက်ကြီး လက်နက်ငယ်တွေနဲ့ ပစ်ခတ်နှောင့်ယှက်တာ၊ မန္တလေးတိုင်းဒေသကြီး မတ္တရာမြို့နယ် နန်းတော်ကျွန်းရွာနဲ့ အောင်မြေသာစံမြို့နယ်ထဲကို ၁၀၇ မမ ရှော့တိုက်ဒုံးတွေနဲ့ ပစ်ခတ်တာ၊ မြင်းခြံမြို့ နေရာသုံးနေရာကို Drop Bomb တွေချပြီး တိုက်ခိုက်တာ၊ ညောင်ဦးမြို့နယ် ဇုန်အမှတ် (၉) မဲရုံအနီးကို လက်နက်ငယ်တွေနဲ့ နှောင့်ယှက်ပစ်ခတ်တာတွေ လုပ်ခဲ့ကြပါတယ်။ စုစုပေါင်း မြို့နယ် ၁၁ မြို့နယ်မှာ နှောင့်ယှက်တိုက်ခိုက်ခဲ့တာဖြစ်ပြီး ပြည်သူ ငါးဦးခန့် အနည်းငယ်ထိခိုက်ဒဏ်ရာရခဲ့ပေမယ့် ဒီမိုကရေစီလိုလားတဲ့ ပြည်သူတွေက အကြမ်းဖက်မှုတွေကို အမှုမထားဘဲ မဲပေးခဲ့ကြတာဖြစ်ပါတယ်။

ရွေးကောက်ပွဲနဲ့ ပတ်သက်လို့ မဲဆန္ဒရှင်တွေအပေါ် ကျရောက်တဲ့ ဖိအားဟာ ရွေးကောက်ပွဲကို ဆန့်ကျင်ဖို့၊ မဲမပေးဖို့ ခြိမ်းခြောက်ဟန့်တားတဲ့ အကြမ်းဖက်သမားတွေရဲ့ ဖိအားသာရှိခဲ့ပြီး တခြားဘယ်ဖိအားမှ မရှိခဲ့ပါဘူး။ ရွေးကောက်ပွဲစတင်ကျင်းပတဲ့နေ့ နိုင်ငံတော်ယာယီသမ္မတ ဆန္ဒမဲပေးပြီးချိန် မဲရုံကို လာရောက်သတင်းရယူကြတဲ့ ပြည်တွင်းပြည်ပမီဒီယာတွေရဲ့ မေးမြန်းချက်တွေကို ဖြေကြားရာမှာ မဲပေးသင့်မပေးသင့် တွေဝေနေတဲ့ ပြည်သူတွေအပေါ် ဘာများပြောချင်ပါသလဲဆိုတဲ့ မေးခွန်းကို နိုင်ငံတော်ယာယီသမ္မတက **“ပေးသင့်တာပေါ့၊ ပါတီစုံဒီမိုကရေစီစနစ် လက်ခံတယ်လို့ ပြောထားရင် ဒီမိုကရေစီရဲ့ အနှစ်သာရက ရွေးကောက်ပွဲကတော့ တကယ်လုပ်ဖို့ကောင်းတယ်၊ ရွေးကောက်ပွဲကတော့ ပေးသင့်တယ်၊ ကြိုက်ရင်ကြိုက်မယ်၊ မကြိုက်ရင် မကြိုက်ဘူး၊ ကိုယ်မကြိုက်တဲ့လူကို မပေးနဲ့ပေါ့၊ ကြိုက်တဲ့လူကိုပေးပေါ့၊ အဲဒီအထဲမှာ choice ဆိုတာ ရှိပါတယ်။ တချို့ ပါတီတွေ၊ တချို့နေရာတွေကျလည်း choice မရှိတာပါတယ်။ နည်းတာပါတယ်။ တချို့နေရာကျတော့လည်း choice များတာပါတယ်။ ကြိုက်တဲ့လူကိုပေး၊ ရတာပဲ။ ဒါက ပေးသင့်တဲ့ကိစ္စပဲ။ ဒါပေမယ့် မပေးဘူးဆိုလို့ရှိရင် သူဟာ ဒီမိုကရေစီစနစ်ကို အပြည့်အဝနားမလည်ဘူးလို့ ယူဆလို့ရတာပေါ့”** လို့ ပြန်ဖြေခဲ့ပါတယ်။ ဒါဟာ မဲဆန္ဒရှင်တွေ မဲပေးခြင်းမပေးခြင်းအပေါ် နိုင်ငံတော်အကြီးအကဲရဲ့ သဘောထားကို ရှင်းရှင်းလင်းလင်း တွေ့မြင်နိုင်တဲ့ အဖြေပဲဖြစ်ပါတယ်။

အဲဒီနေ့က မဲရုံတွေမှာ အသက် ၁၈ နှစ်ပြည့်ပြီဖြစ်လို့ ဘဝမှာပထမဆုံး မဲပေးကြတဲ့ လူငယ်အများအပြားရှိခဲ့ပြီး မဲပေးကြတဲ့လူငယ်တွေကို နိုင်ငံတော်အကြီးအကဲက ရင်းရင်းနှီးနှီး နှုတ်ဆက်ခဲ့တဲ့မြင်ကွင်းကိုလည်း တွေ့ခဲ့ရပါတယ်။ မဲပေးခဲ့ကြတဲ့ လူငယ်တွေဟာ မဲပေးခြင်းကို နိုင်ငံသားတာဝန်တစ်ခုအဖြစ် ခံယူထားကြကြောင်း၊ ရွေးကောက်ပွဲအပေါ် ယုံကြည်မှု အပြည့်အဝရှိကြကြောင်းနဲ့ ရွေးကောက်ပွဲကနေတစ်ဆင့် နိုင်ငံဖွံ့ဖြိုးတိုးတက်ဖို့၊ လူငယ်တွေ ဖွံ့ဖြိုးတိုးတက်ဖို့ မျှော်လင့်ထားကြကြောင်းတို့ကို သတင်းမီဒီယာတွေကတစ်ဆင့် သိခဲ့ရပါတယ်။ ဒါနဲ့ပတ်သက်လို့ ကာဇက်စတန်နိုင်ငံ ရွေးကောက်ပွဲကော်မရှင် ဒုတိယဥက္ကဋ္ဌ Mr. Yerman Mukhtar က ပြည်သူတွေအနေနဲ့ ရွေးကောက်ပွဲကို စိတ်ဝင်စားကြကြောင်း၊ လာရောက်မဲပေးတဲ့ သူတွေထဲမှာ လူငယ်တွေ အများအပြားတွေ့ရကြောင်း။ ဒါက ကောင်းမွန်တဲ့အချက်ဖြစ်တဲ့အကြောင်း မီဒီယာကတစ်ဆင့် သဘောထား မှတ်ချက်ပြောကြားခဲ့တာကိုလည်း သိရှိခဲ့ရပါတယ်။

ဒီနေရာမှာ ပြောချင်တာတစ်ခုက ရွေးကောက်ပွဲအပိုင်း(၁)မှာ အကြောင်းကြောင်းကြောင့် မဲပေးဖို့ ပျက်ကွက်ခဲ့ကြတဲ့ ၄၇ ရာခိုင်နှုန်းကျော်သော မဲဆန္ဒရှင်တွေနဲ့ ပတ်သက်လို့ ဖြစ်ပါတယ်။

*စာမျက်နှာ ၁၁ သို့*

> **❖ မဲဆန္ဒရှင်ပြည်သူတွေအနေနဲ့ ဆန္ဒမဲပေးတယ်ဆိုတာဟာ အချုပ်အခြာအာဏာကို ပြည်သူက ပိုင်ဆိုင်တာကို သက်သေပြခြင်း၊ နိုင်ငံသားအခွင့်အရေးတွေကိုကောင်းစွာ နားလည်ပြီး လက်တွေ့ကျင့်သုံးခြင်း၊ နိုင်ငံရေးအရ မိမိရဲ့ကြိုက်နှစ်သက်မှုကို ငြိမ်းချမ်းစွာဖော်ထုတ်ပြသခြင်း၊ ဆန္ဒမဲပေးပြီး ကိုယ့်ရဲ့ဒေသနဲ့ ကိုယ့်ရဲ့အကျိုးဆောင်ရွက်ပေးမယ်လို့ ယုံကြည်သူကို ရွေးချယ်ခြင်း၊ ပြည်သူတစ်ယောက်အနေနဲ့ ပေးအပ်လိုက်တဲ့ အခွင့်အာဏာကို မည်သူက ကျင့်သုံးသင့်တယ်ဆိုတာကို ငြိမ်းချမ်းစွာအဆုံးအဖြတ်ပေးခြင်း၊ ဒီမိုကရေစီစနစ်အပေါ် ယုံကြည်မှု၊ စိတ်ဝင်စားမှုကို မဲပေးခြင်းအားဖြင့် ပြသခြင်းဖြစ်တယ်ဆိုတာ သိနားလည်ထားကြရမှာဖြစ်**

# နိုင်ငံတော်သစ် ဖွင့်လှစ်စို့

❊ နိုင်ငံတော် ဖွံ့ဖြိုးရေး
တိုးတက်ရေး အဖြာဖြာ၊
ယမ်းနံ့စင် ငြိမ်းချမ်းခြင်း
ရင်းမူလသာ၊
စိုးထိတ်မှု ကင်းစွာ
အရာရာ မခက်ခဲ၊
များပြည်သူ ဘုံအကျိုးမို့
တို့လူငယ် အားမာန်နှီး
ကြိုးပမ်းဆင်နွှဲ။
❊ ပြည်တစ်ခွင် ငြိမ်းချမ်းရေး
အလေးပေး ဆောင်ရွက်စဉ်၊
ကျရာဝန် ကိုယ်စီထမ်းမှ
ဖြောင့်တန်းမည်ပင်၊
လူငယ်ထု သူငါယှဉ်
တူပါဝင် စွမ်းဆောင်မှု၊
စိတ်ကူးဉာဏ် အတွေးသစ်နဲ့
လုပ်ငန်းစဉ် ခြေလှမ်းသစ်
ဖွင့်လှစ်မည်ပွဲ။
❊ ရေရှည်တည် ခိုင်ဖို့တွေး
ငြိမ်းချမ်းရေး လုပ်ငန်းစဉ်၊
လူငယ်တွေ ပါဝင်ပေါင်းမှ
အားကောင်းမည်ပင်၊
အနာဂတ် ခေတ်အစဉ်
သစ်လွင်စွာ ဖော်ဆောင်ဖို့၊
ခေတ်လူငယ် မောင်မယ်များ
အားသစ်ဆောင်စို့။
❊ အနာဂတ်ကို ပိုင်စိုးတဲ့
မျိုးဆက်သစ် မောင်မယ်တွေ၊
ကမ္ဘာ့ရွာ ယနေ့ခေတ်
လှမ်းသစ်ကြစဉ်၊
ခေတ်အတွေး ခေတ်အမြင်
ကမ္ဘာယှဉ် ဖြန့်ကြက်ရေး၊
မောင်တို့ အတူတူ
မယ်တို့ အတူတူနဲ့
တာဝန်ယူ ကိုယ်စီထမ်းလို့
ငြိမ်းချမ်းစည် နိုင်ငံသစ်ကို
ဖွင့်လှစ်မယ်လေး .....။ ။

*မောင်စိမ်းနောင်(လယ်ဝေး)*

*လူငယ်ငြိမ်းချမ်းရေးဖိုရမ် ၂၀၂၆ (Youth Peace Forum 2026)ကို ဂုဏ်ပြုပါ၏။*

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ (၇၈)နှစ်မြောက် လွတ်လပ်ရေးနေ့အတွက် ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့

နေပြည်တော် ဇန်နဝါရီ ၉

၂၀၂၆ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့တွင် ကျရောက်သည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ (၇၈)နှစ်မြောက် လွတ်လပ်ရေးနေ့ အခါသမယအတွက် တီမောလက်စ်တေ ဒီမိုကရက်တစ်သမ္မတနိုင်ငံ နိုင်ငံခြားရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးထံမှ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့ပါသည်။

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ ထံသို့ တီမောလက်စ်တေ ဒီမိုကရက်တစ်သမ္မတနိုင်ငံ နိုင်ငံခြားရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီး မစ္စတာ ဘန်ဒီတို ဒို့စ် ဆန်းတို့စ် ဖရိတ်တက်စ် ထံမှပေးပို့သည့် ဝမ်းမြောက်ကြောင်းသဝဏ်လွှာ**

၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ ၄ ရက်တွင်ကျရောက်သည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ (၇၈) နှစ်မြောက် လွတ်လပ်ရေးနေ့အခါသမယတွင် တီမောလက်စ်တေဒီမိုကရက်တစ်သမ္မတနိုင်ငံ အစိုးရကိုယ်စား မိမိအနေဖြင့် အဆွေတော်နှင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ပြည်သူများအား ဂုဏ်ယူဝမ်းမြောက်ပါကြောင်း ဖော်ပြအပ်ပါသည်။

၂၀၂၅ ခုနှစ်၊ စက်တင်ဘာလတွင် လာရောက်ခဲ့သည့် မိမိ၏ မြန်မာနိုင်ငံခရီးစဉ်သည် နှစ်နိုင်ငံနှင့် ပြည်သူများ၏ အပြန်အလှန် အကျိုးစီးပွားအတွက် ချစ်ကြည်ရင်းနှီးသော ဆက်ဆံရေးကို ထိန်းသိမ်းရန်နှင့် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုများ ပိုမိုခိုင်မာအားကောင်းလာစေရန် တီမောလက်စ်တေနိုင်ငံ၏ ကတိကဝတ်ကို ထင်ဟပ်စေခဲ့ပါသည်။

အဆွေတော် ကျန်းမာရွှင်လန်းပါစေကြောင်းနှင့် အောင်မြင်မှုများ ဆက်လက်ရရှိပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

*စာမျက်နှာ ၁၀ မှ*

မဲဆန္ဒရှင်အချို့အနေနဲ့ ခြိမ်းခြောက်မှုတွေကို ကြောက်ရွံ့လို့ဖြစ်စေ၊ သွေးထိုးလှုံ့ဆော်မှုတွေကို နားယောင်လို့ဖြစ်စေ၊ အခြားသော အကြောင်းများကြောင့်ဖြစ်စေ မဲပေးဖို့ ပျက်ကွက်မှုဖြစ်နိုင်တယ်လို့ နားလည်လို့ရပါတယ်။ ဒါပေမယ့် မဲဆန္ဒရှင်ပြည်သူတွေအနေနဲ့ ဆန္ဒမဲပေးတယ်ဆိုတာဟာ အချုပ်အခြာအာဏာကို ပြည်သူက ပိုင်ဆိုင်တာကိုသက်သေပြခြင်း၊ နိုင်ငံသားအခွင့်အရေးတွေကို ကောင်းစွာနားလည်ပြီး လက်တွေ့ကျင့်သုံးခြင်း၊ နိုင်ငံရေးအရ မိမိရဲ့ကြိုက်နှစ်သက်မှုကို ငြိမ်းချမ်းစွာဖော်ထုတ်ပြသခြင်း၊ ဆန္ဒမဲပေးပြီး ကိုယ့်ရဲ့ဒေသနဲ့ ကိုယ့်ရဲ့အကျိုးဆောင်ရွက်ပေးမယ်လို့ ယုံကြည်သူကို ရွေးချယ်ခြင်း၊ ပြည်သူတစ်ယောက်အနေနဲ့ ပေးအပ်လိုက်တဲ့ အခွင့်အာဏာကို မည်သူက ကျင့်သုံးသင့်တယ်ဆိုတာကို ငြိမ်းချမ်းစွာ အဆုံးအဖြတ်ပေးခြင်း၊ ဒီမိုကရေစီစနစ်အပေါ် ယုံကြည်မှု၊ စိတ်ဝင်စားမှုကို မဲပေးခြင်းအားဖြင့် ပြသခြင်းဖြစ်တယ်ဆိုတာ သိနားလည်ထားကြရမှာဖြစ်ပါတယ်။

**လက်ရှိကျင်းပနေတဲ့ ရွေးကောက်ပွဲနဲ့ ပတ်သက်လို့ ပြည်တွင်းပြည်ပ ဆန့်ကျင်ဘက်အုပ်စုတွေက အတုအယောင် ရွေးကောက်ပွဲ၊ လွတ်လပ်မှုနဲ့ တရားမျှတမှု ရှိမှာမဟုတ်တဲ့ ရွေးကောက်ပွဲ၊ လက်ရှိအစိုးရ အာဏာတည်ဖို့လုပ်တဲ့ ရွေးကောက်ပွဲ စသဖြင့် ဘယ်လိုပဲ အပုပ်ချကြပါစေ မဲရုံတွေမှာ မျက်မြင်ကိုယ်တွေ့တွေ့ခဲ့၊ သတင်းရယူခဲ့ကြတဲ့ နိုင်ငံတကာအဖွဲ့အစည်းတွေ၊ လူပုဂ္ဂိုလ်တွေ၊ ပြည်တွင်းပြည်ပသတင်းမီဒီယာတွေ ဘယ်သူကမှ ဒီရွေးကောက်ပွဲဟာ တရားမျှတမှုမရှိဘူး၊ လွတ်လပ်မှုမရှိဘူး၊ ပွင့်လင်းမြင်သာမှုမရှိဘူးလို့ မပြောခဲ့ကြပါဘူး။ အဲဒီအစား ကောင်းမွန်တဲ့မှတ်ချက်တွေ၊ ထောက်ခံတဲ့မှတ်ချက်တွေ၊ အပြုသဘောဆောင်တဲ့ သဘောထားတွေကို သာပေးပြီး လွတ်လပ်ပွင့်လင်းမှုရှိတဲ့၊ တရားမျှတမှုရှိတဲ့၊ ဂုဏ်သိက္ခာရှိတဲ့၊ အဆင့်အတန်းမြင့်တဲ့ ရွေးကောက်ပွဲအဖြစ် အသိအမှတ်ပြုခဲ့ကြပါတယ်။**

**တကယ့်ကို အသုံးဝင်ပြီး ပြိုင်ဆိုင်မှုရှိတဲ့ ရွေးကောက်ပွဲလုပ်ငန်းစဉ်တွေကို တွေ့ရှိ**

ဒီဇင်ဘာလ ၂၉ ရက်နေ့မှာ ကျင်းပခဲ့တဲ့ နိုင်ငံတကာ စောင့်ကြည့်လေ့လာရေးအဖွဲ့တွေရဲ့ မြန်မာနိုင်ငံ ရွေးကောက်ပွဲအပေါ် သဘောထားမှတ်ချက်များပေးခြင်းအခမ်းအနားမှာ ပြောကြားခဲ့တဲ့ နိုင်ငံတကာ တာဝန်ရှိသူတွေရဲ့ သဘောထားမှတ်ချက်တွေက အဓိကသက်သေပဲ ဖြစ်ပါတယ်။ ကာဇက်စတန်နိုင်ငံ ရွေးကောက်ပွဲကော်မရှင် ဒုတိယဥက္ကဋ္ဌကဆိုရင် မြန်မာနိုင်ငံ ရွေးကောက်ပွဲကော်မရှင်နဲ့ ပတ်သက်လို့ ချီးကျူးသွားခဲ့ပြီး မြန်မာနိုင်ငံရွေးကောက်ပွဲမှာ တကယ့်ကို အသုံးဝင်ပြီး တကယ့်ကို ပြိုင်ဆိုင်မှုရှိတဲ့ ရွေးကောက်ပွဲလုပ်ငန်းစဉ်တွေကို တွေ့ရှိခဲ့ရကြောင်းနဲ့ သူတို့ရဲ့နိုင်ငံမှာလည်း အခုတွေ့ရှိခဲ့တဲ့ ကောင်းမွန်တဲ့ အချက်အလက်တွေကို ပြန်လည်အသုံးချသွားဖို့ စဉ်းစားထားတယ်လို့ တောင်းဆိုခဲ့ပါတယ်။

**အဲဒီနေ့က အခမ်းအနားမှာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဒူးမားလွှတ်တော် ဒုတိယဥက္ကဋ္ဌ H.E.Mr. Sholban Kara-Ool၊ ရုရှားဖက်ဒရှင်းနိုင်ငံ ဗဟိုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် Mr. Igor Borisov၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန အာရှရေးရာ အထူးကိုယ်စားလှယ် Mr.Deng Xijun၊ ဘယ်လာရုစ်သမ္မတနိုင်ငံ ဗဟိုရွေးကောက်ပွဲကော်မရှင် ဒုတိယဥက္ကဋ္ဌ Mr.Alexei Bashan၊ ဘယ်လာရုစ်လွှတ်တော်အမတ် Mr.Shpakouski Alinksandr၊ ကာဇက်စတန်နိုင်ငံ ရွေးကောက်ပွဲကော်မရှင် ဒုတိယဥက္ကဋ္ဌ Mr.Yerman Mukhtar၊ ကမ္ဘောဒီးယားနိုင်ငံ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် H.E.Mr. YICH Samethy တို့ တရားဝင်ထုတ်ဖော်ပြောကြားသွားခဲ့ကြတဲ့ သဘောထားမှတ်ချက်တွေကတော့ သူ့ထက်ကောင်းတာတောင် သူ့လောက်မကောင်းဘူးလို့ ဆိုရလောက်အောင် ကောင်းမွန်ပြည့်စုံကြတယ်ဆိုတာ သတင်းမှန်တွေ ကြည့်ရှုနားဆင်ခဲ့ကြသူတိုင်း မှတ်မိကြမှာ ဖြစ်ပါတယ်။**

**ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အပိုင်း(၁)မှာ လေ့လာစောင့်ကြည့်ခဲ့ကြတဲ့ နိုင်ငံပေါင်း ကိုးနိုင်ငံ၊ ပြည်တွင်းအခြေစိုက် သံရုံး ၁၄ ရုံးက သံတမန်တွေ၊ နိုင်ငံတကာက ရွေးကောက်ပွဲလေ့လာစောင့်ကြည့်သူ ၁၃၉ ဦး၊ ပြည်ပသတင်းဌာန ၆၁ ခုက သတင်းသမား ၂၁၅ ဦး၊ ပြည်တွင်းသတင်းမီဒီယာ ၅၂ ခုက သတင်းသမား ၁၁၇၇ ဦးတို့ရဲ့ သဘောထားမှတ်ချက်တွေ၊ သတင်းအချက်အလက်တွေကို လျစ်လျူရှုပြီး လူမှုကွန်ရက်တွေကနေ သတင်းနာမည်ခံ ထင်ရာမြင်ရာ ပြောနေကြတာတွေ၊ ရွေးကောက်ပွဲကို နည်းနည်းလေးဖြစ်ပါစေ ထိခိုက်ရင်ပြီးရော ဆန့်ကျင်ပုတ်ခတ်နေကြတာတွေကိုသာ ဟုတ်တယ်လို့ ထင်နေကြပြီဆိုရင်တော့ အဲဒီလူတွေဟာ သတင်းအပင်း သွင်းခံထားကြရပြီဖြစ်ပြီး ဦးနှောက်လယ်ဗယ် နိမ့်ကျနေကြပြီဖြစ်ပါတယ်။ အဖျက်သမားတွေရဲ့ ဝါဒမှိုင်းမိပြီး မဲမပေးဘဲနေကြမယ့်သူတွေဟာ အမြန်ရထားကြီး ထွက်ခွာသွားချိန်မှာ အထုပ်ကလေးပိုက်ပြီး ဘူတာမှာကျန်ရစ်ခဲ့တဲ့ သူလို သမိုင်းတစ်ကွေ့ရဲ့ ချောင်ကလေးထဲမှာ ကျန်ရစ်ခဲ့မှာပါပဲ။**

**မဲပေးခွင့်ကို နိုင်ငံတည်ဆောက်ရေးအတွက် အကျိုးရှိရှိအသုံးချ**

လိုရင်းကိုဆိုရရင်တော့ မဲပေးခွင့်ဆိုတာ အရည်အချင်းပြည့်စုံမှသာ ရရှိနိုင်တာဖြစ်ပြီး မဲပေးခွင့်ကို နိုင်ငံတည်ဆောက်ရေးအတွက် အကျိုးရှိရှိ အသုံးချနိုင်တယ်ဆိုတာကို သိဖို့၊ မဲဆန္ဒရှင်တစ်ယောက်အနေနဲ့ မိမိကိုယ်ကို လေးစားတန်ဖိုးထားကြဖို့ပါ။ ရွေးကောက်ပွဲမှာ ကိုယ်ကြိုက်တဲ့လူကို မဲပေး၊ မကြိုက်တဲ့လူကို မပေးနဲ့၊ မဲပေးလိုက်တဲ့ လူက ငါးနှစ်အတွင်းမှာ ပုံမလာဘူးဆိုရင် နောက်တစ်ခါ အဲဒီလူကို ကန်တော့ဆွမ်းပေါ့။ အဲဒါမှ မကျေနပ်သေးရင်လည်း ကိုယ့်ကိုယ်ကိုယ် အရည်အချင်းရှိတယ်ထင်ရင် ကိုယ်တိုင်ဝင်အရွေးခံ။ ကိုယ့်နယ်မြေက လူတွေက ကိုယ့်ကိုရွေးချယ်ရင် ကိုယ်တိုင်အမတ်ဖြစ်ကရော ပေါ့။ အဲဒါ ဒီမိုကရေစီစနစ်၊ အဲဒါ နိုင်ငံရေးပဲ။

စဉ်းစားဆင်ခြင်နိုင်တဲ့ ဦးနှောက်တစ်လုံး ကိုယ့်ဆီမှာလည်း ကိုယ်ပိုင်ရှိနေပါလျက်နဲ့ သူများတကာ ပဒီးပဒါး ပြောတာတွေကိုယောင်တောင်ပေါင်တောင် လိုက်လုပ်နေဖို့မလိုဘူးလို့ အသိတရားရှိလာပြီဆိုရင် လာမယ့် ဇန်နဝါရီလ ၁၁ ရက်နဲ့ ဇန်နဝါရီလ ၂၅ ရက်မှာ ကျင်းပမယ့် ရွေးကောက်ပွဲအပိုင်း(၂) နဲ့ အပိုင်း(၃)ကို ဒီမိုကရေစီချစ်မြတ်နိုးသူ မဲဆန္ဒရှင်ပြည်သူတစ်ယောက်အနေနဲ့ ခေါင်းမော့ရင်ကော့ပြီး သွားကြဖို့ တိုက်တွန်းချင်ပါတယ်။

မှတ်ထားလိုက်ကြဦးနော်။ သမိုင်းဘူတာရုံမှာ အထုပ်ကလေးပိုက်ပြီး ကျန်မနေခဲ့နဲ့။

# ပညာရေးဒီဂရီကောလိပ်အချို့ကို ဆရာအတတ်သင်တက္ကသိုလ်အဖြစ် အဆင့်မြှင့်တင်ကာ သတ်မှတ်အရည်အချင်းကိုက်ညီသူများ ပညာရေးဘွဲ့၊ မဟာဘွဲ့၊ ပါရဂူဘွဲ့ ဆက်လက်ပညာသင်ယူခွင့်ရရှိပြီး ရာထူး၊ လစာ၊ အခွင့်အလမ်းများ တိုးမြှင့်လာစေရေးညှိနှိုင်းဆွေးနွေး



**နေပြည်တော် ဇန်နဝါရီ ၉**

ပညာရေးဒီဂရီကောလိပ်အချို့ကို ဆရာအတတ်သင်တက္ကသိုလ်အဖြစ် အဆင့်မြှင့်တင်ကာ သတ်မှတ်အရည်အချင်းကိုက်ညီသူများ ပညာရေးဘွဲ့၊ မဟာဘွဲ့၊ ပါရဂူဘွဲ့ ဆက်လက်ပညာသင်ယူခွင့်ရရှိပြီး ရာထူး၊ လစာ၊ အခွင့်အလမ်းများ တိုးမြှင့်လာစေရေး ညှိနှိုင်းဆွေးနွေးပွဲကို ဇန်နဝါရီ ၇ ရက် မွန်းလွဲပိုင်းက နေပြည်တော် ပညာရေးဝန်ကြီးဌာန ရုံးအမှတ် ၁၃ အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ညှိနှိုင်းဆွေးနွေးပွဲသို့ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချောချောစိန်၊ ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ရန်ကုန်ပညာရေးတက္ကသိုလ်နှင့် စစ်ကိုင်းပညာရေးတက္ကသိုလ်တို့မှ ပါမောက္ခချုပ်များနှင့် ပါမောက္ခများ၊ ပညာရေးဒီဂရီကောလိပ်ကျောင်းအုပ်ကြီးများ တက်ရောက်ကြသည်။

ပြည်ထောင်စုဝန်ကြီးက ပြောကြားရာတွင် လက်ရှိအချိန်၌ ပညာရေးဒီဂရီကောလိပ် ၂၅ ကျောင်းမှ အလယ်တန်းပြဆရာ၊ ဆရာမလောင်းများကို မွေးထုတ်ပေးလျက်ရှိပါကြောင်း၊ နိုင်ငံတော်ယာယီသမ္မတက ပညာရေးဒီဂရီကောလိပ်သင်တန်း ပြီးမြောက်အောင်မြင်လာသော အလယ်တန်းပြဆရာ၊ ဆရာမလောင်းများနှင့် နိုင်ငံတစ်ဝန်း တာဝန်ထမ်းဆောင်လျက်ရှိကြသော အလယ်တန်းပြ ဆရာ၊ ဆရာမများ၏ ပညာသင်ယူမှု အခွင့်အလမ်းကို ဆက်လက်၍ လမ်းဖွင့်ပေးလိုပါကြောင်း၊ ထို့ကြောင့် ပညာရေးဒီဂရီကောလိပ်အချို့ကို ဆရာအတတ်သင်တက္ကသိုလ်အဖြစ် အဆင့်တိုးမြှင့်ဖွင့်လှစ်ကာ သတ်မှတ်အရည်အချင်း ကိုက်ညီသူများ ဆရာအတတ်သင်တက္ကသိုလ်သို့ ဆက်လက်တက်ရောက်ပြီး ပညာရေးဘွဲ့ ရရှိကာ အထက်တန်းပြဆရာ၊ ဆရာမများအဖြစ် တာဝန်ထမ်းဆောင်လျက် မဟာတန်း၊ ပါရဂူတန်းအထိ ဆက်လက်တက်ရောက်နိုင်ရေးအတွက် ပညာသင်ယူမှု အခွင့်အလမ်းများ လမ်းဖွင့်ပေးရန် လမ်းညွှန်မှုပြုထားပါကြောင်း၊ ယင်းသို့ဆောင်ရွက်ပေးခြင်းဖြင့် အခြေခံပညာကျောင်းများရှိ မူလတန်းပြနှင့် အလယ်တန်းပြဆရာ၊ ဆရာမများ၏ ပညာအရည်အချင်း၊ ရာထူးနှင့်လစာများ တိုးမြှင့်လာကာ လူမှုဘဝမြင့်မားလာစေမည့် အခွင့်အလမ်းကောင်းများ ပေါ်ထွန်းလာမည်ဖြစ်ပါကြောင်း၊ ဆရာ၊ ဆရာမများအနေဖြင့်လည်း အခွင့်အလမ်းကောင်းများကို လက်ဆုပ်လက်ကိုင်ရယူပြီး နိုင်ငံ့ဝန်ထမ်းကောင်း ပီသစွာ မိမိတာဝန်ကို ကျေပွန်စွာ ကြိုးစားအားထုတ် ထမ်းဆောင်ကြရန် တိုက်တွန်းပါကြောင်း၊ ဤသို့ဖြင့် အခြေခံပညာ အထက်တန်းကျောင်းများတွင် အထက်တန်းပြဆရာ၊ ဆရာမများ လိုအပ်ချက်ကို ပြည့်စုံအောင် ဖြည့်ဆည်းပေးနိုင်မည်လည်း ဖြစ်ပါကြောင်း၊ သင်ရိုးညွှန်းတမ်းနှင့် သင်ကြားရေးဆိုင်ရာ လိုအပ်ချက်၊ ဆရာ၊ ဆရာမ လိုအပ်ချက်၊ တက္ကသိုလ်အင်္ဂါရပ်များနှင့် ပြည့်စုံအောင် ဖြည့်ဆည်းပေးရမည့် အဆောက်အအုံနှင့် သင်ထောက်ကူပစ္စည်းလိုအပ်ချက်၊ ဘဏ္ဍာငွေ ဖြည့်ဆည်းပေးရန် လိုအပ်ချက်များနှင့် အပ်နှင်းမည့်ဘွဲ့တို့ကို ဝိုင်းဝန်းအကြံပြု ဆွေးနွေးပေးကြစေလိုပါကြောင်း ပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက ၂၀၁၆–၂၀၁၇ ပညာသင်နှစ်မှစတင်၍ အခြေခံပညာ အလယ်တန်းအဆင့် (Grade–6,7,8,9 ) အတန်းများတွင် စက်မှု၊ စိုက်ပျိုးရေးနှင့် မွေးမြူရေး ဘာသာရပ်ဆိုင်ရာ အခြေခံဗဟုသုတများ ရရှိစေရေးအတွက် တစ်ပတ်လျှင် ၂ ချိန် သင်ကြားပို့ချပေးရန်အတွက် စီစဉ်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ကျောင်းသားလူငယ်များအတွက် စက်မှု၊ စိုက်ပျိုးရေးနှင့်မွေးမြူရေးဆိုင်ရာ အခြေခံဗဟုသုတများ ရရှိလာပြီး အထက်တန်းအဆင့် တက်လှမ်းပါက စက်မှု၊ စိုက်ပျိုးမွေးမြူရေးကျောင်းများသို့လည်းကောင်း၊ ပုံမှန်ဘာသာရပ်သင် အထက်တန်းကျောင်းများသို့ လည်းကောင်း မိမိဝါသနာအလျောက် ရွေးချယ်တတ်ရောက်နိုင်သည့် အခွင့်အလမ်းများ ရရှိနိုင်မည် ဖြစ်ပါကြောင်း၊ ပညာရေး ဒီဂရီကောလိပ်များ အနေဖြင့်လည်း အလယ်တန်းအဆင့် သင်တန်းများဖြစ်သဖြင့် ပူးပေါင်းဆောင်ရွက်သွားကြရန် လိုအပ်မည်ဖြစ်ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ ဒုတိယဝန်ကြီး ဒေါက်တာ ဇော်မြင့်က အသေးစိတ် ဆက်လက်ညှိနှိုင်း ဆွေးနွေးကာ သင်ရိုးညွှန်းတမ်း ရေးဆွဲပြုစုရေးကော်မတီကို ဖွဲ့စည်းပေးခဲ့သည်။

ယင်းနောက် ပညာရေးတက္ကသိုလ် ပါမောက္ခချုပ်များနှင့် ပါမောက္ခများ၊ ပညာရေး ဒီဂရီကောလိပ်များမှ ကျောင်းအုပ်ကြီးများက ထောက်ခံလျက် ဝိုင်းဝန်းဆွေးနွေးအကြံပြုခဲ့ကြကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်းနှင့် နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး နေပြည်တော် ပျဉ်းမနားမြို့ မီးဘေးသင့်ပြည်သူများ ယာယီကယ်ဆယ်ရေးစခန်းသို့ သွားရောက်၍ လိုအပ်သည်များ ထောက်ပံ့

**နေပြည်တော် ဇန်နဝါရီ ၉**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီး ဒေါက်တာစိုးဝင်းသည် နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာသန်းစိုး၊ နေပြည်တော်ကောင်စီဝင် လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး ရဲမိုး၊ နေပြည်တော် ကောင်စီဝင် ဦးမြင့်စိုးတို့နှင့်အတူ ပျဉ်းမနားမြို့ ရန်အောင်(၂)ရပ်ကွက်၊ ရန်နိုင်ရပ်၊ နယ်မြေ(၁၆) မီးလောင်မှုကြောင့် မီးဘေးအန္တရာယ်ကြုံတွေ့ ဆုံးရှုံးခဲ့ရသော မီးဘေးသင့်ပြည်သူများအား ယာယီကယ်ဆယ်ရေးစခန်း၌ ယနေ့ နံနက်ပိုင်းတွင် ထပ်မံသွားရောက်တွေ့ဆုံသည်။



တွေ့ဆုံစဉ်နေ့စဉ်စားသောက်နေထိုင်ရေး၊ ရေနှင့်သန့်ရှင်းမှုဆိုင်ရာကိစ္စရပ်များ အပါအဝင် လိုအပ်သည်များ မေးမြန်းအားပေး စကားပြောကြားကာ ပြည်ထောင်စုဝန်ကြီး၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများသည် မီးဘေးသင့်အိမ်ထောင်စု ၆၀၊ လူဦးရေ ၃၁၉ ဦးအတွက် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက ဒုတိယအကြိမ်အဖြစ် ထပ်မံထောက်ပံ့သော ဆန်ရိက္ခာဖိုးငွေနှင့် ရေသန့်ဘူးများ၊ ကြက်ဥများကိုလည်းကောင်း၊ နေပြည်တော်ကောင်စီက ထောက်ပံ့သော ခေါက်ဆွဲခြောက်၊ အိပ်ရာပစ္စည်းများနှင့် အိမ်အသုံးအဆောင်ပစ္စည်းများကို လည်းကောင်း အိမ်ထောင်စုအလိုက်၊ လူဦးရေအလိုက် ထောက်ပံ့ပေးအပ်သည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့် နေပြည်တော်ကောင်စီဥက္ကဋ္ဌတို့သည် မီးလောင်မှုဖြစ်ပွားရာ ရပ်ကွက်သို့ သွားရောက်ပြီး မီးလောင်ပြင် ရှင်းလင်းပြီးစီးမှုအခြေအနေနှင့် ပြန်လည်ဆောင်ရွက်ပေးရန်လိုအပ်မှုအခြေအနေများကို သွားရောက်ကြည့်ရှုပြီး လိုအပ်သည်များ ညှိနှိုင်းဆွေးနွေးဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

❖ *ကျောဖုံးမှ*

အိမ်ရှင်အာဆင်နယ်အသင်းက ဒုတိယနေရာမှ အနီးကပ်ဖိအားပေးလျက်ရှိသည့် ပြိုင်ဘက်မန်စီးတီးအသင်း၏ သရေကျမှုကို အခွင့်ကောင်းယူရန် နိုင်ပွဲရရေး အာရုံစိုက်ကစားလာသော်လည်း အသင်းကစားသမားများ၏ အဆုံးသတ်ပိုင်းအားနည်းမှုကြောင့် သရေရလဒ်ဖြင့် ကျေနပ်ခဲ့ရသည်။ ယခုပွဲစဉ် သရေကျခဲ့သော်လည်း အာဆင်နယ်အသင်းသည် မန်စီးတီးအသင်းထက် ခြောက်မှတ်အသာဖြင့် အမှတ်ပေးဇယားကို ဆက်လက်ဦးဆောင်နိုင်ခဲ့သည်။ ပရီမီယာလိဂ်ပွဲစဉ် (၂၁) အပြီးတွင် အမှတ်ပေးဇယားကို အာဆင်နယ်အသင်းက ရမှတ် ၄၉ မှတ်ဖြင့် ဦးဆောင်ထားပြီး ဒုတိယနေရာတွင် မန်စီးတီးအသင်းက ရမှတ် ၄၃ မှတ်ဖြင့် အနီးကပ်ဖိအားပေးလျက်ရှိသည်။ လီဗာပူးအသင်းက ရမှတ် ၃၅ မှတ်ဖြင့် အဆင့် (၄) တွင် ရပ်တည်နေသည်။ **အောင်ဇော်**

၉ – ၁ – ၂၀၁၆ ရန်ကုန်စတော့အိတ်ချိန်းဈေးကွက် ဘီလီယံ – စုစည်းသည်

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး |
|---|---|---|---|---|
| FMI | ၈၆၀၀ | ၈၆၀၀ | ၄၄ | ၃၇၈၄၀၀ |
| MTSH | ၃၈၀၀ | ၃၈၀၀ | ၂၆၀ | ၉၈၈၀၀၀ |
| MCB | ၇၇၀၀ | ၇၇၀၀ | ၂၃၃ | ၁၇၉၄၁၀၀ |
| FPB | ၂၅၅၀ | ၂၆၀၀ | ၇၄၂၆ | ၁၉၃၀၇၃၅၀ |
| TMH | ၃၂၀၀ | ၃၂၅၀ | ၄၃ | ၁၃၉၉၀၀ |
| EFR | ၁၆၅၀ | ၁၆၅၀ | ၂၃၈၈ | ၃၈၉၀၂၀၀ |
| AMATA | ၄၅၀၀ | ၄၅၀၀ | ၂ | ၉၀၀၀ |
| MAEX | ၃၂၅၀ | ၃၃၀၀ | ၁၁၁၀ | ၃၆၂၂၅၀၀ |

# ရှမ်းပြည်နယ်ဝန်ကြီးချုပ် ပင်လောင်းမြို့နယ်အတွင်းရှိ လျှော်ဘေးဒဏ်သင့်နေအိမ်များအတွက် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီမှ ထောက်ပံ့ငွေပေးအပ်ခြင်းအခမ်းအနား တက်ရောက်

**တောင်ကြီး ဇန်နဝါရီ ၉**

ရှမ်းပြည်နယ်(တောင်ပိုင်း) ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်လောင်းမြို့နယ်အတွင်းရှိ လျှော်ဘေးဒဏ်သင့်နေအိမ်များအတွက် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီမှ ထောက်ပံ့ငွေပေးအပ်ခြင်းအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ပင်လောင်းမြို့နယ် တောင်ထိဗ္ဗာကျေးရွာအုပ်စု ဝါးလီးကျေးရွာ ဘုန်းတော်ကြီးကျောင်းတွင် ပြုလုပ်ရာ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်၊ ပြည်နယ်စီးပွားရေးရာဝန်ကြီး၊ ပြည်နယ်အစိုးရအဖွဲ့ အတွင်းရေးမှူး၊ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဥက္ကဋ္ဌနှင့် တာဝန်ရှိသူတို့ တက်ရောက်ကြသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့သည် ဘန်းဘာ၊ လိန်းညား၊ စင်းတောင်းကျေးရွာအုပ်စုများမှ လျှော်ဘေးဒဏ်သင့်ပြည်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးစကားပြောကြား၍ ထောက်ပံ့ငွေများပေးအပ်ပြီး အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီမှ တစ်စိတ်တစ်ပိုင်းပျက်စီး နေအိမ် ၁၄၈ လုံး၊ လုံးဝပျက်စီးနေအိမ် လေးလုံးအတွက် ထောက်ပံ့ငွေများ ပေးအပ်ဆောင်ရွက်နေမှုအခြေအနေကို ကြည့်ရှုအားပေးပြီး ဝါးလီးကျေးရွာ ဆရာတော်အား ဖူးမြော်ကြည်ညိုကာ လှူဖွယ်ပစ္စည်းနှင့် နဝကမ္မအလှူငွေများ ဆက်ကပ်လှူဒါန်းကြသည်။



ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ပင်လောင်းမြို့နယ်ခန်းမတွင် မြို့ပေါ်ရပ်ကွက် (၅) ရပ်ကွက်အတွင်း လျှော်ဘေးဒဏ်သင့်၍ တစ်စိတ်တစ်ပိုင်းပျက်စီးနေအိမ် ၃၈ လုံးနှင့် လုံးဝပျက်စီးနေအိမ် လေးလုံးတို့ကိုလည်းကောင်း၊ နောင်တရားမြို့ စန္ဒာခမ်းဓမ္မာရုံတွင် ပေါ့အင်ကျေးရွာအုပ်စုအတွင်း လျှော်ဘေးဒဏ်သင့်၍ တစ်စိတ်တစ်ပိုင်းပျက်စီးနေအိမ် ၃၂ လုံးတို့ကိုလည်းကောင်း ထောက်ပံ့ငွေများပေးအပ်၍ ပြည်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးစကား ပြောကြားသည်။

မွန်းလွဲပိုင်းတွင် ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့သည် တီကျစ်ကျေးရွာအုပ်စု နောင်မွန်ကျေးရွာသို့ရောက်ရှိကာ နောင်မွန်ကျောင်းတိုက်ဆရာတော်အား ဖူးမြော်ကြည်ညို၍ လှူဖွယ်ပစ္စည်းနှင့် နဝကမ္မအလှူငွေများ ဆက်ကပ်လှူဒါန်းပြီး ဒေသခံပြည်သူများနှင့် တွေ့ဆုံသည်။

ယင်းနောက် တွေ့ဆုံပွဲသို့တက်ရောက်ကြသည့် ဒေသခံပြည်သူများက ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေး၊ လျှပ်စစ်မီးရရှိရေး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဒေသဖွံ့ဖြိုးရေးလိုအပ်ချက်များကို တင်ပြကြရာ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဥက္ကဋ္ဌ ဦးခွန်ရဲထွေးက တင်ပြချက်များအပေါ် ပြန်လည်ဆောင်ရွက်ပေးမည့် အခြေအနေများကို ရှင်းလင်းပြောကြားပြီး ပြည်နယ်ဝန်ကြီးချုပ်က သက်ဆိုင်ရာလုပ်ငန်းကဏ္ဍအလိုက် ဌာနဆိုင်ရာများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးမည့် အခြေအနေများကို ဖြည့်စွက်ပြောကြားသည်။

ထိုမှတစ်ဆင့် ပြည်နယ်ဝန်ကြီးချုပ်သည် အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ် ကျော်နိုင်ဦး၊ ပြည်နယ်စီးပွားရေးရာဝန်ကြီး၊ ပြည်နယ်အစိုးရအဖွဲ့ အတွင်းရေးမှူးနှင့် တာဝန်ရှိသူများနှင့်အတူ ကလောမြို့နယ် အမှတ်(၁) ရပ်ကွက် ဓမ္မဝိသုဇ္ဇနဓမ္မာရုံတွင် မဲရုံဖွင့်လှစ်ပြင်ဆင်ဆောင်ရွက်ထားရှိမှု အခြေအနေ၊ ကလောမြို့အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း တေဇခန်းမဆောင်တွင် မဲရုံပြင်ဆင်ဆောင်ရွက်ထားရှိမှု အခြေအနေ၊ အောင်ပန်းမြို့ အမှတ် (၁၀) အခြေခံပညာအထက်တန်းကျောင်းအတွင်း မဲရုံပြင်ဆင်ဆောင်ရွက်ထားရှိမှုအခြေအနေ၊ ဟဲဟိုးမြို့ အမှတ် (၄) အခြေခံပညာအထက်တန်းကျောင်းအတွင်း မဲရုံပြင်ဆင်ဆောင်ရွက်ထားရှိမှု အခြေအနေတို့ကို ကြည့်ရှုစစ်ဆေးကာ မဲရုံများစနစ်တကျရှိစေရေး ဆောင်ရွက်ရန်နှင့် လိုအပ်သည်များ ဖြည့်စွက်မှာကြားခဲ့ကြောင်း သိရသည်။ **ဇော်နိုင်လင်း**

# ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် တိုင်းဒေသကြီးအတွင်း မြို့နယ်များရှိ မဲရုံများပြင်ဆင်ထားရှိမှု ကွင်းဆင်းကြည့်ရှုစစ်ဆေး



**ရန်ကုန် ဇန်နဝါရီ ၉**

ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းနှင့် တိုင်းဒေသကြီးဝန်ကြီးများသည် ယနေ့ မွန်းလွဲပိုင်းတွင် ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် တိုင်းဒေသကြီးအတွင်း မြို့နယ်များရှိ မဲရုံများပြင်ဆင်ထားရှိမှုကို ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။

**ကြည့်ရှုစစ်ဆေး**

ဦးစွာ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းနှင့် အဖွဲ့သည် ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ရန်ကုန်တိုင်းဒေသကြီးအတွင်း ဒေါပုံမြို့နယ် ယမုံနာ (၂) ရပ်ကွက် အမှတ်(၇)အခြေခံပညာမူလတန်းကျောင်းရှိ မဲရုံအမှတ်(၁) ပြင်ဆင်ထားရှိမှု၊ တောင်ဥက္ကလာပမြို့နယ် အမှတ်(၈)ရပ်ကွက် အမှတ်(၉) အခြေခံပညာမူလတန်းကျောင်းရှိ မဲရုံအမှတ်(၁) ပြင်ဆင်ထားရှိမှု၊ ဗဟန်းမြို့နယ် ဆရာစံရပ်ကွက် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းရှိ မဲရုံအမှတ်(၁)နှင့် မဲရုံအမှတ်(၂) ပြင်ဆင်ထားရှိမှုများကို ကြည့်ရှုစစ်ဆေးပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်က မဲစာရင်းများကို မဲဆန္ဒရှင်ပြည်သူများ လွယ်ကူစွာ ကြည့်ရှုစေရေးနှင့် မဲစာရင်းအမှတ်စဉ်များကို မဲဆန္ဒရှင်ပြည်သူများ ကြိုတင်သိရှိစေရေးအတွက် တာဝန်ရှိသူများ ပူးပေါင်းဆောင်ရွက်ကြရန် မှာကြားခဲ့ကြောင်း သိရသည်။

**ဖွဲ့ထက်ကို**

**(ပြန်/ဆက်)**

# ဘိုကလေးမြို့နယ်၌ မဲရုံများ ပြင်ဆင်ဆောင်ရွက်ထားရှိမှု ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးတင်ဆွေဝင်းနှင့်အဖွဲ့ ကြည့်ရှုအားပေး

**ဘိုကလေး ဇန်နဝါရီ ၉**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ဘိုကလေးမြို့နယ်၌ ဇန်နဝါရီ ၁၁ ရက်တွင်ကျင်းပမည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအတွက် မဲရုံများ ပြင်ဆင်ထားရှိမှုကို ယနေ့မွန်းလွဲပိုင်းတွင် ပြည်ထောင်စု ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ဝင် ဦးတင်ဆွေဝင်းနှင့် တာဝန်ရှိသူများက လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ဝင်နှင့် ဧရာဝတီတိုင်းဒေသကြီး ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးလှမိုးနှင့် အဖွဲ့၊ ဖျာပုံခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဝင်နှင့် ကော်မတီဝင်များ၊ ဖျာပုံခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌနှင့် အဖွဲ့၊ ဘိုကလေးမြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် ကော်မတီဝင်များ၊ ဘိုကလေးမြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ တာဝန်ရှိသူများသည် ဘိုကလေးမြို့ပေါ်မှ အမှတ်(၂)၊ အမှတ်(၄)၊ အမှတ်(၅)၊ အမှတ်(၆)၊ အမှတ် (၇) ရပ်ကွက်များရှိ မဲရုံများပြင်ဆင်ထားရှိမှု အခြေအနေများကို ကြည့်ရှုအားပေးပြီး ရွေးကောက်ပွဲကို အချိန်ကြန့်ကြာမှုမရှိစေဘဲ လွယ်ကူအောင်မြင်စွာ ကျင်းပနိုင်ရေး လိုအပ်သည့် ညွှန်ကြားမှုများကို သက်ဆိုင်ရာ မဲရုံတာဝန်ရှိသူများထံ မှာကြားခဲ့ကြောင်း သိရသည်။

**မိုးစက်(ဘိုကလေး)**



# စလင်းမြို့နယ်၌ အထွေထွေရွေးကောက်ပွဲအပိုင်း(၂)တွင်ပါဝင်သည့် မဲရုံများပြင်ဆင်ထားရှိမှု ကွင်းဆင်းစစ်ဆေး

**စလင်း ဇန်နဝါရီ ၉**

မကွေးတိုင်းဒေသကြီး စလင်းမြို့နယ်၌ ခရိုင်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးအေးလွင်၊ အဖွဲ့ဝင် ဒုတိယဗိုလ်မှူးကြီး တင်မောင်ဦး၊ ဒုတိယရဲမှူးကြီး မောင်မောင်၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန ဦးစီးမှူး ဦးစိုးမင်းလတ်နှင့် တာဝန်ရှိသူများသည် ယနေ့တွင် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အပိုင်း (၂) တွင် ပါဝင်သည့် မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် စလင်းမြို့နယ်အတွင်းရှိ မြင်တင်ရပ်ကွက် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၊ စာစီကျောင်းရပ်ကွက် မူလတန်းကျောင်း၌လည်းကောင်း မဲရုံများ ကြိုတင်ပြင်ဆင်ထားရှိမှုအခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးသည်။

ဦးစွာ မြန်မာအီလက်ထရောနစ်မဲပေးစက်(MEVM)များအား သတ်မှတ်ပုံစံအတိုင်း စနစ်တကျ နေရာချထားပြီးစီးမှု ရှိ/မရှိ အခြေအနေများ၊ မဲရုံတာဝန်ကျသူများအနေဖြင့် မိမိတို့ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များအတိုင်း ပြည့်စုံစွာ ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားခြင်း ရှိ/မရှိ အခြေအနေများ၊ မဲရုံများ အတွင်း/အပြင် သန့်ရှင်းရေးဆောင်ရွက်ထားရှိမှု အခြေအနေများ၊ မဲရုံများ၏ အလင်းအမှောင်ကိုကြည့်ရှု၍ လျှပ်စစ်မီးရရှိရေး ဆောင်ရွက်ထားမှုအခြေအနေများ၊ မဲဆန္ဒရှင်များ ဆန္ဒမဲပေးရာတွင် အချိန်ကြွဲကြာမှု မရှိစေရေးမဲစာရင်းအမှတ်စဉ်၊ နံပါတ်ပါ အသိပေးကြေညာခြင်း Slip များ မဲဆန္ဒရှင်ပြည်သူများထံ ဖြန့်ဝေထားရှိမှုအခြေအနေများ စသည်တို့ကို လိုက်လံကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**မောင်လွင်(စလင်း)**

# သီရိလင်္ကာနိုင်ငံ၌ ဆိုင်ကလုန်းမုန်တိုင်းဒီဝါကြောင့် ထိခိုက်သူများအတွက် နေအိမ်ပြန်လည်တည်ဆောက်ရေး အစီအစဉ်စတင်

**ကိုလံဘို ဇန်နဝါရီ ၉**
သီရိလင်္ကာနိုင်ငံ၌ ဆိုင်ကလုန်းမုန်တိုင်းကြောင့် ထိခိုက်ခဲ့ရသည့် မိသားစုများအတွက် နေအိမ်ပြန်လည် တည်ဆောက်ရေးနှင့် ထောက်ပံ့ကြေးပေးသည့် အစီအစဉ်ကို ဇန်နဝါရီ ၉ ရက်တွင် စတင်နေပြီဖြစ်ကြောင်း သမ္မတ၏ မီဒီယာဌာနခွဲ (ပီအမ်ဒီ) က ပြောကြားသည်။

အစိုးရ၏ သီရိလင်္ကာကို ပြန်လည်တည်ဆောက်ခြင်း "Re-building Sri Lanka" အစီအစဉ်၏ တစ်စိတ်တစ်ပိုင်းဖြစ်သော အဆိုပါပဏာမခြေလှမ်းကို အနုရာဒါပူရာနှင့် ကူရူနီဂါလာခရိုင်တို့တွင် စတင်၍ ဂယ်နီဝါ၊ ရာဂျန်ဂါနာယာ၊ နီကာ ဝါရာတီယာနှင့် ရစ်ဒီးဂါမာတို့တွင် အိမ်ရာသစ်စီမံကိန်းဖွင့်ပွဲ ကျင်းပခဲ့ကြောင်း ပီအမ်ဒီက ထုတ်ပြန်ထားသည်။



အဆိုပါ အစီအစဉ်သည် ဆိုင်ကလုန်း မုန်တိုင်းဒဏ်ကြောင့် ကြီးမားစွာပျက်စီးခဲ့ရသည့် အစုအဖွဲ့များကိုပံ့ပိုးကူညီရန် ရည်ရွယ်ကြောင်း သိရသည်။

သီရိလင်္ကာနိုင်ငံ တစ်ဝန်း နေအိမ် ၂၀၀၀၀ နှင့် ၂၅၀၀၀ ကြား ပြန်လည်တည်ဆောက်ရန် လိုအပ်ကြောင်း၊ နေအိမ် ၆၀၀၀ ခန့်မှာ လုံးဝပျက်စီးသွားပြီး ခန့်မှန်းခြေ နေအိမ် ၁၇၀၀၀ မှ ၁၈၀၀၀ ကျော်မှာ တစ်ဝက်တစ်ပျက် သို့မဟုတ် အန္တရာယ်ရှိသည်ဟု ယူဆရသည့် နေရာတွင် တည်ရှိကြောင်း သမ္မတ အနူရာကုမာရာဒစ္စနာယာကီက အခမ်းအနားတွင် ပြောကြားသည်။

ဆိုင်ကလုန်းမုန်တိုင်းဒီဝါကြောင့် သီရိလင်္ကာနိုင်ငံ၏ စီးပွားရေးမှာ ၄ ဒသမ ၁ ဘီလီယံဒေါ်လာ ဆုံးရှုံးခဲ့ကြောင်း သိရသည်။ **ဆင်ဟွာ**

# အာဆီယံနှင့် အီးယူသို့ ပို့ကုန်များမှ ကမ္ဘောဒီးယားနိုင်ငံ၏ ဝင်ငွေ အမေရိကန်ဒေါ်လာ ၁၀ ဘီလီယံကျော် ရရှိ

**ဖနောင်ပင် ဇန်နဝါရီ ၉**
၂၀၂၅ ခုနှစ်အတွင်း ကမ္ဘောဒီးယားနိုင်ငံသည် အရှေ့တောင်အာရှနိုင်ငံများ အသင်း (အာဆီယံ) နှင့် ဥရောပသမဂ္ဂ(အီးယူ)တို့သို့ ပို့ကုန်တင်ပို့ခြင်းဖြင့် ဝင်ငွေ အမေရိကန်ဒေါ်လာ ၁၀ ဒသမ ၆၇ ဘီလီယံ ရရှိခဲ့သည်ဟု ကုန်သွယ်ရေးဝန်ကြီးဌာနက ဇန်နဝါရီ ၉ ရက်တွင် အစီရင်ခံစာ ထုတ်ပြန်သည်။

လွန်ခဲ့သည့် နှစ်အတွင်း ကမ္ဘောဒီးယားနိုင်ငံသည် အာဆီယံအဖွဲ့ဝင်နိုင်ငံများသို့ အမေရိကန်ဒေါ်လာ ၅ ဒသမ ၆၇ ဘီလီယံ တန်ကြေးရှိ ကုန်ပစ္စည်းများတင်ပို့နိုင်ခဲ့ပြီး ၂၀၂၄ ခုနှစ်ကနှင့်နှိုင်းယှဉ်လျှင် ၉ ဒသမ ၈ ရာခိုင်နှုန်း တိုးတက်လာသည်ဟု အစီရင်ခံစာတွင် ဖော်ပြထားသည်။

ထို့ပြင် ၂၀၂၅ ခုနှစ်အတွင်း အီးယူသို့ အမေရိကန်ဒေါ်လာ ၅ ဘီလီယံတန်ကြေးရှိသည့် ကုန်ပစ္စည်းများ တင်ပို့နိုင်ခဲ့ကာ ၂၀၂၄ ခုနှစ်ကနှင့်နှိုင်းယှဉ်လျှင် ၁၃ ဒသမ ၅ ရာခိုင်နှုန်း တိုးတက်လာသည်ဟု အစီရင်ခံစာအရ သိရသည်။

၂၀၂၅ ခုနှစ်အတွင်း အာဆီယံဈေးကွက်သည် ၁၈ ဒသမ ၁ ရာခိုင်နှုန်းရှိပြီး အီးယူဈေးကွက်သည် ကမ္ဘောဒီးယားနိုင်ငံ၏ စုစုပေါင်းပို့ကုန်ပမာဏ၏ ၁၆ ရာခိုင်နှုန်းရှိသည်ဟု အစီရင်ခံစာတွင် ဖော်ပြထားသည်။

ကမ္ဘောဒီးယားနိုင်ငံမှ အာဆီယံနိုင်ငံများနှင့် အီးယူသို့ အဓိကတင်ပို့သည့်ပို့ကုန်များမှာ အဝတ်အထည်၊ ချည်မျှင်၊ ရှူးဖိနပ်၊ အိတ်များ၊ စက်ဘီးများ၊ ကားတာယာများ၊ စိုက်ပျိုးရေးထုတ်ကုန်နှင့် လျှပ်စစ်ပစ္စည်းအချို့တို့ ပါဝင်သည်။ **ဆင်ဟွာ**



ကမ္ဘောဒီးယားနိုင်ငံရှိ ဆီဟန်နိုဗီလီအထူးစီးပွားရေးဇုန်ကို ၂၀၂၅ ခုနှစ် မေ ၂၂ ရက်က တွေ့ရစဉ်။

# မိုဇမ်ဘစ်၌ မိုးသည်းထန်စွာရွာသွန်း၊ ၈၅ ဦးထက်မနည်းသေဆုံး၊ ၇၀ ဒဏ်ရာရရှိ လူပေါင်း ၁၀၅၀၀၀ ကျော် ထိခိုက်ခဲ့ရ

**မပူတို ဇန်နဝါရီ ၉**
မိုဇမ်ဘစ်နိုင်ငံ၌ အောက်တိုဘာလမှစကာ လက်ရှိ မိုးရာသီဖြစ်ပွားနေချိန် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် လူ ၈၅ ဦးထက်မနည်း သေဆုံးပြီး ၇၀ ဒဏ်ရာရရှိကြောင်း ဒေသတွင်းမီဒီယာ O Pais က ဖော်ပြထားသည်။

**လူပေါင်း ၁၀၅၀၀၀ ကျော် ထိခိုက်ခံစား**

အဆိုပါကာလအတွင်း ဆိုးရွားသည့် ရာသီဥတုအခြေအနေကြောင့် လူပေါင်း ၁၀၅၀၀၀ ကျော် ထိခိုက်ခံစားခဲ့ရကြောင်း၊ နေအိမ် ၉၈၅၁ လုံးမှာ လုံးဝ သို့မဟုတ် တစ်ဝက်တစ်ပျက်ပျက်စီးခဲ့ပြီး အခြားနေအိမ် ၈၉၆၉ လုံးမှာ ရေကြီးနစ်မြုပ်သွားခဲ့ကြောင်း နိုင်ငံ၏ဘေးအန္တရာယ်စီမံခန့်ခွဲမှု အာဏာပိုင်အဖွဲ့က ထုတ်ပြန်ထားသည်။

**လယ်ယာမြေ ဟက်တာ ၆၄၀၀ ကျော်မှာ ရေနစ်မြုပ်**

စိုက်ပျိုးရေးကဏ္ဍ၌ လယ်ယာမြေ ဟက်တာ ၆၄၀၀ ကျော်မှာ ရေနစ်မြုပ်သွားခဲ့ပြီး ၁၇ ဒသမ ၇ ဟက်တာခန့် ဆုံးရှုံးသွားကာ လယ်သမား ၂၈၆၆ ဦး ထိခိုက်ခံစားရကြောင်း သိရသည်။

**မိုးရွာသွန်းမှုအမြင့်ဆုံးရောက်ရှိနေ**

မိုဇမ်ဘစ်နိုင်ငံသည် လက်ရှိတွင် မိုးရာသီ၏ မိုးရွာသွန်းမှု အမြင့်ဆုံးရောက်ရှိနေပြီး အထူးသဖြင့် နိုင်ငံအလယ်ပိုင်းနှင့် တောင်ပိုင်းဒေသတို့တွင် မိုးသည်းထန်စွာရွာသွန်းမှုနှင့် လေပြင်းတိုက်ခတ်မှုတို့အတွက် မကြာခဏ သတိပေးချက်များ ထုတ်ပြန်ထားသည့် ကာလဖြစ်ကြောင်း သိရသည်။ **ဆင်ဟွာ**

# ဆေးဘက်ဆိုင်ရာအကြောင်းပြချက်ဖြင့် အိုင်အက်စ်အက်စ်မှ အာကာသယာဉ်မှူးများ ကမ္ဘာပေါ်သို့ စောစီးစွာပြန်လာမည်

**လော့စ်အိန်ဂျလိစ် ဇန်နဝါရီ ၉**
နိုင်ငံတကာအာကာသစခန်းမှ အာကာသယာဉ်မှူး လေးဦးပါဝင်သည့် အဖွဲ့သည် ကျန်းမာရေးဆိုင်ရာအကြောင်းပြချက်ဖြင့် ကမ္ဘာမြေပေါ်သို့ စောစီးစွာပြန်လာမည်ဟု အမေရိကန် အာကာသအေဂျင်စီ နာဆာက ပြောသည်။

အဖွဲ့ဝင်တစ်ဦးမှာ ဆေးဘက်ဆိုင်ရာ အခြေအနေတစ်ခုနှင့် ကြုံတွေ့ရပြီး ရောဂါရှာဖွေရန်နှင့် ကုသမှုခံယူရန် ကမ္ဘာမြေပေါ်သို့ ပြန်လာမည်ဖြစ်ကြောင်း ဇန်နဝါရီ ၈ ရက်တွင် နာဆာမှပြုလုပ်သည့် သတင်းစာရှင်းလင်းပွဲတွင် ပြောသည်။ ဆေးကုသမှုခံယူရမည့် အဖွဲ့ဝင်၏ အသေးစိတ်အချက်အလက်များနှင့် ဆေးဘက်ဆိုင်ရာအခြေအနေများကို အာကာသအေဂျင်စီက ထုတ်ဖော်ပြောကြားခဲ့ခြင်း မရှိချေ။

အဆိုပါအဖွဲ့ဝင်မှာ ဆွဲအားအလွန်နည်းပါးသည့် ပတ်ဝန်းကျင်အခြေအနေကြောင့် ကျန်းမာရေးဆိုးရွားသည့်အခြေအနေနှင့် ယာယီကြုံတွေ့နေရပြီး ယခုအခါ အခြေအနေပြန်လည်တည်ငြိမ်နေပြီဟု အရာရှိများကပြောသည်။ လာမည့်ရက်များအတွင်း အာကာသယာဉ်မှူးများ ကမ္ဘာမြေပေါ်သို့ ပြန်လာမည့်ရက်စွဲကို ဆုံးဖြတ်သွားမည်ဟု နာဆာက ပြောသည်။

လွန်ခဲ့သည့်နှစ် ဩဂုတ်လအတွင်းမှစတင်ကာ နိုင်ငံတကာအာကာသစခန်း၌ တာဝန်ကျခဲ့ခြင်းဖြစ်ပြီး ဖေဖော်ဝါရီနှောင်းပိုင်း သို့မဟုတ် ယင်းထက်နောက်ကျသည့်ကာလတွင် ကမ္ဘာမြေပေါ်သို့ ပြန်လာမည်ဟု စီစဉ်ထားသည်။

လုပ်ငန်းတာဝန်များကို ဆက်လက်ဆောင်ရွက်ရန် အမေရိကန် အာကာသယာဉ်မှူးတစ်ဦးနှင့် ရုရှား အာကာသယာဉ်မှူးနှစ်ဦးတို့သည် နိုင်ငံတကာအာကာသစခန်းတွင် ကျန်ရစ်ခဲ့မည်ဖြစ်သည်။ ဆေးဘက်ဆိုင်ရာအခြေအနေကြောင့် ကမ္ဘာပေါ်သို့ စောစီးစွာပြန်လာရသည့်ဖြစ်စဉ်မှာ ၂၅ နှစ်အတွင်း ပထမဦးဆုံးအကြိမ်ဖြစ်သည်ဟု အရာရှိများက ပြောသည်။ **အင်န်အိတ်ချ်ကေ**

# ဖိလစ်ပိုင်နိုင်ငံ၌ ကြီးမားသော အမှိုက်ပုံပြိုကျ လူဒါဇင်ပေါင်းများစွာ ပိတ်မိ

**မနီလာ ဇန်နဝါရီ ၉**
ဖိလစ်ပိုင်တွင် ကြီးမားသောအမှိုက်ပုံကြီးပြိုကျမှုကြောင့် လူတစ်ဦးထက်မနည်း သေဆုံးခဲ့သည်။ ကယ်ဆယ်ရေးလုပ်သားများသည် ပိတ်မိနေသည့် လူဒါဇင်ပေါင်းများစွာကို ရှာဖွေလျက်ရှိသည်။

ဖိလစ်ပိုင်နိုင်ငံ အလယ်ပိုင်း စီဘူးမြို့၌ ဇန်နဝါရီ ၈ ရက်က အမှိုက်ပုံကြီးတစ်ခု ပြိုကျခဲ့ကြောင်း ဒေသတွင်းတာဝန်ရှိသူများက ပြောကြားခဲ့သည်။

ပြိုကျအမှိုက်ပုံမှ အမှိုက်များသည် အနီးနားရှိ အဆောက်အအုံများထဲသို့ လှိုင်းလုံးကြီးများသဖွယ် တိုးဝင်သွားပြီး အမှိုက်လှိုင်းလုံးကြီးများပြိုကျရာ လမ်းကြောင်းတစ်လျှောက်ရှိ အမှိုက်ပုံလုပ်သားများအပါအဝင် အရာအားလုံးကို ဖုံးလွှမ်းသွားခဲ့သည်။

အလုပ်သမားတစ်ဦးကို ကယ်ဆယ်နိုင်ခဲ့သော်လည်း နောက်ပိုင်းတွင် သေဆုံးသွားခဲ့သည်။ အမှိုက်ပုံပြိုကျမှုကြောင့် လူ ၃၄ ဦး ပျောက်ဆုံးနေဆဲဖြစ်ပြီး အနည်းဆုံး ၁၂ ဦး ဒဏ်ရာရရှိခဲ့ကြောင်း တာဝန်ရှိသူများက ပြောသည်။ ပြိုကျချိန်တွင် အဆိုပါဒေသသည် မိုးရွာခြင်း သို့မဟုတ် ငလျင်လှုပ်ခတ်ခြင်းမျိုး မကြုံခဲ့ရကြောင်း၊ ဖိလစ်ပိုင်ရှိ အမှိုက်ပုံများနှင့် အမှိုက်စွန့်ပစ်ရာနေရာများသည် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် သန့်ရှင်းရေးဆိုင်ရာ စိုးရိမ်မှုများကိုဖြစ်ပေါ်စေကြောင်း ၎င်းတို့က ဆိုသည်။ **အင်န်အိတ်ချ်ကေ**



# မန္တလေးမြို့၌ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲဆိုင်ရာ အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေ

**နေပြည်တော် ဇန်နဝါရီ ၉**

ဆန္ဒပြုမဲပေးခြင်းသည် နိုင်ငံသားများ၏ အမျိုးသားရေးတာဝန် ထမ်းဆောင်ခြင်းဖြစ်ရာ ရွေးကောက်ပွဲမှတစ်ဆင့် ပိုမိုအားကောင်းသော အနာဂတ်ကို ဖော်ဆောင်နိုင်ရန်အတွက် မြန်မာနိုင်ငံသားအားလုံးက အားတက်သရော ပါဝင်ဆောင်ရွက်လျက်ရှိသည်။ ထို့အတူ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ တာဝန်ရှိသူများကလည်း သက်ဆိုင်ရာအဖွဲ့အစည်းများနှင့် ပူးပေါင်း၍ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ဆောင်ရွက်လျက်ရှိသည်။ ထိုသို့ ဆောင်ရွက်လျက်ရှိရာ ၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ ၁၁ ရက်နေ့တွင်ကျင်းပမည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အပိုင်း(၂)တွင် နိုင်ငံသူ/ နိုင်ငံသားအားလုံး ပါဝင်မဲပေးနိုင်ခွင့် အခွင့်အရေး ပြည့်ဝစွာရရှိရေးအတွက် "ဒို့အတူမဲပေးကြမည်"၊ "ရွေးကောက်ပွဲမှသည် ပိုမိုကောင်းမွန်သော အနာဂတ်ဆီသို့" ရွေးကောက်ပွဲအသိပညာပေးဆိုင်ရာ လက်ကမ်းစာစောင်များ ပြည်သူများထံသို့ ဖြန့်ဝေခြင်းကို ယနေ့နံနက်ပိုင်းက မန္တလေးတိုင်းဒေသကြီး မဟာအောင်မြေမြို့နယ် ၇၈လမ်းနှင့် ၃၈ လမ်းထောင့်၌လည်းကောင်း၊ လမ်း ၈၀ နှင့် ၄၁ လမ်းထောင့်၌လည်းကောင်း၊ ၈၄ လမ်း၊ ၃၈ လမ်းနှင့် ၄၁ လမ်းကြားရှိ မန်းမြို့ဈေး၌လည်းကောင်း ဆောင်ရွက်ကြသည်။

ထိုသို့ ရွေးကောက်ပွဲအသိပညာပေးဆိုင်ရာ လက်ကမ်းစာစောင်များ ပြည်သူများထံသို့ ဖြန့်ဝေခြင်းကို မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် တင်မင်းလတ်နှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုအသင်းအဖွဲ့များ ပူးပေါင်း၍ ဆောင်ရွက်ခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



# ကချင်ပြည်နယ်ဝန်ကြီးချုပ် (၇၈)နှစ်မြောက် ကချင်ပြည်နယ်နေ့အထိမ်းအမှတ် အကြိုမနောအကဖွင့်လှစ်၍ အသင်းအဖွဲ့များ၊ ဌာနဆိုင်ရာများနှင့်အတူ စုပေါင်းဆင်နွှဲ

**မြစ်ကြီးနား ဇန်နဝါရီ ၉**

၂၀၂၆ ခုနှစ် ဇန်နဝါရီ ၁၀ ရက်တွင် ကျရောက်မည့် ကချင်ပြည်နယ်နေ့ အထိမ်းအမှတ် ကချင်ပြည်နယ်အစိုးရအဖွဲ့ကကြီးမှူးကျင်းပသည့် မနောပွဲပထမနေ့ အခမ်းအနားနှင့် အကြိုမနောပွဲ ကို ယနေ့နံနက်ပိုင်းက ပြည်နယ်အစိုးရအဖွဲ့ရုံးရှေ့ မြက်ခင်းပြင်၌ စည်ကားသိုက်မြိုက်စွာ ကျင်းပသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်က (၇၈)နှစ်မြောက် ကချင်ပြည်နယ်နေ့ကို ကြိုဆိုသောအားဖြင့် အကြိုမနောပွဲကို အတူတကွ ပျော်ရွှင်စွာ ပူးပေါင်းဆင်နွှဲခွင့်ရသည့်အတွက် အထူးပင် ဝမ်းမြောက်ဂုဏ်ယူပါကြောင်း၊ ယနေ့မနောပွဲတွင် ပါဝင်ဆင်နွှဲကြသူများအားလုံး ကျန်းမာ၊ ချမ်းသာပြီး အောင်မြင်သောဘဝကိုယ်စီပိုင်ဆိုင်နိုင်ကြပါစေကြောင်းနှင့် ကချင်ပြည်နယ်ကြီး အေးချမ်းသာယာဖွံ့ဖြိုးတိုးတက်သော ပြည်နယ်ဖြစ်လာပါစေကြောင်း ဆုမွန်ကောင်းတောင်း ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားသည်။

ထို့နောက် ကတ်သလစ်အသင်းတော် ဘုန်းတော်ကြီးက (၇၈)နှစ်မြောက် ကချင်ပြည်နယ်နေ့ အထိမ်းအမှတ် မနောအကအတွက် ကောင်းချီးတောင်းခံ၍ ဆုတောင်းဆက်ကပ်အပ်နှံပေးသည်။

ယင်းနောက်မနောအကကို မနောအကဦးဆောင်သူ နောင်ရှောင်များနှင့်အတူ ပြည်နယ်ဝန်ကြီးချုပ်နှင့် ဇနီး၊ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အောင်ဇော်ထွေးနှင့် ဇနီး၊ တပ်မတော်အရာရှိကြီးများ၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများနှင့် ၎င်းတို့၏ ဇနီးများ၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်အစိုးရအဖွဲ့အတွင်းရေးမှူးနှင့် ဇနီး၊



ကချင်မျိုးနွယ်စု ခြောက်မျိုး၊ ရှမ်းမျိုးနွယ်စု ငါးမျိုး၊ ဗမာနှင့် ရခိုင်၊ ကရင်၊ ချင်း စသည့် တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအသင်းအဖွဲ့အသီးသီးမှ တာဝန်ရှိသူများ၊ မြို့မိမြို့ဖများ၊ အထူးဖိတ်ကြားထားသော ဧည့်သည်တော်များနှင့်အတူ မနောကွင်းအတွင်း ရိုးရာအစဉ်အလာနှင့်အညီ အတူတကွ တစ်ပျော်တစ်ပါး စုပေါင်းဆင်နွှဲကြသည်။

ယမန်နေ့ ညနေပိုင်းကလည်းပြည်နယ်ဝန်ကြီးချုပ်သည် မြစ်ကြီးနားမြို့ ငြိမ်းချမ်းသာယာ ဘောလုံးကွင်းအတွင်း၌ ကချင်ပြည်နယ်စက်သုံးဆီလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌနှင့် အသင်းဝင်များပူးပေါင်း၍ (၇၈)နှစ်မြောက် ကချင်ပြည်နယ်နေ့ အထိမ်းအမှတ် အမျိုးသားအလွတ်တန်း ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲသို့တက်ရောက်ပြီး ဗိုလ်လုပွဲစဉ်အဖြစ် ဒူဒူရှရော်အသင်းနှင့် Kachin Youth FC အသင်းတို့၏ ယှဉ်ပြိုင်ကစားမှုကို ကြည့်ရှုအားပေးရာ Kachin Youth FC အသင်းက တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရဗိုလ်စွဲသည်။

ဆက်လက်၍ ဆုချီးမြှင့်ပွဲကို ဆက်လက်ကျင်းပရာ ပြည်နယ်စက်သုံးဆီလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌက ပြိုင်ပွဲဝင်အသင်း ရှစ်သင်းအတွက် တစ်သင်းလျှင် ငွေကျပ် ငါးသိန်းစီကိုလည်းကောင်း၊ ကချင်ပြည်နယ်ဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ပြိုင်ပွဲဖြစ်မြောက်ရေးအတွက် ပါဝင်ကူညီခဲ့ကြသူများအား ဂုဏ်ပြုချီးမြှင့်ငွေများကိုလည်းကောင်း၊ ပြည်နယ်ဝန်ကြီးများနှင့် ပြည်နယ်အဆင့်ဌာနဆိုင်ရာများက နေရာအလိုက် အကောင်းဆုံးဆုများနှင့် ပြိုင်ပွဲတစ်လျှောက် အကောင်းဆုံးဆုရရှိသူများကိုလည်းကောင်း ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်သည်။

ထို့နောက် ပြည်နယ်ဝန်ကြီးများက တတိယနှင့် ဒုတိယဆုရအသင်းများကိုလည်းကောင်း၊ ပြည်နယ်ဝန်ကြီးချုပ်က ပထမဆုရအသင်းကိုလည်းကောင်း တစ်ဦးချင်း ဆုတံဆိပ်နှင့် ဂုဏ်ပြုချီးမြှင့်ငွေ၊ တံခွန်စိုက်ဆုဖလားတို့ကို ပေးအပ်ချီးမြှင့်သည်။

ထိုမှတစ်ဆင့် ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ပြည်သူ့အားကစားကွင်းအတွင်း မိုးလုံလေလုံအားကစားခန်းမ၌ (၇၈)နှစ်မြောက် ကချင်ပြည်နယ်နေ့အထိမ်းအမှတ် မြန်မာ့ရိုးရာလက်ဝှေ့စိန်ခေါ်ပွဲသို့တက်ရောက်ပြီး ရိုးရာလက်ဝှေ့စိန်ခေါ်ပွဲကို ပြည်နယ်ဝန်ကြီးချုပ်နှင့် ပြည်နယ်ဝန်ကြီးများ၊ အထက်မြန်မာပြည် ရိုးရာလက်ဝှေ့အဖွဲ့ချုပ်ဥက္ကဋ္ဌတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ယင်းနောက် ရိုးရာလက်ဝှေ့စိန်ခေါ်ပွဲအဖြစ် ရွှေခါးပတ်ချန်ပီယံ ထွန်းနိုင်ဦးနှင့် သိန်း(၃၀) အောင်လံဆုရ အောင်ကိုလတ်တို့ တွဲဆိုင်းအပါအဝင် ရိုးရာလက်ဝှေ့ကလပ်များဖြစ်ကြသည့် YMA ကလပ်၊ ကျားဖေဖေကလပ်၊ မြစ်ကြီးနားကလပ်၊ Nine Lethwei Club၊ ရွှေအောင်လံကလပ်၊ ဘွန်းဒူကလပ် စသည့်ကလပ်အသစ်များမှ ခါးပတ်ပိုင်ရှင်များ၊ လူငယ်မျိုးဆက်သစ်လက်ဝှေ့သမားများ၏ ယှဉ်ပြိုင်ထိုးသတ်မှုကို ကြည့်ရှုအားပေးပြီး ရိုးရာလက်ဝှေ့ပွဲအတွက် ပြည်နယ်ဝန်ကြီးချုပ်က ငွေကျပ်သိန်း ၅၀၊ ပြည်နယ်တိုင်းရင်းသားရေးရာဝန်ကြီးက ငွေကျပ် သိန်း ၅၀ တို့နှင့်အတူ စိန်ခေါ်ထိုးသတ်သူများအတွက် ဆုငွေများကို ချီးမြှင့်ခဲ့ကြကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

# ဒလမြို့နယ်နှင့် သပိတ်ကျင်းမြို့နယ်တို့ရှိ သံဃာတော်များနှင့် ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်

**နေပြည်တော် ဇန်နဝါရီ ၉**

ရန်ကုန်တိုင်းဒေသကြီး ဒလမြို့နယ် မော်စက်ရပ်ကွက်နှင့် ပတ်ဝန်းကျင်ရပ်ကွက်များရှိ သံဃာတော်များနှင့် ဒေသခံပြည်သူများအား ယနေ့တွင် ရန်ကုန်တိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က အဆိုပါရပ်ကွက်ရှိ မော်စက်ကျောင်းတိုက်၌အခြေပြု၍ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။



ထိုသို့ ဆောင်ရွက်ပေးရာတွင် ဆေးကုသရေးအဖွဲ့က သံဃာတော် ၁၂ ပါးနှင့် ဒေသခံပြည်သူ ၁၅၇ ဦးတို့အား အရိုးအကြောရောဂါ၊ ခွဲစိတ်ကုသမှုဆိုင်ရာ ရောဂါ၊ ကလေးရောဂါ၊ မျက်စိရောဂါ၊ နား/ နှာခေါင်း/ လည်ချောင်းရောဂါ၊ သွားနှင့် ခံတွင်းရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေး စောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးသည်။ ယင်းသို့ ဆောင်ရွက်နေမှုများကို ဒလတပ်နယ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးကာ အဆိုပါကျောင်းတိုက်ဆရာတော်အား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းခဲ့ကြသည်။

အလားတူ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်မြေခံဆေးကုသရေးအဖွဲ့က မန္တလေးတိုင်းဒေသကြီး သပိတ်ကျင်းမြို့နယ် ကျောက်ဖျာကျေးရွာရှိ ဒေသခံပြည်သူ ၁၃၅ ဦးတို့ကို အဆိုပါကျေးရွာရှိ ကျေးလက် ကျန်းမာရေးဌာနခွဲ၌ သွေးတိုးရောဂါ၊ အဆစ်အမျက်ရောင်ရောဂါ၊ ဆီးချိုရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါ၊ မျက်စိရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ ကလေးရောဂါ၊ အထွေထွေရောဂါတို့နှင့် ပတ်သက်၍လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးပြီး ကျန်းမာရေးဆိုင်ရာ အသိပညာပေးခြင်းများ ဟောပြောဆွေးနွေးကာ ဆေးရုံတက်ရောက်ကုသရန် လိုအပ်သည့် လူနာများအား နယ်မြေခံတပ်မတော်ဆေးရုံသို့ တက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးသည်။

ယင်းသို့ ဆောင်ရွက်နေမှုများကို သပိတ်ကျင်းတပ်နယ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ၂၀၂၆ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲ အထောက်အကူပြု ဇီဝဗေဒဘာသာရပ်ဆိုင်ရာ သိကောင်းစရာများ

ဒေါက်တာသက်သက်မာဝင်း၊ ပါမောက္ခ(ဌာနမှူး)၊ ရုက္ခဗေဒဌာန၊ ရန်ကုန်တက္ကသိုလ်

**မင်္ဂလာပါတပည့်တို့ ၂၀၂၆ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲအတွက် သင်ရိုးသစ် ဇီဝဗေဒဘာသာရပ်ကို လေ့လာသင်ယူနေကြတဲ့ ကျောင်းသား ကျောင်းသူများ လွယ်ကူစွာဖြေဆိုနိုင်ကြဖို့ ရည်ရွယ်ပြီး ဇီဝဗေဒပြဋ္ဌာန်းစာအုပ်ပါ အကြောင်းအရာများနှင့် မေးခွန်းပုံစံဆိုင်ရာ သိကောင်းစရာများကို ပို့ချပေးသွားမှာဖြစ်ပါတယ်။ Grade 12 ဇီဝဗေဒပြဋ္ဌာန်းစာအုပ်မှာ အခန်း(၆)ခန်း ပါဝင်ပါတယ်။ အကြောင်းအရာများ အားလုံးဟာ ဇီဝဗေဒဘာသာရပ်နှင့်ပတ်သက်ပြီး သိရှိရမယ့်အချက်များကို ပြဋ္ဌာန်းထားတာဖြစ်တဲ့အတွက် သေချာကျေညက်အောင် လေ့လာကျက်မှတ်ခြင်းအားဖြင့် မေးခွန်းအားလုံးကို အခက်အခဲမရှိဘဲ ထူးချွန်အောင်မြင်စွာ ဖြေဆိုနိုင်ကြမှာဖြစ်ပါတယ်။**

ဇီဝဗေဒဘာသာရပ်ဟာ သက်ရှိများ၏အကြောင်းကို သက်ရှိများက လေ့လာခြင်းဖြစ်ပါတယ်၊ သက်ရှိ၏အရေးအကြီးဆုံးအရာသည် အသက်ရှင်သန်ဖို့ဖြစ်ပါတယ်။ သို့အတွက်ကြောင့် အသက်ရှိခြင်းရဲ့ အစ၊ သက်ရှိများ၏ ဇီဝကမ္မဖြစ်စဉ်၊ သက်ရှိများ၏ ဆင့်ကဲပြောင်းလဲခြင်း၊ ရှင်သန်ဖို့အတွက် လိုက်လျောညီထွေဖြစ်မှု စတဲ့အကြောင်းအရာများကို နားလည်စေမည့်သင်ခန်းစာများကို ထည့်သွင်းဖော်ပြထားပါတယ်။

**Chapter 1 INTRODUCTION TO BIOLOGY** သင်ခန်းစာဟာ ဇီဝဗေဒကို ကျယ်ပြန့်စွာ ပိုင်းခြားထားသော အဓိကအကြောင်းအရာငါးခု THEMES OF BIOLOGY (Themes 1–5)နှင့် ဆက်လက်ပြီး လူတို့၏ နေ့စဉ်ဘဝတွင် ဇီဝဗေဒ၏ အရေးပါမှု၊ လူတို့၏အသက်ရှင်ရပ်တည်မှုတွင် အဓိကကျသော စားနပ်ရိက္ခာ အရင်းအမြစ်များအတွက် စိုက်ပျိုးရေး (Agriculture, Horticulture and Hydroponic Culture)၊ မွေးမြူရေး (Aquaculture and Livestock)၊ အသက်ရှင်သန်မှုအတွက် အစားအစာ(Food)၊ ကျန်းမာရေးနှင့် ဆေးဝါးအသုံးပြုခြင်း (Health and Medicine) ရှင်သန်နေထိုင်မှုအတွက် လိုအပ်သော အဝတ်အထည်နှင့် အမိုးအကာ (Clothing and Shelter)ပြုလုပ်ရာတွင်အသုံးပြုသည့်အပင်များ စသည့်အကြောင်းအရာများကို လေ့လာမှတ်သားကြရမှာ ဖြစ်ပါတယ်။

**Chapter 2 MOLECULAR BIOLOGY** မှာတော့ သက်ရှိဆဲလ်အားလုံးတွင် မရှိမဖြစ်ပါဝင်ပြီး သက်ရှိတိုင်း၏ မျိုးရိုးဆက်ခံသော လက္ခဏာများကို အဆုံးအဖြတ်ပေးသည့် DNA (Deoxyribonucleic acid) နှင့် ပရိုတင်းဖွဲ့စည်းတည်ဆောက်ခြင်း (Protein Synthesis) တွင် အဓိကအခန်းကဏ္ဍမှာ ပါဝင်သော RNA (Ribonucleic acid) မော်လီကျူးနှစ်ခုတို့၏ တည်ဆောက်ဖွဲ့စည်းပုံ၊ DNA ၏ အခန်းကဏ္ဍနှင့် ၎င်း၏ပုံတူပွားခြင်း သဘောသဘာဝ (DNA replication)၊ မျိုးရိုးဗီဇကုဒ် (GENETIC CODE) ဆိုသည်မှာ နျူကလီယိုတိုက် ကိုဒွန် (Codon)နှင့် အမိုင်နိုအက်စစ်(Amino Acid )အကြား ဆက်နွယ်မှုကို သတ်မှတ်ပေးသည့် ကုဒ်တစ်ခုဖြစ်ကြောင်း၊ သက်ရှိဆဲလ်အတွင်း ပရိုတင်းပေါင်းစပ်ဖွဲ့စည်းခြင်းဖြစ်စဉ် (PROTEIN SYNTHESIS)နှင့် ပါဝင်သောလုပ်ငန်းစဉ်များ၊ မော်လီကျူးမျိုးရိုးဗီဇဆိုင်ရာ သုတေသနမှ ပေါ်ထွက်လာသော နည်းပညာအချို့(SOME TECHNIQUES IN MOLECULAR BIOLOGY)တွင် သက်ရှိများ (အဏုဇီဝ၊ အပင်နှင့် တိရစ္ဆာန်)၏ မျိုးဗီဇများကို လိုသလိုပြုပြင်နိုင်စွမ်းရှိကြောင်း စိတ်ဝင်စားစွာ လေ့လာသိရှိကျက်မှတ်ကြရမှာ ဖြစ်ပါတယ်။

**Chapter 3 TRANSPORT SYSTEM IN ORGANISMS** တွင် TRANSPORT SYSTEM IN PLANTS အပင်များ၏ သယ်ယူပို့ဆောင်ရေးစနစ်ရှိ သယ်ယူပို့ဆောင်ရေးတစ်ရှူးများဖြစ်သော (xylem နှင့် phloem) တည်ဆောက်ပုံ၊ TRANSPORT MECHANISMS IN PLANTS အပင်များ၏ အစာ၊ ရေနှင့် inorganic ions များကို ပို့ဆောင်ပေးသည့် လုပ်ငန်းယန္တရားများ၊ TRANSPIRATION ပင်ငွေ့ပြန်ခြင်းတွင် Factors Affecting Transpiration ပင်ငွေ့ပြန်ခြင်းအပေါ် သက်ရောက်သည့် အချက်များ၊ Benefits of Transpiration ပင်ငွေ့ပြန်ခြင်း၏ အကျိုးကျေးဇူးများ၊ Demonstration of Transpiration Pull ပင်ငွေ့ပြန်ခြင်းဆွဲအားကို သရုပ်ဖော်ပြသခြင်း၊TRANSLOCATION အပင်များအတွင်း အစာအာဟာရ၊ ရေနှင့် ပျော်ဝင်ပစ္စည်းများ ရွေ့လျားရွေ့ပြောင်းခြင်းဖြစ်စဉ်အကြောင်းအရာများကို လေ့လာကြရမှာဖြစ်ပါတယ်။ ဆက်လက်၍ TRANSPORT SYSTEM IN ANIMALS သတ္တဝါများ၏ သယ်ယူပို့ဆောင်ရေးစနစ်ဖြစ်သော သွေးလည်ပတ်မှုစနစ်သည် အစုလိုက်သယ်ယူပို့ဆောင်ရေး (mass transport) ပုံစံဖြစ်ပြီး ဇီဝကမ္မဖြစ်စဉ်အတွက် လိုအပ်သောအရာဝတ္ထုများကို ခန္ဓာကိုယ်အနှံ့ အရည်စီးဆင်းမှုပုံစံယန္တရားအသွင်ဖြင့် ပို့ဆောင်ပေးသည့် အစီအစဉ်ဖြစ်ပါတယ်။ The Need for Transport ခန္ဓာကိုယ်အနှံ့ သယ်ယူပို့ဆောင်ရာတွင် လိုအပ်ချက်များ၊ Features of Mass Transport System ခန္ဓာကိုယ်တစ်လျှောက်ရှိ အရာဝတ္ထုများကို ရွှေ့ပြောင်းရန် ထိရောက်မှုရှိသည့် Mass Transport System ၏ လက္ခဏာရပ်များကို လေ့လာကြရမှာဖြစ်ပါတယ်။ CIRCULATORY SYSTEM သွေးလည်ပတ်မှုစနစ်တွင် Open circulatory system (အစွန်းဖွင့်သွေးကြော open–ended vessels များမှတစ်ဆင့် ပတ်ဝန်းကျင်တစ်ရှူးများနှင့်အင်္ဂါများကို သွေးတိုက်ရိုက်ရောက်ရှိသောစနစ်)နှင့် Closed circulatory system(နှလုံးမှ ညှစ်ထုတ်ပေးသည့်သွေးသည် (Blood vessels) သွေးလွှတ်ကြောများ၊ သွေးပြန်ကြောများနှင့် ဆံခြည်မျှင်သွေးကြောများ၏ စဉ်ဆက်မပြတ်သွေးကြောကွန်ရက်အတွင်း စီးဆင်းလှည့်ပတ်နေသော သွေးလည်ပတ်မှုစနစ်)ဟူ၍ အဓိကအမျိုးအစား နှစ်မျိုးရှိကြောင်း သိရှိရမှာဖြစ်ပါတယ်။ CARDIOVASCULAR SYSTEM IN MAMMALS နို့တိုက်သတ္တဝါများ၏ နှလုံးသွေးလည်ပတ်မှုတွင် သွေးကြောများမှတစ်ဆင့် သွေးများရွေ့လျားနိုင်ရန် ရေပန့်စက်ကဲ့သို့ ဆောင်ရွက်ပေးသည့် နှလုံး၏ဖွဲ့စည်းတည်ဆောက်ပုံ (The Structure of the Heart)၊ The Blood Vessels သွေးလွှတ်ကြော၊ သွေးပြန်ကြော၊ ဆံခြည်မျှင်သွေးကြောများ၊The components of the Blood သွေးတွင်းပါဝင်ပစ္စည်းများ၊ The Clotting of the Blood ထိခိုက်ဒဏ်ရာရသည့်နေရာမှာ သွေးတိတ်စေသောဖြစ်စဉ်၊ The Cardiac Cycle နှလုံးခုန်ခြင်းဖြစ်စဉ်၊ Control of Heart Beat နှလုံးခုန်နှုန်းအားထိန်းချုပ်ခြင်းအကြောင်းအရာများနဲ့ LYMPHATIC SYSTEM မှာတော့ တစ်ရှူးများမှ ပြန်ရည် (Lymph)များသည် သွေးထဲသို့ ပြန်ရည်ကြောမျှင် (Lymphatic capillaries)များမှတစ်ဆင့် စီးဆင်းသည့် တစ်ရှူးရည်၏အခန်းကဏ္ဍများကို လေ့လာမှတ်သားကြရမှာ ဖြစ်ပါတယ်။

**Chapter 4 DISEASES IN PLANTS AND ANIMALS** တွင် PLANT DISEASES အပင်ရောဂါများကို အများအားဖြင့် ပုံမှန်မဟုတ်သော ကြီးထွားမှု (abnormal growth) နှင့် /သို့မဟုတ် အပင်၏ ကမောက်ကမ ဖြစ်မှု (dysfunction)အဖြစ် သတ်မှတ်ပါတယ်။ Biotic diseases သက်ရှိများ (ဥပမာ– မှို၊ ဗက်တီးရီးယားနှင့် ဗိုင်းရပ်စ်များ) ကြောင့်ဖြစ်သည့် အပင်ရောဂါအမျိုးအစားများနှင့် Abiotic diseases သက်ရှိမဟုတ်သော ပတ်ဝန်းကျင်အခြေအနေများ (ဥပမာ–မြေဆီလွှာကျစ်ခြင်း၊ လေ၊ နှင်းခဲ၊ မြေဆီလွှာဆားပေါက်ပျက်စီးခြင်း၊ အမြစ်ထွက်မှုပုံမမှန်ခြင်း) ကြောင့်ဖြစ်သည့် အပင်ရောဂါအမျိုးအစားများကို သိရှိကြရပါမယ်။ Disease Causing Factors ရောဂါဖြစ်စေသော အကြောင်းရင်းများ၊ အပင်ရောဂါများ၏ Signs and Symptoms ရောဂါလက္ခဏာများ၊ Types of Pathogens အပင်ရောဂါပိုးအမျိုးအစားများနှင့် Control of Plant Diseases အပင်များတွင် ကျရောက်သော ရောဂါပိုးမွှားများကို ထိန်းချုပ်ခြင်းများအား ကဏ္ဍအလိုက် သင်ကြားကြရမှာဖြစ်ပါတယ်။ ANIMAL DISEASES ဆိုသည်မှာ ခန္ဓာကိုယ် (သို့မဟုတ်) စိတ်၏ နာမကျန်းမှုကို ဖြစ်စေသော ရောဂါများကို ဆိုလိုပါတယ်။ ANIMAL DISEASE များကို မကူးစက်နိုင်သော ရောဂါအမျိုးအစားများ Non–infectious Diseases နှင့် ကူးစက်နိုင်သောရောဂါအမျိုးအစားများ Infectious Diseases ဟု ခွဲခြားနိုင်ပါတယ်။ မကူးစက်နိုင်သော ရောဂါအမျိုးအစားများ Non–infectious Diseases တွင် နှလုံးသွေးကြောဆိုင်ရာရောဂါများ၊ ကာကွယ်ခြင်းနှင့် ကုသခြင်းဆိုင်ရာ အကြောင်းအရာများ ပါဝင်ကြပါတယ်။ ကူးစက်နိုင်သော ရောဂါအမျိုးအစားများ Infectious Diseases တွင် နမူနာအဖြစ် ငှက်ဖျားပိုး Plasmodium ကူးစက်ခြင်း၊ ငှက်ဖျားပိုး၏ ဇီဝစက်ဝန်း Life cycle of Plasmodium၊ ငှက်ဖျားရောဂါကုသခြင်း၊ ကာကွယ်ခြင်း၊ ကမ္ဘာ့တစ်ဝန်း ငှက်ဖျားရောဂါ ထိန်းချုပ်မှုအကြောင်းအရာများကို စိတ်ဝင်စားဖွယ် လေ့လာကျက်မှတ်ကြရမှာဖြစ်ပါတယ်။

**Chapter 5 COORDINATION AND RESPONSE** သည် အပင်နှင့် တိရစ္ဆာန်များ၏ ပေါင်းစပ်ညှိနှိုင်းမှု၊ တုံ့ပြန်မှုများနှင့် သက်ဆိုင်သည့် အကြောင်းအရာများပါဝင်ပြီး COORDINATION AND RESPONSE IN PLANTS အပင်၏ အစိတ်အပိုင်းများအကြား ပေါင်းစပ်ညှိနှိုင်းမှုနှင့် တုံ့ပြန်မှု၊ အပြန်အလှန်အကျိုးသက်ရောက်ပုံ အကြောင်းအရာများကို စိတ်ဝင်စားဖွယ် လေ့လာကြရမှာဖြစ်တယ်။ PLANT GROWTH AND DEVELOPMENT တွင် Plant Growth Regulators များဖြစ်သော အပင်ကြီးထွားမှုနှင့် ဖွံ့ဖြိုးတိုးတက်မှု၏ ရှုထောင့်အမျိုးမျိုးကို ထိန်းချုပ်သည့် အဓိက အပင်ဟော်မုန်းအမျိုးအစား ငါးမျိုးဖြစ်တဲ့ Auxins, gibberellins, cytokinins, ethylene နှင့် abscisic acid တို့ကို သိရှိရမှာဖြစ်ပြီး ဤဟော်မုန်းတစ်ခုစီဟာ အပင်ကြီးထွားမှုနှင့်ဖွံ့ဖြိုးမှုအပေါ် တိကျသော အကျိုးသက်ရောက်မှုများရှိကြတယ်။ Seed Dormancy အစေ့ငုပ်ခြင်း၊ Seed Germination အစေ့ပေါက်ခြင်းအမျိုးအစား သုံးမျိုး၊ Photoperiodism ပန်းပွင့်စေရန် အပင်မှလိုအပ်သော အလင်းနှင့် အမှောင်ကာလ၊ အလင်းကာလပေါ်မူတည်၍ အပင်အမျိုးအစား သုံးမျိုးခွဲခြားခြင်း၊ Photomorphogenesis အပင်များ အလင်းရောင်ကို တုံ့ပြန်ပြီး ကြီးထွားသည့်ဖြစ်စဉ်နှင့် အရေးပါပုံ စသည့်အကြောင်းအရာများကို စိတ်ဝင်စားစွာ လေ့လာကြရမှာဖြစ်ပါတယ်။ COORDINATION AND RESPONSE IN ANIMALS တိရစ္ဆာန်များ၏ ညှိနှိုင်းခြင်းနှင့် တုံ့ပြန်မှုအပိုင်းမှာ ပတ်ဝန်းကျင်၏လှုံ့ဆော်မှုများကို ညှိနှိုင်းတုံ့ပြန်နိုင်စွမ်းသည် အသက်ရှင်ရပ်တည်မှုအတွက် အရေးကြီးပြီး ပြောင်းလဲနေသောအခြေအနေများနှင့် လိုက်လျောညီထွေဖြစ်အောင် လုပ်ဆောင်နိုင်စေရမှာဖြစ်တယ်။ Human Nervous System တွင် လူ့အာရုံကြောစနစ်တည်ဆောက်ပုံ Structure of Neurones မတူညီသော Neurones အမျိုးအစားများနှင့် ၎င်းတို့၏လုပ်ငန်းများ၊ Synapses ၏ တည်ဆောက်ပုံနှင့် လုပ်ဆောင်ချက်များ၊ SENSE ORGANS သက်ရှိများ အသက်ရှင်ရပ်တည်နိုင်ရန် ပတ်ဝန်းကျင်၏ ပြောင်းလဲမှုများကိုသိရှိပြီး သင့်လျော်စွာ တုံ့ပြန်ရမည်ဖြစ်ပြီး အပြောင်းအလဲများကို ထောက်လှမ်းရန် လူသားများနှင့် အခြားသက်ရှိများတွင် အဆင့်မြင့်ဖွံ့ဖြိုးစွာ ပါရှိနေသည့် မျက်စိ၊ နား၊ နှာခေါင်း၊ လျှာနှင့် အရေပြားတို့ကဲ့သို့သော အာရုံခံအင်္ဂါများမှ Structure of human eye and mechanism of vision လူ့မျက်လုံးဖွဲ့စည်းပုံနှင့် အမြင်အာရုံဆိုင်ရာယန္တရား၊ THE ENDOCRINE SYSTEM ၌ Endocrine glands and Hormones လူ့ခန္ဓာကိုယ်ရှိ endocrine ဂလင်းများ၏တည်နေရာနှင့် ဟော်မုန်းများ၏ အခန်းကဏ္ဍ၊ Comparison between Nervous System and Endocrine System လူ့ခန္ဓာကိုယ်ရှိ အာရုံကြောစနစ်နှင့် endocrine စနစ်အကြား နှိုင်းယှဉ်လေ့လာမှုဇယား စသည့်ခေါင်းစဉ်များကို သေချာစွာ လေ့လာကျက်မှတ်ကြရမှာဖြစ်ပါတယ်။

**Chapter 6 BIODIVERSITY AND CONSERVATION** သင်ခန်းစာမှာ ဤစာအုပ်၏ နောက်ဆုံးအခန်းဖြစ်ပြီး ဇီဝမျိုးစုံမျိုးကွဲများနှင့် ၎င်းတို့ကို ထိန်းသိမ်းစောင့်ရှောက်ရေးအကြောင်းဖြစ်၍ သဘာဝတွင် ဇီဝမျိုးစုံမျိုးကွဲများသည် အဘယ်ကြောင့် အရေးကြီးရသနည်းဆိုသည့် အကြောင်းအရာ၊ အချက်အလက်များကို သေချာစွာမှတ်သားကြရမှာ ဖြစ်ပါတယ်။ ဇီဝမျိုးစုံမျိုးကွဲဆိုသည်မှာ ဂေဟစနစ်တစ်ခုအတွင်းရှိ သက်ရှိပုံစံများ၏ ကွဲပြားမှုအတိုင်းအတာအဖြစ် အဓိပ္ပာယ်ဖွင့်ဆိုနိုင်ပါတယ်။ ဇီဝမျိုးစုံမျိုးကွဲများ ဟန်ချက်ညီစွာ ရှင်သန်ကြီးထွားပေါက်ဖွားနိုင်မှုကို ထိန်းသိမ်းစောင့်ရှောက်ပေးခြင်းသည် သက်ရှိများ၏ ဘဝရှင်သန်နေထိုင်မှုနှင့် သဘာဝဂေဟစနစ် နှစ်ခုလုံးတွင် အရေးပါသောအခန်းကဏ္ဍမှာ ပါဝင်ပါတယ်။ Levels of Biodiversity ဇီဝမျိုးစုံတို့၏ မတူကွဲပြားသောအဆင့်များ၊ Importance of Biodiversity ဇီဝမျိုးစုံမျိုးကွဲများ၏ အရေးပါမှု၊ Biodiversity in Myanmar တွင် မြန်မာနိုင်ငံရှိ သစ်တောအမျိုးအစား Forest Diversity များနှင့် Endangered Species မျိုးသုဉ်းလုနီးပါးဇီဝမျိုးစိတ်များ၊ THREATS TO BIODIVERSITY ဇီဝမျိုးစုံမျိုးကွဲများအား မျိုးသုဉ်းလုနီးပါး ခြိမ်းခြောက်ခံနေရသော အကြောင်းတရားများဖြစ်တဲ့ Habitat Destruction ဇီဝမျိုးစုံမျိုးကွဲများ၏ နေထိုင်ရာများပျက်စီးခြင်း၊ Invasive Alien Species (IAS) ဒေသရင်းမဟုတ်သော မျိုးစိတ်များ ဝင်ရောက်လာခြင်း၊ Genetic Pollution ဗီဇညစ်ညမ်းမှုဖြစ်ခြင်း (ဥပမာ–မျိုးစပ်ခံရခြင်း၊ မျိုးရိုးဗီဇ ရောယှက်ခြင်း)၊ Overexploitation ဇီဝမျိုးစုံမျိုးကွဲမျိုးစိတ်များအား အလွန်အကျွံထုတ်ယူသုံးစွဲခြင်း၊ Climate Change ထိုသို့အလွန်အကျွံ ထုတ်ယူသုံးစွဲခြင်း အကျိုးဆက်ကြောင့် ရာသီဥတုဖောက်ပြန်ပြောင်းလဲလာခြင်း၊ Human Overpopulation လူဦးရေတိုးမြင့်ထူထပ်လာခြင်းကြောင့် သဘာဝပတ်ဝန်းကျင်ညစ်ညမ်းမှုနှင့် ပဋိပက္ခများဖြစ်ပေါ်လာခြင်း၊ Wildlife Trade သဘာဝတောရိုင်းသက်ရှိများနှင့် ၎င်းတို့မှ ထုတ်လုပ်သောပစ္စည်းများကို တရားမဝင်ရောင်းဝယ်ခြင်း စတဲ့အကြောင်းအရာများကြောင့် ကမ္ဘာ့မြေ၏ဇီဝမျိုးစုံမျိုးကွဲများကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်နိုင်ရေး CONSERVATION အတွက် အမျိုးမျိုးသော အစီအမံများနှင့် In situ နှင့် ex situ ကဲ့သို့သော ကာကွယ်ထိန်းသိမ်းရေးနည်းလမ်းများအကြောင်း အသိပညာပေးမြှင့်တင်ခြင်းနှင့် မြန်မာနိုင်ငံ

*စာမျက်နှာ ၁၇ သို့*

*စာမျက်နှာ ၁၆ မှ*

တွင် တည်ထောင်ထားသော သဘာဝထိန်းသိမ်းရေးနယ်မြေ (Protected Areas)များ၏ အမျိုးအစားနှင့်တည်နေရာများကို ကဏ္ဍအလိုက် စိတ်ဝင်စားစွာ လေ့လာကျက်မှတ်ကြရမှာ ဖြစ်ပါတယ်။

Grade 12 ဇီဝဗေဒဘာသာရပ်ရဲ့မေးခွန်းပုံစံမှာ Section– A နှင့် Section– B နှစ်ပိုင်း ဖြစ်ပါတယ်၊ Section – A မှာပါဝင်တဲ့ မေးခွန်းနံပါတ်(၁)၊ (၂)၊ (၃) နှင့် Section – B မှာပါဝင်တဲ့ မေးခွန်းနံပါတ် (၄)၊ (၅)တို့ဖြင့် စုစုပေါင်း ငါးပုဒ်ပါရှိမှာဖြစ်ပါတယ်။ အမှတ်ခွဲဝေမှုမှာ Section– A အတွက် (၃၀) မှတ်၊ Section– B အတွက် (၇၀) မှတ် ဖြစ်ပါတယ်။

Grade 12 ဇီဝဗေဒဘာသာရပ်ကို မေးခွန်းဖွဲ့စည်းတည်ဆောက်ရာမှာ Grade 12 Biology Textbook မှ Chapter 1 – 6 အထိ ပါဝင်ကြတဲ့ ရုက္ခဗေဒနှင့် သတ္တဗေဒဘာသာရပ်များမှ အကြောင်းအရာများအား မေးခွန်းအမှတ်စဉ် (Question No. 1 – 5)များအတွက် Chapter အစဉ်လိုက် မေးခွန်းတည်ဆောက်မှာဖြစ်ပါတယ်။ မေးခွန်းများသည် ကျောင်းသား ကျောင်းသူများအတွက် သင်ယူခြင်းနဲ့ ပူးပေါင်းဆောင်ရွက်ခြင်း၊ ဝေဖန်ပိုင်းခြား တွေးခေါ်ခြင်းနဲ့ ပြဿနာဖြေရှင်းခြင်း၊ တီထွင်ဖန်တီးမှုနဲ့ ဆန်းသစ်မှုအရည်အသွေးများ ကောင်းမွန်မြင့်မားမှုကို ဦးတည်၍ လွယ်ကူလွန်းခြင်း၊ ခက်ခဲလွန်းခြင်းမရှိစေဘဲ ကျောင်းသား ကျောင်းသူများ၏ အရည်အချင်းအလိုက် လျော်ညီစွာဖြေဆိုနိုင်မည့် မေးခွန်းများဖြင့် ဖွဲ့စည်းတည်ဆောက်ထားမှာ ဖြစ်ပါတယ်။

Section – A မှာပါဝင်တဲ့ မေးခွန်းနံပါတ် (၁)၊ (၂) နဲ့ (၃) မှာ လုံးဝရွေးချယ်ဖြေဆိုပိုင်ခွင့် မရှိပါဘူး။

**မေးခွန်းနံပါတ် (၁)** အမှား (သို့မဟုတ်) အမှန် ဖြေဆိုခြင်း (TRUE or FALSE) မေးခွန်းပုဒ်ခွဲငယ် (၁၀) ခု No. (i – x) အတွက် တစ်ခုလျှင် တစ်မှတ်စီဖြင့် ပေးမှတ် (၁၀)မှတ်ဖြစ်ပါတယ်။ TRUE or FALSE statements ဖော်ပြချက်တွေဟာ Grade 12 Biology မှာ ပြဋ္ဌာန်းထားတဲ့အကြောင်းအရာများအပေါ် နားလည်သဘောပေါက်မှုကို အခြေခံပြီး ဦးစားပေး မေးထားတာဖြစ်ပါတယ်။ ကောက်နုတ်ထားတဲ့ Statement များအနေနဲ့ ဖတ်စာအုပ်မှ တိုက်ရိုက်ကောက်နုတ်ထားတာရှိသလို Own construction နဲ့မေးထားတဲ့ statement များလည်း ပါရှိမှာ ဖြစ်ပါတယ်။ မေးခွန်းနံပါတ် (၁) TRUE or FALSE statements ကို ဖြေဆိုဖို့ Statement ဟာ အားလုံးမှန်ကန်ပြီး မိမိသိရှိထားတဲ့ အကြောင်းအရာနဲ့ ကိုက်ညီရင် TRUE ဖြစ်ပြီး ကွဲလွဲမှုရှိရင် FALSE ဖြစ်၍ အဖြေများကို all capital letter နဲ့ရေးလျှင် ပိုကောင်းပါတယ်။ သို့သော် မည်သို့ပင်ဖြေဖြေ အဖြေမှန်လျှင်အမှတ်ရမည်ဖြစ်ပြီး အဖြေနှစ်မျိုးရေးခဲ့လျှင် လုံးဝအမှတ်မပေးပါ။

**မေးခွန်းနံပါတ် (၂)** ကွက်လပ်ဖြည့်ခြင်း (Completion)တွင် မေးခွန်းပုဒ်ခွဲငယ် (၁၀) ခု No. (i – x) အတွက်တစ်ခုလျှင် တစ်မှတ်စီဖြင့် ပေးမှတ် (၁၀) မှတ် ဖြစ်ပါတယ်။ မေးခွန်းနံပါတ် (၂) ရဲ့ Completion statement များအတွက် ကွက်လပ်ချန်ထားတဲ့ နေရာမှာ မှန်ကန်တဲ့ အဖြေစကားလုံး (Word) (၁)လုံးကိုသာ စာလုံးပေါင်း (Spelling) မှန်မှန်နဲ့ ဖြေဆိုပေးရမှာဖြစ်ပါတယ်။ ဖြည့်စွက်မည့် အဖြေစကားလုံးရဲ့ Tense ကိုဂရုစိုက်ဖို့လိုသလို သိပ္ပံအမည်များ (Scientific name) ကို ရေးသားဖော်ပြခိုင်းရင်တော့ မျိုးစု (Genus)၏ အစစာလုံးကို Capital letter နဲ့ စရေးပြီး 'Genus နှင့် species' တစ်ခုစီကို မျဉ်းသားပေးဖို့လိုအပ်ပါတယ်။ စာလုံးပေါင်းများကိုလည်း အမှားအယွင်းမရှိအောင် သတိထားပြီး ရေးသားကျက်မှတ်ရပါမယ်။

**မေးခွန်းနံပါတ် (၃)** အဖြေမှန်ရွေးချယ်ခြင်း (Multiple Choice) တွင် မေးခွန်းပုဒ်ခွဲငယ် (၁၀) ခု (i – x) အတွက် တစ်ခုလျှင် တစ်မှတ်စီဖြင့် ပေးမှတ် (၁၀) မှတ် ဖြစ်ပါတယ်။ မေးခွန်းနံပါတ် (၃) Multiple Choice ဖြေဆိုရာမှာ အဖြေမှန် (Correct answer) ကို ရွေးချယ်ရန် စကားလုံး (၄) လုံး (A, B, C, D) ထဲက တစ်လုံးကို ပုဒ်ခွဲငယ်နံပါတ်နဲ့အတူ ဖော်ပြဖြေဆိုရမှာဖြစ်တယ်။ အဖြေမှန် စကားလုံးကို ရေးသားဖော်ပြရန်မလိုပါ။

မေးခွန်းနံပါတ် (၁)၊ (၂)၊ (၃) Objectives မေးခွန်းတွေ ဖြေဆိုရာမှာ စာကြောင်း (Statements) များကို ပြန်ကူးရေးစရာ မလိုပါဘူး။ Objectives Statements (၃၀)ကို မှန်ကန်အောင်ဖြေဆိုနိုင်ဖို့ကတော့ ကျောင်းသား ကျောင်းသူများအနေနဲ့ ပြဋ္ဌာန်းစာအုပ်ပါ အကြောင်းအရာတွေကို နှုတ်တိုက်ကျက်မှတ်မည့်အစား အကြောင်းအရာရဲ့အနှစ်သာရကို အဓိပ္ပာယ်ရှိစွာနဲ့ ဆက်စပ်တွေးခေါ်ပြီး သဘောပေါက်နားလည်အောင် မှတ်သားထားမှသာ လွယ်လင့်တကူဖြေဆိုနိုင်မှာဖြစ်တယ်။ Objectives မေးခွန်းတွေဟာ နားလည်သဘောပေါက်မှုနဲ့ စဉ်းစားတွေးခေါ်ယူဆမှုကို အခြေခံတဲ့အတွက် သေချာလေ့လာမှတ်သားဖို့ လိုတယ်။ အဓိကပါဝင်တတ်တဲ့ မေးခွန်းတွေက ပြဋ္ဌာန်းစာအုပ်ပါ အဓိပ္ပာယ်ဖွင့်ဆိုချက် (Definition)များနှင့် Statements များ ဖြစ်တယ်။ ရွေးချယ်ဖြေဆိုစရာမရှိတဲ့အတွက် အမှတ်ပြည့်ရလိုသူများအနေနဲ့ Grade 12 Biology ပြဋ္ဌာန်းစာအုပ် တစ်အုပ်လုံးကို ခြုံငုံလေ့လာဖတ်ရှုထားဖို့လိုပါမယ်။ မေးခွန်းနံပါတ် ၁၊ ၂ နဲ့ ၃ Objectives မေးခွန်းမျိုးကို ဖြေတဲ့အခါ ပထမဆုံး ဆင့်ပွားမေးခွန်းငယ်နံပါတ်များအား မှားတပ်ခြင်း၊ နံပါတ်ပိုခြင်း၊ လိုခြင်း မရှိစေရန် ဂရုစိုက်ဖို့နဲ့ နံပါတ်ရေးချပြီးမှ Statements များကို သေချာစွာဖတ်ရှုပြီး မိမိအနေနဲ့ သေချာမှန်ကန်တဲ့အဖြေများကို သက်ဆိုင်ရာနံပါတ်ဘေးမှာ ဖြေဆိုဖို့ လိုအပ်ပါတယ်။

Section – B မှာ မေးခွန်းနံပါတ် (၄) မေးခွန်းတို No. 4 (Short questions)နဲ့ မေးခွန်းနံပါတ် (၅) မေးခွန်းရှည် No. 5 (Long questions) တွေ ပါဝင်မှာဖြစ်ပါတယ်။

**မေးခွန်းနံပါတ် (၄)** တွင် မေးခွန်းပုဒ်ခွဲငယ် (၆) ပုဒ် (a – f) အတွက် ပုဒ်ခွဲငယ် တစ်ခုလျှင် ငါးမှတ်စီဖြင့် ပေးမှတ် (၃၀)မှတ် ဖြစ်ပါတယ်။ မေးခွန်းနံပါတ် (၄)အတွက် (Answer ALL questions) မေးခွန်းအားလုံးကို ဖြေဆိုရမှာဖြစ်ပြီး လုံးဝရွေးချယ်ပိုင်ခွင့်မရှိပါဘူး။ မေးခွန်းနံပါတ် (၄) မေးခွန်းတိုဖြေဆိုရာမှာ မေးခွန်းတွေကို သေချာစွာဖတ်ရှုပြီး တိုတိုနဲ့လိုရင်းကိုသာ ဖြေဆိုရမှာဖြစ်တဲ့အတွက် မေးခွန်းကမေးထားတဲ့အဖြေပေါ်မူတည်၍ ကိုက်ညီမှန်ကန်မှုရှိသည့်ဖြေဆိုမှု ပြုလုပ်နိုင်ရန် လိုအပ်ပြီး သို့မှသာ အမှတ်ပြည့်ရရှိနိုင်မှာဖြစ်ပါတယ်။

**မေးခွန်းနံပါတ် (၅)** (Long questions) တွင် (Answer any FOUR questions)ဟူ၍ ရွေးချယ်ပိုင်ခွင့်ရှိသည့် မေးခွန်းပုဒ်ခွဲငယ် (၆)ပုဒ် No. (a – f) မေးထားပြီး နှစ်သက်ရာ (၄)ပုဒ်အား ရွေးချယ်ဖြေဆိုရမှာဖြစ်ပါတယ်။ မေးခွန်းရှည် (Long questions)မှာ ဘာသာရပ်ဆိုင်ရာ တတ်ကျွမ်းနားလည်မှုကို ဖြေဆိုရမှာဖြစ်ပြီး ဆက်လက်လေ့လာမည့် အဆင့်မြင့်ဘာသာရပ်များကို အထောက်အကူဖြစ်စေရန် ရည်ရွယ်ပါတယ်။ မေးခွန်းနံပါတ် (၅) မှာ ရွေးချယ်ဖြေဆိုပိုင်ခွင့်ရှိတဲ့ မေးခွန်းမျိုးကို ဖြေဆိုရာတွင် မိမိကျွမ်းကျင်စွာ ဖြေဆိုနိုင်မည့်၊ အမှတ်ပြည့်ရနိုင်မည့် မေးခွန်းမျိုးကို ရွေးချယ်ဖြေဆိုကြရန်နှင့် မေးခွန်းအရွေးမမှားစေဖို့ အထူးသတိပြုကြရန် အရေးကြီးပါတယ်။ မေးခွန်းတွေမှာ ပုံဆွဲခိုင်းခဲ့ရင် အချိုးကျသပ်ရပ်တဲ့ပုံနဲ့ အညွှန်း(Labels)မျဉ်းအတွက် ခဲတံကို အသုံးပြုပြီး ပြည့်စုံမှန်ကန်တဲ့ အညွှန်း Labels နဲ့ ပုံခေါင်းစဉ် Caption တွေအတွက် ဘောလ်ပင်နဲ့တပ်ပေးလျှင် ပိုကောင်းပါတယ်။ ဒါ့ကြောင့် သင်ခန်းစာများကို လေ့လာတဲ့အခါ သရုပ်ဖော်ပုံနဲ့တွဲပြီး လေ့လာဖို့လိုသလို Word diagram နဲ့ Table များကိုပါလေ့လာဖို့လိုတယ်။

Grade 12 Biology Textbook တွင် တိကျသော ရောင်စုံပုံချပ်များ precise colourful diagrams, ခတ်ပုံမိုက်ခရိုဂရပ်များ photomicrographs, figures and charts, Chapter တစ်ခုချင်းစီ၏ အဆုံးတွင် နမူနာမေးခွန်းများ၊ ဝေါဟာရအသုံးအနှုန်းအခက်အခဲများကို ကျော်လွှားရန် GLOSSARY များ ပါဝင်ကြပါတယ်။ ကျောင်းသား ကျောင်းသူများသည် Grade 12 Biology Textbook မှာပါဝင်တဲ့ အကြောင်းအရာတွေကို သေချာကျေညက်အောင်လေ့လာပြီးတဲ့နောက် ဇီဝဗေဒ၊ ဇီဝဗေဒနှင့် ဆက်နွှယ်လျက်ရှိသည့် သက်ဆိုင်ရာ အသက်မွေးဝမ်းကျောင်း ပညာရပ်နယ်ပယ်များတွင် ဆက်လက်လေ့လာရန် အရည်အချင်းပြည့်မီသူများဖြစ်လာကြလိမ့်မယ်လို့ မျှော်လင့်ပါတယ်။

နိဂုံးချုပ်အနေနဲ့စာမေးပွဲဖြေဆိုတဲ့အခါ –

- မေးခွန်းမှာ Mention / Name / List နဲ့စထားရင် အမည်များဖော်ပြဖြေဆိုရန်။
- Enumerate နဲ့စရင် အမှတ်စဉ်ထိုး၍ ဖြေဆိုရန်။
- Define နဲ့စရင် အဓိပ္ပာယ်သတ်မှတ်ရန်။
- What / How / Cite / Give / State / Describe / Discuss/ Explain / Clarify / Write နဲ့စထားရင် ရေးပါ၊ ရှင်းပြပါ၊ ဖြေရှင်းပါ၊ ဆွေးနွေးပါ၊ ဖော်ပြပါ၊ ဘယ်လိုနားလည်သလဲ အစရှိတဲ့ မေးခွန်းတွေကို စာသားအားဖြင့် အဖြေထုတ်ရန်။
- Distinguish / Classify / Differentiate နဲ့စရင် အုပ်စုနှင့် အမျိုးအစားတို့ကို ခွဲခြားပြရန်။
- Comparative / Compare and contrast / versus နဲ့ မေးထားရင် နှိုင်းယှဉ်ဖြေဆိုရန်။
- Give a table / Tabulate နဲ့စရင် ဇယားဆွဲ၍ ဖြေဆိုရန်။
- Give a word diagram နဲ့စရင် စကားလုံးများကို အညွှန်းမြားတန်းဖြင့် ချိတ်ဆက်ဖော်ပြရန်။
- Draw / Illustrate / illustration / drawing / diagram နဲ့ မေးထားရင် သရုပ်ဖော်ပုံဆွဲပေးရန်။
- Provide labels and caption နဲ့စရင် ပုံကိုပြန်ကူးဆွဲစရာမလိုဘဲ အညွှန်းမြားဖြင့် ညွှန်ပြသောနေရာကို အမည်ဖော်ပေးရန်နှင့် ပုံခေါင်းစဉ်တပ်ပေးရန်ဖြစ်ပြီး နောက်ဆက်တွဲမေးသည့် မေးခွန်းရှိခဲ့လျှင် မကျန်ရစ်အောင်ဖြေဆိုရန် သတိပြုပါ။
- မေးခွန်းကိုသေချာစွာဖတ်ပါ၊ နားလည်သဘောပေါက်အောင် ဖတ်ပြီးမှဖြေဆိုပါ။
- အဖြေလွှာရဲ့သတ်မှတ်ထားတဲ့နေရာမှာ ခုံနံပါတ်ကိုမှန်အောင် တပ်ပါ။
- အဖြေလွှာပေါ်ကညွှန်ကြားချက်များကို သေချာစွာလိုက်နာပါ။
- ဖြေဆိုမည့်မေးခွန်းနံပါတ်ကို ဘေးမျဉ်းအတွင်း မှန်အောင် တပ်ပြီးမှဖြေဆိုပါ။
- ဖြေဆိုပြီးအဖြေများ မှန်ကန်မှု ရှိ၊ မရှိ ပြန်လည်စစ်ဆေးပါ။
- အမှတ်များများလိုချင်ရင် ပြဋ္ဌာန်းစာအုပ်ပါ အခန်း (၆) ခန်းလုံးကို စေ့စပ်သေချာစွာ သိထားရမှာဖြစ်ပါတယ်။

ယခုတင်ပြခဲ့တဲ့ အကြံပြုချက်များကို လိုက်နာပြီး တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုကြမည့် ကျောင်းသား ကျောင်းသူများ ဇီဝဗေဒဘာသာရပ်ကို ဂုဏ်ထူးမှတ်များနဲ့ ထူးထူးချွန်ချွန် အောင်မြင်အောင် ကြိုးစားကြပါလို့ တိုက်တွန်းလိုက်ပါတယ်။ ၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုကြမည့် ကျောင်းသူ ကျောင်းသားများအားလုံး ထူးချွန်စွာ အောင်မြင်ကြပါစေ။

## တနင်္သာရီတိုင်းဒေသကြီးဝန်ကြီးချုပ် ကျွန်းစုမြို့နယ် ရွေးကောက်ပွဲအောင်မြင်စွာကျင်းပနိုင်ရေးနှင့် မဲရုံများကြိုတင်ပြင်ဆင်ဆောင်ရွက်မှု ကွင်းဆင်းကြည့်ရှုစစ်ဆေး

**ကျွန်းစု ဇန်နဝါရီ ၉**

တနင်္သာရီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကိုသည် ကမ်းရိုးတန်းဒေသ တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ကျော်ကျော်ဟန်၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးသန်းထွတ်သိန်း၊ တိုင်းဒေသကြီးဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ယနေ့ နံနက်ပိုင်းက ကျွန်းစုမြို့နယ် ရွေးကောက်ပွဲအောင်မြင်စွာကျင်းပနိုင်ရေးနှင့် မဲရုံများကြိုတင်ပြင်ဆင်ဆောင်ရွက်မှုကို ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် ပရည်ကျွန်းသို့ ရောက်ရှိပြီး ပရည်ကျွန်းကျေးရွာ မူလတန်းလွန်ကျောင်းတွင် မဲရုံပြုလုပ်မည့်နေရာကို ကြည့်ရှုပြီး မဲဆန္ဒရှင်ပြည်သူများ စနစ်တကျ ဆန္ဒမဲပေးနိုင်ရေး၊ ရွေးကောက်ပွဲအောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းများကို စနစ်တကျဆောင်ရွက်ကြရန် ဝန်ကြီးချုပ်က မဲရုံတွင် တာဝန်ယူဆောင်ရွက်မည့်သူများနှင့် ကျေးရွာတာဝန်



ရှိသူများကို မှာကြားသည်။

ယင်းနောက် ဒုံးပုလဲအော်ကျေးရွာသို့ ရောက်ရှိပြီး နှစ်ခြင်းခရစ်ယာန်ဘုရားကျောင်းခန်းမဆောင်တွင် ဒုံးပုလဲအော်၊ လင်းလွန်း၊ ပုလောဝါး၊ ဒုံးဇလတ်ကျေးရွာများမှ ဒေသခံများကို တွေ့ဆုံရာ ဒေသခံများနှင့် တာဝန်ရှိသူများက ရွာအဝင် ဆိပ်ခံတံတား၊ ရွာလယ်တံတား၊ ပညာရေး၊ ကျန်းမာရေး၊ ဆက်သွယ်ရေး လိုအပ်ချက်များနှင့် အခက်အခဲများကို ရှင်းလင်းတင်ပြကြရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က တိုင်းဒေသကြီး အစိုးရအဖွဲ့အနေဖြင့် တိုင်းဒေသကြီးအတွင်းရှိ ဒေသများ ဖွံ့ဖြိုးတိုးတက်ရေးကို အစဉ်ကြိုးပမ်းဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ဒေသအလိုက် ဖွံ့ဖြိုးရေးလုပ်ငန်းများကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ အဓိကအားဖြင့် မကြာမီကျင်းပမည့် ရွေးကောက်ပွဲတွင် နိုင်ငံသားအခွင့်အရေး မဆုံးရှုံးအောင် ဆန္ဒမဲပေးကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် ဒုံးပုလဲကျေးရွာ အထက(ခွဲ) မဲရုံကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိမှုကို ကြည့်ရှုစစ်ဆေးပြီး ကျေးရွာရှိ ဆလုံ(မော်ကဲန်)လူမျိုးများ နေထိုင်ရာနေရာသို့ သွားရောက်၍ ဆလုံလူမျိုးများကို ရင်းရင်းနှီးနှီးတွေ့ဆုံ၍ ကလေးငယ်များအား အာဟာရမုန့်များနှင့် ချီးမြှင့်ငွေများ ပေးအပ်ကြသည်။

ထိုမှတစ်ဆင့် ဒုံးညောင်မှိုင်းကျေးရွာနှင့် ဒုံးဆွေသန်းကျေးရွာသို့ သွားရောက်၍ မဲရုံကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိမှုကို ကြည့်ရှုစစ်ဆေးပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်က မဲရုံတာဝန်ကျသူများကို အာဟာရမုန့်များနှင့် ချီးမြှင့်ငွေများ ပေးအပ်ခဲ့ကြောင်း သိရသည်။

**ခိုင်ထူး (ပြန်/ဆက်)**

# ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အပိုင်း(၂) အောင်မြင်စွာကျင်းပနိုင်ရေး မဲရုံများကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိမှု လိုက်လံကြည့်ရှု

**နေပြည်တော် ဇန်နဝါရီ ၉**

ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အပိုင်း(၂) အောင်မြင်စွာကျင်းပနိုင်ရေး မဲရုံများကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိမှုများအား ယနေ့တွင် ရှမ်းပြည်နယ်(တောင်ပိုင်း) ကလောမြို့ အောင်ပန်းမြို့နှင့် ဟဲဟိုးမြို့တို့ရှိ မဲရုံများအား လည်းကောင်း၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းယောင်းမြို့နယ်ရှိ မဲရုံများအား လည်းကောင်း၊ တနင်္သာရီတိုင်းဒေသကြီး ကျွန်းစုမြို့နယ် ဒုံးပုလဲအော်ကျေးရွာ၊ ပရည်ကျွန်းကျေးရွာ၊ ဒုံးညောင်မှိုင်းကျေးရွာနှင့် ဒုံးဆွေသန်းကျေးရွာတို့ရှိ မဲရုံများအား လည်းကောင်း တိုင်းဒေသကြီး/ပြည်နယ်များမှ ဝန်ကြီးချုပ်များ၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်များ၊ သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်မှ တိုင်းမှူးများနှင့် တာဝန်ရှိသူများက သွားရောက်၍ မဲပေးနိုင်ရေး ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိမှု၊ မြန်မာအီလက်ထရောနစ်မဲပေးစက်(MEVM) များ ရောက်ရှိမှုနှင့် သက်ဆိုင်ရာကဏ္ဍအလိုက် ပြင်ဆင်ဆောင်ရွက်ထားရှိမှုတို့အား သွားရောက်ကြည့်ရှုပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြသည်။



ထို့ပြင် ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းယောင်းမြို့နယ်နှင့် မိုင်းဖြတ်မြို့နယ်များအတွင်း ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အပိုင်း(၂) အောင်မြင်စွာကျင်းပပြုလုပ်နိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးပွဲများကို အဆိုပါမြို့နယ်များရှိ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမများ၌ ပြုလုပ်ကြရာ တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးလှိုင်နှင့် ခရိုင်/မြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲမှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးက ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အပိုင်း(၂) အောင်မြင်စွာကျင်းပနိုင်ရေးနှင့်ပတ်သက်၍ အမှာစကား ပြောကြားသည်။ ထို့နောက် ဌာနဆိုင်ရာတာဝန်ရှိသူများက သက်ဆိုင်ရာကဏ္ဍအလိုက် လုပ်ငန်းဆောင်ရွက်ထားရှိမှုအခြေအနေများနှင့် လုပ်ငန်းလိုအပ်ချက်များကို ဆွေးနွေးတင်ပြရာ တိုင်းမှူးက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



ကရင်ပြည်နယ် မြဝတီမြို့နယ်အတွင်းရှိ KK Park အား ဖောက်ခွဲဖျက်ဆီးဖြိုချခြင်းမပြုလုပ်မီ တွေ့ရစဉ်။



ကရင်ပြည်နယ် မြဝတီမြို့နယ်အတွင်းရှိ KK Park အား ဖောက်ခွဲဖျက်ဆီးဖြိုချပြီး တွေ့ရစဉ်။




KK Park နယ်မြေအပိုင်း(၁)အား ဖောက်ခွဲဖျက်ဆီး ဖြိုချထားရှိမှုကို တွေ့ရစဉ်။




KK Park နယ်မြေ အပိုင်း(၂)အား ဖောက်ခွဲဖျက်ဆီး ဖြိုချထားရှိမှုကို တွေ့ရစဉ်။




KK Park နယ်မြေအပိုင်း(၃)အား ဖောက်ခွဲဖျက်ဆီး ဖြိုချထားရှိမှုကို တွေ့ရစဉ်။




KK Park နယ်မြေ အပိုင်း(၃)တွင် တရားမဝင်ဆောက်လုပ်ထားသည့် နှစ်ထပ် လူနေအဆောက်အအုံများအား လေအိုးမီးအိုးဖြင့် ဖျက်ဆီးမှုကို တွေ့ရစဉ်။

❍ ***ကျော့ဖုံးမှ***

ယနေ့တွင် မြဝတီ – မဲ့ထော် သလေး (KK Park) အပိုင်း(၂) နယ်မြေအတွင်းရှိ တရားမဝင် အဆောက်အအုံ ၆၂ လုံးရှိရာ ယနေ့တွင် နောက်ဆုံးကျန်ရှိသည့် တရားမဝင် လေးထပ်အဆောက်အအုံ နှစ်လုံးကို ထပ်မံဖြိုချဖျက်ဆီးခဲ့သည်။ သို့ဖြစ်၍ KK Park နယ်မြေအတွင်းရှိ အွန်လိုင်းလိမ်လည် လောင်းကစားမှုများ ကျူးလွန်ရာတွင် အသုံးပြုသည့် အပိုင်း(၁)နယ်မြေမှ တရားမဝင် အဆောက်အအုံ ၁၄၈ လုံး၊ အပိုင်း(၂)နယ်မြေမှတရားမဝင်အဆောက်အအုံ ၆၂ လုံးနှင့်အပိုင်း(၃)နယ်မြေမှ တရားမဝင်အဆောက်အအုံ ၄၂၅ လုံး စုစုပေါင်း ၆၃၅ လုံး တို့ကို ဖောက်ခွဲဖျက်ဆီး၍ သော်လည်းကောင်း၊ ယာဉ်ယန္တရားများ အသုံးပြု၍သော်လည်းကောင်း ရာနှုန်းပြည့် ဖြိုချဖျက်ဆီးပြီးဖြစ်ကြောင်း သိရှိရသည်။

ထိုသို့ ယာဉ်ယန္တရားများ အသုံးပြု၍ ဖြိုချဖျက်ဆီးခြင်းများ ဆောင်ရွက်ပြီးစီးခဲ့သည့် တရားမဝင် အဆောက်အအုံများကို အလုံးစုံ ပျက်စီးစေရန်အတွက် လေအိုးမီးအိုးဖြင့် ထပ်မံဖျက်ဆီးခြင်းများကိုလည်း ဒီဇင်ဘာ ၁၄ ရက်မှ စတင်ဆောင်ရွက်ခဲ့ရာ KK Park အပိုင်း (၃) နယ်မြေအတွင်းရှိ တရားမဝင်အဆောက်အအုံများ အနက် ယနေ့တွင် နှစ်ထပ်အဆောက်အအုံ ငါးလုံးကို ထပ်မံဖျက်ဆီးနိုင်ခဲ့သဖြင့် စုစုပေါင်း တရားမဝင်အဆောက်အအုံ ၁၂၂ လုံးတို့ကို ရာခိုင်နှုန်းပြည့် ဖျက်ဆီးပြီးဖြစ်ကြောင်းနှင့် ထပ်မံဖျက်ဆီးရန် ကျန်ရှိနေသည့် အဆောက်အအုံများကိုလည်း လေအိုးမီးအိုးများဖြင့် ဆက်လက်ဖျက်ဆီးသွားမည်ဖြစ်ကြောင်း သိရှိရသည်။

နိုင်ငံတော်အစိုးရ အနေဖြင့် အွန်လိုင်းလိမ်လည် လောင်းကစားမှု ကျူးလွန်မှုများကို အမျိုးသားရေး တာဝန်တစ်ရပ်အဖြစ်ခံယူကာ မြန်မာနိုင်ငံအတွင်း လုံးဝအခြေမပြုနိုင်ရေး ပြည်တွင်း အင်အားစုများအပြင် အိမ်နီးချင်းနိုင်ငံ အစိုးရများနှင့်လည်း ပေါင်းစပ်ညှိနှိုင်း၍ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## ရွှေသွေးဂျာနယ်ထွက်ရှိ

**နေပြည်တော် ဇန်နဝါရီ ၉**
ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်ရုံးက အပတ်စဉ်စနေနေ့တိုင်း ရွှေသွေးဂျာနယ်ကို ထုတ်ဝေဖြန့်ချိလျက်ရှိသည်။

ဇန်နဝါရီ ၁၀ ရက်(စနေနေ့)တွင် ထွက်ရှိမည့် ရွှေသွေးဂျာနယ် အတွဲ(၅၈)၊ အမှတ် (၂) တွင် - မြေခွေးဖိုးရှုပ်၏ အနိုင်ကျင့်မှုကို ခံရသော ဝက်ဝံလေးညိုညို၏ အခက်အခဲ ကို ကူညီဖြေရှင်းပေးသော ဥာဏ်ကောင်းသည့် ယုန်လေးဖြူဖြူအကြောင်း သရုပ်ဖော်ထားသည့် "ညိုညိုနဲ့ ဖြူဖြူ" မျက်နှာဖုံးကာတွန်း၊ မြန်မာ့အားကစားနည်း တစ်မျိုးဖြစ်သော ခြင်းလုံးအကြောင်းကို ဗဟုသုတဖြစ်ဖွယ် ရေးသားထားသော"တုပြိုင်ကင်းတဲ့ မူပိုင်ခြင်း" သုတဆောင်းပါးကဏ္ဍ၊ ရွှေပိုး၏ အိပ်မက်ထဲတွင် လေဆာရောင်ခြည်သေနတ်ဖြင့် သစ်ပင်များ ခုတ်လှဲကာ ခါတ်ကြိုးများ ပြတ်ကျသွား၍ လန့်နိုးသွားသည့်အကြောင်းကို သရုပ်ဖော်ထားသည့် "ရွှေပိုး - လေဆာရောင်ခြည်" နှစ်မျက်နှာကာတွန်း၊ မိဘများကို အနိုင်ကျင့်နေသည့် လူဆိုးကြီးအား ဖမ်းဆီးရှင်းလင်းနိုင်ခဲ့သော မောင်မြစ်အကြောင်းကို ရေးသားထားသည့် "ကျေးဇူးအတွက် စွန့်စားရဲသူ" ပုံပြင်ကဏ္ဍ၊ ပေးထားသောရုပ်ပုံမှ ဖြိုးရဲကိုင်ထားသည့် လေဘောလုံးကို ရှာကြည့်စေလိုသည့် "ဥာဏ်စမ်း"ကဏ္ဍ၊ ကျောင်းဆရာဦးအောင်ကြီးက ဆန့်ကျင်ဘက်အရာများအကြောင်း ရှင်းပြရာမှ တပည့် မောင်သံချောင်းကို မေးမြန်းထားသည်ကို သရုပ်ဖော်ထားသည့် "ဥယျာဉ်မှူးနှင့်သူ၏ ပန်းကလေးများ" တစ်မျက်နှာကာတွန်း၊ ချမ်ဆာမွန်ငါးအကြောင်းကို သရုပ်ဖော်ထားသည့် "ချမ်ဆာမွန်" နှစ်မျက်နှာကာတွန်း၊ ဗဟုသုတစုံလင်စွာရရှိရန်၊ အမှားအမှန်ကို သိရှိရန်၊ အသိပညာရှာဖွေရန်နှင့် အရွယ်သုံးပါး စလုံး စာဖတ်ကြရန် ရေးဖွဲ့ထားသည့် "စာဖတ်ကြပါစို့" ကဗျာကဏ္ဍအပါအဝင် အင်္ဂလိပ်စာကဏ္ဍစုံလင်စွာဖြင့် ထွက်ရှိပြီဖြစ်ရာ တစ်စောင်လျှင် ကျပ် ၄၀၀ ဖြင့် စာပေဗိမာန်စာအုပ်အရောင်းဆိုင်များတွင် ဝယ်ယူရရှိနိုင်ကြောင်း သိရသည်။ **သတင်းစဉ်**




## သနပ်ပင်မြို့၌ ပန်းခင်းစီမံချက်(၃)ဖြင့် ပြုနိုင်ငံသားစိစစ်ရေးစာအုပ်နှင့်ပြုကတ်ပြားများ ထုတ်ပေး

**သနပ်ပင် ဇန်နဝါရီ ၉**
ပဲခူးတိုင်းဒေသကြီး သနပ်ပင်မြို့နယ်တွင် ပန်းခင်းစီမံချက်(၃) အရ



လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ် ဦးစီးမှူးရုံးနှင့် အိန္ဒိယ-မြန်မာချစ်ကြည်ရေးအဖွဲ့အစည်းတို့ ပူးပေါင်းဆောင်ရွက်သည့် ပြုနိုင်ငံသားစိစစ်ရေးစာအုပ်နှင့် ပြုကတ်ပြားပေးအပ်ပွဲအခမ်းအနားကို ယနေ့မွန်းလွဲပိုင်းက ဘူတာပိုင်းရပ်ကွက် (ဟိန္ဒူဘာသာရေး) ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်မြေပြင်ကွင်းဆင်းကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ၊ မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဝင်းသန်းနှင့် မြို့နယ် နိုင်ငံစိစစ်ရေးလုပ်ငန်းကော်မတီအဖွဲ့ဝင်များက အိန္ဒိယ-မြန်မာချစ်ကြည်ရေးအသင်းကိုယ်စားလှယ် ဦးအောင်ရွှေနှင့် အဖွဲ့ဝင်များကို ပြုနိုင်ငံသားစိစစ်ရေးစာအုပ်နှင့်ပြုကတ်ပြားကို ပေးအပ်ခဲ့ကြောင်း သိရသည်။ **အောင်မြင့်မြတ်(ပြန်/ဆက်)**

## တောင်ဥက္ကလာပမြို့နယ်၌ မဲရုံများ ပြင်ဆင်ထားရှိမှု ကြည့်ရှုစစ်ဆေး

**ရန်ကုန် ဇန်နဝါရီ ၉**
ဇန်နဝါရီ ၁၁ ရက်တွင် ကျင်းပမည့် ရွေးကောက်ပွဲအပိုင်း (၂) တွင်ပါဝင်သည့် ရန်ကုန်တိုင်းဒေသကြီး သဃ်န်းကျွန်းခရိုင် တောင်ဥက္ကလာပမြို့နယ်တွင် အသုံးပြုမည့်မဲရုံများ ကြိုတင်ပြင်ဆင်ထားရှိမှုများကို ဇန်နဝါရီ ၇ ရက်က သဃ်န်းကျွန်းခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ သဃ်န်းကျွန်းခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဇော်မိုးထိုက်၊ တောင်ဥက္ကလာပမြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးအောင်မြတ်မိုးနှင့် အဖွဲ့ဝင်များ၊ မြို့နယ်မီးသတ်ဦးစီးမှူး၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက မြို့နယ်အတွင်းရှိ



ရပ်ကွက်များအလိုက် မဲရုံများ ပြင်ဆင်ထားရှိမှုများကို လိုက်လံကြည့်ရှုစစ်ဆေးသည်။ **ခင်ဆွေနှင်း(ပြန်/ဆက်)**

## တံတားဦးမြို့နယ်၌ ဒို့အတူတူ မဲပေးကြမယ် အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေ

**တံတားဦး ဇန်နဝါရီ ၉**
မန္တလေးတိုင်းဒေသကြီး တံတားဦး



မြို့နယ်၌ ၂၀၂၆ ခုနှစ် ဇန်နဝါရီ ၁၁ရက်တွင် ကျင်းပမည့်ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အပိုင်း(၂) အောင်မြင်စွာကျင်းပနိုင်ရေးအတွက် အသက် ၁၈ နှစ်နှင့်အထက် ခရီးသွားပြည်သူများအား ဒို့အတူတူ မဲပေးကြမယ် အသိပညာပေး လက်ကမ်းစာစောင်ဖြန့်ဝေခြင်းကို ယနေ့ နံနက် ၉ နာရီက တံတားဦးမြို့အဝင်တွင် အခမဲ့ဖြန့်ဝေပေးသည်။

အဆိုပါ လက်ကမ်းစာစောင်ဖြန့်ဝေရာသို့ တံတားဦးခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးအောင်ချမ်းငြိမ်းနှင့် အဖွဲ့ဝင်များ၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေး ကော်မတီဥက္ကဋ္ဌ ဦးဖြိုးဇော်ကိုကိုနှင့် အဖွဲ့ဝင်များ၊ သက်ဆိုင်ရာ ဌာနဆိုင်ရာများ၊ မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊ မြို့နယ်အမျိုးသမီးရေးရာ အဖွဲ့များက လက်ကမ်းစာစောင်များကို အခမဲ့ဖြန့်ဝေပေးကြသည်။ **မြို့နယ်(ပြန်/ဆက်)**

| ၉ - ၁ - ၂၀၂၆ ရက်နေ့ ခါတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး(Market Rate) | သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗစင်တီမီတာနှင့် အထက်ရှိ စံချိန်မီရွှေ ၁ ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်) ၏ဈေးနှုန်းမှာ ၆၀၀၀၀၀၀ ကျပ် ဖြစ်သည်။ ခါတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး သတ်မှတ်ရေးကော်မတီ |
|---|---|

## ဆောင်းသီးနှံနေကြာ(ရုရှားမျိုး ၃ မျိုး) ယှဉ်ပြိုင်စမ်းသပ်ကွက်များအား ကွင်းဆင်းကြည့်ရှု

**ပဲခူး ဇန်နဝါရီ ၉**
ပဲခူးတိုင်းဒေသကြီး ဒိုက်ဦးမြို့နယ် ပေါက်တပင်ကျေးရွာအုပ်စု ပျဉ်းမလွင်ကျေးရွာရှိ ရွှေလွင်မြေစိုက်ပျိုးရေးနှင့်အထွေထွေလုပ်ငန်း သမဝါယမအသင်းတွင် ရုရှားနေကြာ(၃)မျိုး ယှဉ်ပြိုင် စမ်းသပ်ကွက်များအား သမဝါယမဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးနှင့် တာဝန်ရှိသူများ၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှ ဒေါက်တာကျော်လင်း၊ ပျားလုပ်ငန်းမှ တိုင်းတာဝန်ခံ ဦးအောင်ကျော်ဦးနှင့် ဆုလာဒ်ကုမ္ပဏီမှ တာဝန်ရှိသူများက ကွင်းဆင်းကြည့်ရှုရာ အပင်ပေါက်နှုန်းကောင်းမွန်စေရေး ပင်ကြားတန်းကြား ပေါင်းမြက်များရှင်းလင်းရေးနှင့် အပင်များ အချိန်နှင့်တစ်ပြေးညီ ရှင်သန်ဖွံ့ဖြိုးစေရေးအတွက် အပင်များ သားခွဲစိုက်ပျိုးခြင်း၊ အပင်မပေါက်သည့်နေရာများတွင် အပင်ဖာထေးစိုက်ပျိုးခြင်း၊ မြေဆွပေါင်တင်ခြင်းနှင့် အပင်သက်တမ်းအလိုက်လိုအပ်သော ခါတ်မြေသြဇာများ အချိုးကျထည့်သွင်းရန် မှာကြားခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**



## ကျိုက်ထိုခရိုင်အတွင်း ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် တည်ဆောက်ရေးလုပ်ငန်းများ ကွင်းဆင်းစစ်ဆေး

**ကျိုက်ထို ဇန်နဝါရီ ၉**
မွန်ပြည်နယ် ကျိုက်ထိုခရိုင် တည်ဆောက်ရေးလုပ်ငန်းစိစစ်ရေးကော်မတီဥက္ကဋ္ဌ ဦးကံစောလှိုင်နှင့် အဖွဲ့ဝင်များသည် ကျိုက်ထိုခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအောက်ရှိ မြို့နယ်တို့မှ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် ကျိုက်ထိုခရိုင်အတွင်း ပြည်သူတိုက်ရိုက်အကျိုးပြုလုပ်ငန်းများဖြစ်သော ကျိုက်ပိကျေးရွာ (လမ်းဘေးမြေဂဝံမြေသား) ကုန်ထုတ်လမ်းခင်းခြင်း ၂/၂ ဒသမ ၁၈၂ မိုင်နှင့် ရေပြွန်တံတား ငါးစင်းလုပ်ငန်းကို ငွေကျပ် ၂၈၄ ဒသမ ၉၁ သန်းဖြင့် လုပ်ငန်းဆောင်ရွက်လျက်ရှိရာ ယင်းလုပ်ငန်းများ ၈၀ ရာခိုင်နှုန်းခန့် ဆောင်ရွက်ပြီးစီးမှု၊ ဘီးလင်းမြို့နယ် ငါးဘတ်ချောင်ကျေးရွာ ဂဝံမြေခင်းခြင်း ၁/၅ ဒသမ ၆၄ မိုင်လုပ်ငန်းကို ငွေကျပ် ၁၀၀ ဒသမ ၉၁ သန်းဖြင့် လုပ်ငန်းဆောင်ရွက်လျက်ရှိရာ အဆိုပါလုပ်ငန်းများ ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးမှု၊ ဘီးလင်းမြို့နယ် အရက်သီမကျေးရွာ ရေပေးရေးလုပ်ငန်း တွင်းနက်တူးဖော်နေမှုနှင့် ဂါလန် ၅၀၀၀ ဆံ့ ရေစုကန်လုပ်ငန်းအား ငွေကျပ် ၃၈ ဒသမ ၇၁ သန်းဖြင့် ဆောင်ရွက်လျက်ရှိရာ ယင်းလုပ်ငန်းများ ၉၀ ရာခိုင်နှုန်းခန့် ဆောင်ရွက်ပြီးစီးမှုတို့ကို ဇန်နဝါရီ ၆ ရက်က ကွင်းဆင်းကြည့်ရှုခဲ့ကြောင်း သိရသည်။
**ဘုန်းမြတ်**



ငဖဲမြို့နယ်မီးသတ်ဦးစီးဌာနမှ မဲရုံအဆောက်အအုံများ မီးဘေးအန္တရာယ်ကင်းဝေးစေရေးအတွက် မီးဘေးလုံခြုံရေး ကွင်းဆင်းစစ်ဆေးခြင်းကို ဇန်နဝါရီ ၉ ရက်က မြို့နယ်မီးသတ်ဦးစီးဌာန ဒုတိယဦးစီးမှူး ဦးထွန်းထွန်းအောင်နှင့် မီးသတ်တပ်ဖွဲ့ဝင်များ ပူးပေါင်း၍ မဲရုံကျင်းပမည့် အခြေခံပညာကျောင်းများ၌ မီးဘေးကာကွယ်ရေး ကွင်းဆင်းစစ်ဆေးစဉ်။ မြို့နယ်(ပြန်/ဆက်)

**နိုင်ငံတစ်ဝန်း စိမ်းလန်းဖို့ သစ်ပင်စိုက်ပျိုးထိန်းသိမ်းစို့။**

## ပန်းတောင်းမြို့နယ်၌ မဲရုံပြင်ဆင်ထားရှိမှုများ စစ်ဆေးကြည့်ရှု

**ပန်းတောင်း ဇန်နဝါရီ ၉**

ပန်းတောင်းမြို့နယ်၌ အထွေထွေ ရွေးကောက်ပွဲတွင် ပြည်သူများ အဆင်ပြေစွာ ဆန္ဒမဲပေးနိုင်ရန် အတွက် အခြေခံပညာကျောင်း များ၌ မဲရုံများ ပြင်ဆင်ထားရှိမှု အခြေအနေများကို မြို့နယ်စီမံ ခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးအောင်သူရနှင့် တာဝန် ရှိသူများက ဇန်နဝါရီ၂ ရက်တွင် ကွင်းဆင်းကြည့်ရှုရာ မဲရုံမှူး၊ ဒုမဲရုံ မှူး၊ မဲရုံအဖွဲ့ဝင်များ၊ မဲရုံကြီးကြပ် သူများနှင့်တွေ့ဆုံ၍ မဲရုံများတွင် MEVM စက်ဖြင့် ဆန္ဒမဲပေးမည့် နေရာများ ကြိုတင်ပြင်ဆင် ဆောင်ရွက်ထားရှိမှု အခြေအနေ များကိုကြည့်ရှုသည်။ ပန်းတောင်း မြို့နယ်တွင် ရပ်ကွက်ရှစ်ရပ်ကွက်၊



ကျေးရွာအုပ်စု ၄၁ အုပ်စုရှိ မဲရုံ ပေါင်း ၁၂၁ ရုံ ဖွင့်လှစ်ထားမည် ဖြစ်သည်။

လပြည့်လင်း(ပြန်/ဆက်)



## သံဖြူဇရပ်၌ မဲရုံများ စစ်ဆေးကြည့်ရှု

**သံဖြူဇရပ် ဇန်နဝါရီ ၉**

မွန်ပြည်နယ်အတွင်း ရွေးကောက်ပွဲအပိုင်း(၂)တွင် ပါဝင်သည့် သံဖြူဇရပ်မြို့နယ်ရှိ မဲရုံများ ပြင်ဆင်ထားရှိမှုအခြေအနေကို မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးအောင်မိုးလွင်၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးသန်းဝင်းနှင့် တာဝန်ရှိသူများက ဇန်နဝါရီ ၄ ရက်က ကြိုတင်စစ်ဆေးသည်။ မဲရုံများအတွင်း မဲဆန္ဒရှင်ပြည်သူများ စိတ်အေးချမ်းသာစွာ ဆန္ဒမဲပေးနိုင်ရေးအတွက် ကြိုတင်ပြင်ဆင်ထားရှိကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

## ဒေးဒရဲမြို့၌ (၇၈)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် စံပြမိခင်နှင့် ကလေးပြိုင်ပွဲဆုချီးမြှင့်

**ဒေးဒရဲ ဇန်နဝါရီ ၉**

ဒေးဒရဲမြို့၌ (၇၈)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် စံပြမိခင်



နှင့်ကလေး ပြိုင်ပွဲနှင့် ဆုပေးပွဲကို ဇန်နဝါရီ ၃ ရက်က မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌက အသက်ခြောက်လမှ နှစ်နှစ်အထိ ကလေးပြိုင်ပွဲတွင် ဆုရရှိသူများအား လည်းကောင်း၊ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးမှူးက စံပြမိခင်ဆုရရှိသူများကိုလည်းကောင်း ဆုများချီးမြှင့်ပြီး မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းနှင့် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ တာဝန်ရှိသူများက ဝင်ရောက်ယှဉ်ပြိုင်ကြသူများအား အမှတ်တရလက်ဆောင်ပစ္စည်းများ ပေးအပ်ခဲ့သည်။

အေဇာလင်း



ကချင်ပြည်နယ် မချမ်းဘော့မြို့၌ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး မဲပေးခွင့်မဆုံးရှုံးစေရေးအတွက် ဇန်နဝါရီ ၃ ရက်က မြို့ပေါ် ရပ်ကွက်များတွင် မြန်မာ၊ ကချင်၊ လီဆူ၊ ရဝမ်ဘာသာစကားများဖြင့် မြို့နယ်အဆင့် ဌာနဆိုင်ရာများက အသိပညာပေးစဉ်။ ယောရှွေနီ(မချမ်းဘော)

## ပခုက္ကူပြည်သူ့ဆေးရုံ၌ လွတ်လပ်ရေးနေ့မွေးဖွားသည့် ကလေးများအား ဂုဏ်ပြု

**ပခုက္ကူ ဇန်နဝါရီ ၉**

ဇန်နဝါရီ ၄ ရက်တွင် ကျရောက်သည့် (၇၈)နှစ်မြောက် လွတ်လပ်ရေး



နေ့ကို ဂုဏ်ပြုသောအားဖြင့် မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့က ပခုက္ကူမြို့ အထွေထွေရောဂါကုပြည်သူ့ဆေးရုံကြီး၌ လွတ်လပ်ရေးနေ့တွင် မွေးဖွားသည့် ရင်သွေးလေးဦးအတွက် တစ်ဦးလျှင်ငွေကျပ် ၁၀၀၀၀၀ နှုန်းဖြင့် ဂုဏ်ပြုချီးမြှင့်ငွေများကို ဆေးရုံအုပ်ကြီး ဒေါက်တာဝေဝေဦးနှင့်ကျန်းမာရေးဝန်ထမ်းများ၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းများ၊ အမျိုးသမီးရေးရာအဖွဲ့၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းတို့က ကလေးမိဘများထံ လက်ဝယ်အရောက် လွှဲပြောင်းပေးအပ်သည်။ ကလေးများအတွက် ကျန်းမာရေးဆိုင်ရာ ကိစ္စရပ်များ ကူညီဆောင်ရွက်ပေးခြင်း၊ မိဘများအား အားပေးစကားပြောကြားခြင်းများကို ဆောင်ရွက်ကြသည်။

ဘာမီသာ(ပခုက္ကူ)



တပ်ကုန်းမြို့နယ် မြို့နယ်စည်ပင်သာယာအုပ်ချုပ်ရေးမှူး ဦးအောင်ငြိမ်းချမ်း၊ မြို့မရဲစခန်းမှူး ဒုရဲမှူးညီညီထွန်းနှင့်အဖွဲ့က မြို့မဈေး၊ ရပ်ကွက်များအတွင်း မီးဘေးလုံခြုံရေး အသိပညာပေးဟောပြောပွဲကို ဇန်နဝါရီ ၅ ရက်က မြို့နယ်စည်ပင်သာယာအုပ်ချုပ်ရေးမှူးရုံး၌ ပြုလုပ်ပြီး လက်တွေ့မီးငြိမ်းသတ်ရေး သရုပ်ပြလေ့ကျင့်ဆောင်ရွက်စဉ်။ မြို့နယ်(ပြန်/ဆက်)

## ဓနုဖြူမြို့နယ်၌ (၇၈)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် စံပြမိခင်နှင့် ကလေးပြိုင်ပွဲကျင်းပ

**ဓနုဖြူ ဇန်နဝါရီ ၉**

ဓနုဖြူမြို့နယ်၌ (၇၈)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် စံပြမိခင်နှင့် ကလေးပြိုင်ပွဲကို ဇန်နဝါရီ ၃ ရက်က မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းပိုင်မူကြိုကျောင်း၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်ထိုက်စုကြည်က အမှာစကားပြောကြားပြီး မြို့နယ်ပြည်သူ့ကျန်းမာရေးဆရာမကြီး ဒေါ်မြဝင်းနုက အမှတ်ပေးစည်းမျဉ်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ ထို့နောက် ဆုရရှိသည့် စံပြမိခင်များနှင့် ကလေးများအား ဆုများချီးမြှင့်သည်။ အဆိုပါ စံပြမိခင်နှင့်



ကလေးပြိုင်ပွဲတွင် မွေးကင်းစမှ အသက်ခြောက်လအထိ၊ အသက်ခြောက်လမှ တစ်နှစ်အထိ ကလေးများ လာရောက်ယှဉ်ပြိုင်ခဲ့ကြောင်း သိရသည်။

အောင်ပြည့်ဖြိုးဇော်(ပြန်/ဆက်)



ကော့မှူးမြို့နယ်၌ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအပိုင်း (၂)အတွက် မဲရုံဖွင့်လှစ်ဆောင်ရွက်မည့် မဲရုံများအား မြို့နယ်မီးသတ်ဦးစီးဌာနမှ ဦးစီးအရာရှိ ဦးပြည့်ဖြိုးအောင်နှင့်အဖွဲ့ မီးဘေးလုံခြုံရေး စစ်ဆေးခြင်းများကို ဇန်နဝါရီ ၉ ရက်က လိုက်လံကြည့်ရှုဆောင်ရွက်စဉ်။ ကျော်သူရ(ကော့မှူး)



## မော်လမြိုင်၌ မြို့နယ်အဆင့် ပညာရေးစုံညီပွဲတော်ကျင်းပ

**မော်လမြိုင် ဇန်နဝါရီ ၉**

မော်လမြိုင်မြို့ ယခုနှစ် မြို့နယ်အဆင့်ပညာရေးစုံညီပွဲတော်နှင့် ဆုပေးပွဲ အခမ်းအနားကို ဇန်နဝါရီ ၃ ရက်က မော်လမြိုင် အထက(၆)တွင် ကျင်းပရာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဝင်းနိုင်က အမှာစကားပြောကြားပြီး စာပေထူးချွန်ဆုရရှိသူများနှင့် အထိမ်းအမှတ်အခမ်းအနားများတွင် ဆုရရှိကြသူများအား တာဝန်ရှိသူများက ဆုများချီးမြှင့်ပေးသည်။ ထို့နောက် ကျောင်းသား ကျောင်းသူများက တေးသီချင်းများ၊ သရုပ်ဖော်များဖြင့် သီဆိုဖျော်ဖြေတင်ဆက်ကြသည်။

ခင်စန်းမြင့်(ပြန်/ဆက်)

## မဲရုံမှူး၊ ဒုမဲရုံမှူးနှင့် စက်ကိုင်များ (မွမ်းမံ)သင်တန်းဖွင့်

**ဒိုက်ဦး ဇန်နဝါရီ ၉**

ဒိုက်ဦးမြို့နယ်၌ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲမှ မဲရုံမှူး၊ ဒုမဲရုံမှူးနှင့် စက်ကိုင်များ (မွမ်းမံ)သင်တန်းကို ဇန်နဝါရီ ၇ ရက်က ကောလိယခန်းမ၌ ကျင်းပရာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးကျော်ဆန်းဦးက အမှာစကားပြောကြားပြီး မြို့နယ်ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များက ရွေးကောက်ပွဲကာလအတွင်း အီလက်ထရောနစ်မဲပေးစက်များ လက်တွေ့ကိုင်တွယ် အသုံးပြုနည်းများကို နှစ်ရက်တာ ဆွေးနွေးပို့ချခဲ့သည်။

မြို့နယ်(ပြန်/ဆက်)





အင်တောမြို့၌ ဇန်နဝါရီ ၁၁ ရက်တွင် ကျင်းပမည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အပိုင်း (၂) တွင် ပြည်သူများ ပိုမိုပါဝင်မဲပေးနိုင်ရေးအတွက် “ဒို့အတူတူမဲပေးကြမယ်” အသိပညာပေးလက်ကမ်းစာစောင်များကို မြို့အုပ်ချုပ်ရေးမှူး ဦးမင်းသူနှင့်အဖွဲ့ ဇန်နဝါရီ ၉ ရက်က မြို့မဈေး ရပ်စောက် - အင်တော - နှောင်ချိုကားလမ်းမရှိ ပြည်သူများအား ဖြန့်ဝေပေးစဉ်။ အင်တော(ပြန်/ဆက်)

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## မြန်မာနိုင်ငံဆေးကောင်စီ
## လျှောက်လွှာခေါ်ယူခြင်း
## ၁၃၈၇ ခုနှစ်၊ ပြာသိုလပြည့်ကျော် ( ၇ ) ရက်
## (၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ ၉ ရက်)

၁။ မြန်မာနိုင်ငံဆေးကောင်စီရုံးတွင် လစ်လပ်လျက်ရှိသော အောက်ဖော်ပြပါ ရာထူးနေရာများအတွက် ယှဉ်တွဲ ဖော်ပြပါ အခြေခံလစာနှုန်းဖြင့် ဝန်ထမ်းများ ခန့်ထားလိုပါသဖြင့် သတ်မှတ်ထားသောအရည်အချင်းနှင့် ကိုက်ညီသူများ လျှောက်ထားနိုင်ပါသည်-

(က) လက်ထောက်ရုံးအဖွဲ့မှူး - (အခြေခံလစာ-၃၅၀,၀၀၀/ ကျပ်)
(ခ) ဒုတိယလက်ထောက်ရုံး အဖွဲ့မှူး - (အခြေခံလစာ-၃၃၀,၀၀၀/ ကျပ်)
(ဂ) ဦးစီးအရာရှိ - (အခြေခံလစာ-၃၂၀,၀၀၀/ ကျပ်)
(ဃ) အကြီးတန်းစာရေး - (အခြေခံလစာ-၂၃၀,၀၀၀/ ကျပ်)
(င) အငယ်တန်းစာရေး - (အခြေခံလစာ -၂၁၀,၀၀၀/ ကျပ်)

★ အခြေခံလစာအပြင် အခြားခံစားခွင့်များရှိပါမည်။

၂။ လျှောက်ထားသူများသည်

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။
(ခ) ကျန်းမာရေးကောင်းမွန်သူဖြစ်ရမည်။
(ဂ) လက်ထောက်ရုံးအဖွဲ့မှူးရာထူးအတွက် ဆေးတက္ကသိုလ်တစ်ခုခုမှ ဆေးပညာဘွဲ့ရရှိပြီး သက်တမ်းရှိအထွေထွေဆေးကုသခွင့်လိုင်စင် ကိုင်ဆောင်ထားသူဖြစ်ရမည်။
(ဃ) ကျန်ရာထူးများအတွက် တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိထားသူ ဖြစ်ရမည်။
(င) မြန်မာနိုင်ငံဆေးကောင်စီရုံးတွင် အနည်းဆုံး (၅)နှစ် တာဝန် ထမ်းဆောင်နိုင်သူဖြစ်ရမည်။
(စ) နိုင်ငံ့ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်ခဲ့ခြင်းရှိခဲ့ပါက ဌာန၏ နှုတ်ထွက်ခွင့်ပြုကြောင်း အမိန့်စာတင်ပြရပါမည်။
(ဆ) အစိုးရဌာနတစ်ခုခု၏ ဝန်ထမ်းအဖြစ်မှ ထုတ်ပစ်ခြင်း (Dismissed)/ ထုတ်ပယ်ခြင်း (Removed)ခံထားရသူများ လျှောက်ထားခွင့် မရှိပါ။

**မှတ်ချက်** ။ ။ (၁) ဒုတိယလက်ထောက်ရုံးအဖွဲ့မှူးနှင့် ဦးစီးအရာရှိ ရာထူး များအတွက် မဟာသိပ္ပံဘွဲ့ (သို့မဟုတ်)မဟာဝိဇ္ဇာဘွဲ့ရရှိ ထားသူများကို ဦးစားပေးမည်ဖြစ်ပါသည်။
(၂) အထက်ဖော်ပြပါ ရာထူးနေရာများအားလုံးအတွက် ကွန်ပျူတာကျွမ်းကျင်စွာ အသုံးပြုတတ်သူများကို ဦးစား ပေးမည်ဖြစ်ပါသည်။

၃။ လျှောက်ထားသူများသည် အောက်ပါစာရွက်စာတမ်းများ ပူးတွဲလျက် မြန်မာနိုင်ငံဆေးကောင်စီရုံးအဖွဲ့ အမှတ် (၁၂၃)၊ နတ်မောက်လမ်း၊ ဗဟန်းမြို့နယ်၊ရန်ကုန်မြို့သို့ (၁၈-၂-၂၀၂၆)ရက် (ဗုဒ္ဓဟူးနေ့) နောက်ဆုံးထား၍ လူကိုယ်တိုင်ဖြစ်စေ၊ စာတိုက်မှတစ်ဆင့်ဖြစ်စေ ပေးပို့လျှောက်ထားနိုင်ပါသည်။

(က) ကိုယ်ရေးရာဇဝင်အပြည့်အစုံနှင့် ဆက်သွယ်ရန်နေရပ်လိပ်စာ၊ ဖုန်းနံပါတ်
(ခ) နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ
(ဂ) ဘွဲ့လက်မှတ်မိတ္တူ/အောင်လက်မှတ်မိတ္တူ
(ဃ) အကျင့်စာရိတ္တကောင်းမွန်ကြောင်းသက်ဆိုင်ရာရပ်ကွက်နှင့် ရဲစခန်းထောက်ခံချက်မူရင်း
(င) ၃ လအတွင်းရိုက်ကူးထားသော ပတ်စ်ပို့အရွယ် ဓာတ်ပုံ(၃)ပုံ
(စ) ကျန်းမာရေးကောင်းမွန်ကြောင်း ဆေးလက်မှတ် ထောက်ခံ စာမူရင်း

၄။ အချက်အလက်များပြည့်စုံစွာမပါရှိသည့် လျှောက်လွှာများနှင့် လျှောက်လွှာပိတ်ရက်ထက် ကျော်လွန်ရောက် ရှိသော လျှောက်လွှာများကို လက်ခံမည်မဟုတ်ပါ။

၅။ အသေးစိတ်သိရှိလိုသည်များရှိပါက မြန်မာနိုင်ငံဆေးကောင်စီထံ လူကိုယ်တိုင်ဖြစ်စေ၊ ဖုန်းနံပါတ် (၀၉-၄၄၄၉၁၄၃၄၁) သို့ဖြစ်စေ ဆက်သွယ် မေးမြန်းစုံစမ်းနိုင်ပါသည်။

၆။ လူတွေ့စစ်ဆေးခြင်းအတွက် မြန်မာနိုင်ငံဆေးကောင်စီရုံးမှ ထပ်မံ ကြေညာပေးပါမည်။

**မြန်မာနိုင်ငံဆေးကောင်စီ**

## ကြော်ငြာစာ

ညောင်လေးပင်မြို့၊ မြို့မ (၄) ရပ်ကွက်၊ အကွက်မှတ် (၇)၊ အကွက်အမည်၊ ကျွန်းကလေးပိုင်းရပ်၊ ဦးပိုင်အမှတ် (၄၆ᵃ+၄၇ᵃ)၊ မြေကွက်အမှတ် (၆၃/၂၈၉+၆၄-C)၊ ဧရိယာ (၀.၀၂၆၃+၀.၀၁၃၅) ဧက၊ စုစုပေါင်းဧရိယာ (၀.၀၃၉၈)ဧကရှိ အရှေ့ လားသော်-ရပ်(၈) ရွာမတောင်ကျောင်း၊ အနောက်လားသော် ဦးပိုင်အမှတ် (၄၆ ဃ+၄၇ က)၊ တောင်လားသော် ဦးပိုင်အမှတ် (၆၃)၊ မြောက်လားသော်-ရန်ကုန်-မန္တလေးကားလမ်း အထက်ဖော်ပြပါမြေကို (ဘိုးဘပိုင်အမည်ပြောင်း)ပေးရန် ဒေါ်ကြည်ကြည်မာ၊ ဒေါ်သန်းသန်းထွေးနှင့် ဒေါ်ခင်မိုးသူတို့မှ လျှောက်ထားလာသည့် အတွက် ယင်း၏အမည်ကို ပြောင်းလဲပေးမည်ဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ၂၀၂၆ခုနှစ်၊ ဇန်နဝါရီလ (၁၄) ရက်မတိုင်မီ ဆိုင်ရာစာရွက်စာတမ်း အထောက်အထား များနှင့်အတူ ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်တင်ပြမှုမရှိပါက လုပ်ထုံး လုပ်နည်းနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့နယ်ဦးစီးမှူး၊ မြို့နယ်မြေစာရင်းဦးစီးဌာန၊ ညောင်လေးပင်မြို့နယ်**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် HSE/5470, Honda Odyssey RAC ယာဉ်လက်ဝယ်ရှိသူ သက်စမ်းရေလူမှုကူညီရေး အသင်း က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထား လာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထား များဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက် နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး(မိတ္ထီလာမြို့)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 80W/88602, JLM-125 ယာဉ်လက်ဝယ်ရှိသူ ဦးသိန်းဇော် ၁၄/မအပ(နိုင်) ၂၄၆၃၆၃ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထား လာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထား များဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက် နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး(မအူပင်)**
**မအူပင်မြို့**

## ငြင်းချက်ထုတ်ရန် သမ္မာန်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့် -၅ နည်းဥပဒေ -၂၀)
## ပဲခူးခရိုင်တရားရုံးတော်
## ၂၀၂၅ ခုနှစ်၊ တရားမကြီးမှုအမှတ် - ၁၀၂

| | | |
|---|---|---|
| ဦးဝေဠုအောင် | နှင့် | ဒေါ်ခင်တိုး |
| တရားလို | | တရားပြိုင် |

ပဲခူးမြို့ ၊ ဥဿာမြို့ သစ်၊ ရပ်ကွက်ကြီး (၈)၊ မြေတိုင်း(၂၃)၊ အမှတ် (၉၉၃) နေ ဒေါ်ခင်တိုး (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ်၌ တရားလိုက ခြံမြေကွက်အရောင်းအဝယ်မှတ်ပုံတင်စာချုပ် ချုပ်ဆိုပေးစေလိုမှု လျှောက်ထား စွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင်၏ကိုယ်စားလှယ်၊ ရုံးအခွင့်အမိန့်အရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်လျဉ်းသည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက်၊ ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ ၂၂ ရက် (၁၃၈၇ ခုနှစ်၊ တပို့တွဲလဆန်း ၅ ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် အထက်က အမည်ပါရှိသူ တရားလို၏စွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင်၏ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုကကြည့်ရှုလိုသည့် အမှုနှင့်သက်ဆိုင်သည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင်၏ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက် က တင်သွင်းရမည်။

၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ ၈ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ် ရေးထိုး ထုတ်ပေးလိုက်သည်။

(ဝေလင်းထွန်း)
ဒုတိယခရိုင်တရားသူကြီး(၂)
ပဲခူးခရိုင်တရားရုံး

## အယူခံမှုဆိုင်ရန် ချိန်းဆိုသည့်နေ့ရက်ကို အယူခံတရားပြိုင်သို့ အကြောင်းကြားစာ
## ( တရားမကျင့်ထုံးဥပဒေအမိန့် ၄၁၊ နည်းဥပဒေ ၁၄ )
## ကျိုက်ထိုခရိုင်တရားရုံးတော်
## ၂၀၂၅ ခုနှစ်၊ တရားမအယူခံမှုအမှတ် - ၁၂

| | | |
|---|---|---|
| ဦးသန်းထွဋ်အောင် | နှင့် | ၁။ ဦးဆန်းတင့် |
| | | ၂။ ဒေါ်သူဇာလွင် |
| အယူခံတရားလို | | အယူခံတရားပြိုင်များ |

၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၄ ရက်နေ့စွဲပါ ဘီးလင်းမြို့နယ်တရားရုံးတော်မှ ၂၀၂၄ ခုနှစ်၊ တရားမဇာရီမှုအမှတ် -၁၆ တွင်ချမှတ်သော နေ့စဉ်မှတ်တမ်းကို အယူခံမှု။

အယူခံတရားပြိုင်(၁)ဦးဆန်းတင့် (ဘ)ဦးအေးဝင်း၊ ဆရာစံရပ်ကွက်၊ ဘီးလင်းမြို့၊ ကျိုက်ထိုခရိုင်၊ မွန်ပြည်နယ် (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

ယခုအမှုတွင် ဘီးလင်းမြို့နယ်တရားရုံးတော်က ချပေးသည့် နေ့စဉ်မှတ်တမ်း အမိန့်ကို အယူခံတရားလို ဦးသန်းထွဋ်အောင်က အယူခံရာ ဤရုံးတော်တွင် မှတ်ပုံတင်စာရင်းတင်သွင်း၍ ထိုအယူခံမှုကို ၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ ၂၀ ရက် (၁၃၈၇ ခုနှစ်၊ တပို့တွဲလဆန်း ၃ရက်)တွင် ဆိုင်ဆိုရန် ဤရုံးတော်က ချိန်းဆိုလိုက် သည်။ သင်ကိုယ်တိုင်ဖြစ်စေ၊ သင့်ရှေ့နေဖြစ်စေ၊ ဤအယူခံမှုတွင် သင့်အတွက် ဆောင်ရွက်ရန် ဥပဒေအရခွင့်ပြုထားသူ ကိုယ်စားလှယ်ဖြစ်စေ၊ မလာရောက်ခဲ့လျှင် ၎င်းအယူခံမှုကို သင်မရှိသည့်အခါတွင် တစ်ဖက်သတ် စီရင်ဆုံးဖြတ် လိမ့်မည်။

ထို့ပြင် သင်ကအယူခံနိုင်ခွင့်ရှိသော ဤအမှုတွင် ဒီကရီကိုအမိန့် ၄၁၊ နည်း ဥပဒေ ၂၂ အရ ကန့်ကွက်လိုလျှင် အမိန့် ၄၁၊ နည်းဥပဒေ ၂၂ အရ ချိန်းထားသည့် အချိန်အတွင်း သင်ကကန့်ကွက်လိုကြောင်း ဤအယူခံရုံး၌ အကြောင်းကြား အစီရင်ခံစာ တင်သွင်းရမည်။

၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ ၆ ရက် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ် ရေးထိုး ထုတ်ပေးလိုက်သည်။

**(အေးစန္ဒာဟိန်း)**
**ဒုတိယခရိုင်တရားသူကြီး(၂)**
**ကျိုက်ထိုခရိုင်တရားရုံး**

## အများသိစေရန်ကြေညာခြင်း

နေပြည်တော်၊ ဇေယျာသီရိမြို့နယ်၊ ရေဆင်းကျေးရွာအုပ်စု၊ ရေဆင်းရွာနယ် မြေ(၂)နေ မောင်ရှိုင်းထက်အောင်(ဘ)ဦးတင်သိန်းနှင့် မဇူးဇူးရတနာစိုး(ဘ) ဦးစိုးနိုင်တို့သည် (၇-၁-၂၀၂၆)ရက်တွင် အသိသက်သေများရှေ့မှောက်၌ အကြင် လင်မယား အဖြစ်မှ နှစ်ဦးသဘောတူ ကွာရှင်းပြတ်စဲပြီးပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးအောင်ဇော်ဦး(စဉ်-၁၆၅၄၀/၂၀၂၀) တရားလွှတ်တော်ရှေ့နေ**
**အမှတ် ၄/၁၃၅၊ ရေဆင်း၊ ဇေယျာသီရိမြို့နယ်၊**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

မိတ္ထီလာမြို့၊ ဇောင်ချမ်းကုန်းရပ်ကွက်၊ အကွက်အမှတ်နှင့်အမည်၊ ၁၉-စ/ ဝါသု၊ ဦးပိုင်အမှတ် ၅၄၊ မြေကွက်အမှတ် ၅၄ ၊ မြေဧရိယာ ၀.၁၈၀ ဧကရှိ မြေကွက် သည် ဦးညွှန့်ရွှေ-ဒေါ်စန်းစန်းဝင်း အမည်ဖြင့် ၁၅-၁၀-၂၀၀၄ရက်မှ ၁၄-၁၀-၂၀၃၄ ရက်အထိ နှစ် (၃၀) မြေငှားဂရန်ရရှိထားပါသည်။ အဆိုပါမြေငှား ဂရန် စာချုပ်မူရင်းမှာ ပျောက်ဆုံးသွားပါသဖြင့် မြေငှားဂရန်မိတ္တူမှန်ထုတ်ပေးပါရန် ဦးညွှန့်ရွှေပါ(၂)ဦး ထံမှ တရားဝင်စာချုပ်စာတမ်းဖြင့် ဝယ်ယူထားသူ ဦးအောင်ထွန်း ၁၃/ညရန(နိုင်)၀၁၈၁၆၅မှ လျှောက်ထားလာပါသည်။ အဆိုပါလျှောက်ထားလာမှု နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ကြော်ငြာပါသည့်ရက်မှ (၁၅) ရက် အတွင်း ခရိုင်အုပ်ချုပ်ရေးမှူး၊ ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ ခိုင်လုံသော စာရွက်စာတမ်းအထောက်အထားများနှင့်အတူ လာရောက်ကန့်ကွက်နိုင်ပါကြောင်း နှင့် သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်သူမရှိပါက ဥပဒေ၊ လုပ်ထုံး လုပ်နည်း၊ ညွှန်ကြားချက်များနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါ ကြောင်း ကြေညာအပ်ပါသည်။

**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**မိတ္ထီလာခရိုင်**

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ပဲခူးတိုင်းဒေသကြီး၊ အင်းတကော်မြို့နယ်၊ လသာအေးကျေးရွာနေ (မိခင်) ဒေါ်သီသီမြင့်၏ သား မောင်မင်းခန့်အောင် (၇/ပခန(နိုင်)၃၇၈၆၃၆) သည်မိခင်အား အကြိမ်ကြိမ်စိတ်ဆင်းရဲ ကိုယ်ဆင်းရဲဖြစ်အောင်ပြုလုပ်ပါသဖြင့် ယနေ့မှစ၍ သားအဖြစ်မှအမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ နောက်နောင် ၎င်းနှင့်ပတ်သက် သောကိစ္စအဝဝအား လုံးဝ(လုံးဝ)တာဝန်ယူဖြေရှင်းပေးမည် မဟုတ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

(စုံစမ်းမေးမြန်းခြင်းသီးခံပါ။)

**မိခင် - ဒေါ်သီသီမြင့် (၁၃/ကလန(နိုင်)၀၀၃၅၉၃)**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ပညာရေးဝန်ကြီးဌာန
## အဆင့်မြင့်ပညာဦးစီးဌာန
## ပင်လုံတက္ကသိုလ်
## (၁၉)ကြိမ်မြောက် ဘွဲ့နှင်းသဘင် ကြေညာချက်

ပင်လုံတက္ကသိုလ် (၁၉)ကြိမ်မြောက် ဘွဲ့နှင်းသဘင် အခမ်းအနားကို ပင်လုံတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမတွင် အောက်ပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည် ဖြစ်ပါ၍ တက်ရောက်ဘွဲ့ယူရန်နှင့် အဝေးရောက်ဘွဲ့ယူရန် လျှောက်လွှာများ တင်သွင်း လျှောက်ထားနိုင်ပါသည်။

၁။ **ဘွဲ့နှင်းသဘင်ကြေး**

| | |
|---|---|
| တက်ရောက်ဘွဲ့ကြေး | ၁၅၀၀၀ိ/- (တစ်သောင်းငါးထောင်ကျပ်တိတိ) |
| အဝေးရောက် ဘွဲ့ကြေး | ၁၀၀၀၀ိ/- ( တစ်သောင်းကျပ်တိတိ) |
| လျှောက်လွှာတင်သွင်းရမည့်ရက် | (၇-၁-၂၀၂၆ )ရက်နေ့မှ (၂၁-၁-၂၀၂၆)ရက်နေ့ထိ |

**သတ်မှတ်ချက်**

က။ သတ်မှတ်ဘွဲ့လျှောက်လွှာပုံစံများကို သင်တန်းရေးရာဌာနမှ ရယူ၍ လွန်ခဲ့သော (၃) လအတွင်း ရိုက်ကူးထားသော (၂":၁$\frac{၁}{၂}$") ဓာတ်ပုံ (၃) ပုံ နှင့်အတူ ပူးတွဲ၍ပြည့်စုံစွာ ဖြည့်စွက်လျှောက်ထားကြရမည်။
ခ။ သတ်မှတ်ဘွဲ့ကြေးများကို ပင်လုံတက္ကသိုလ် ငွေလက်ခံဌာနတွင် ပေးသွင်းရမည်။
ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-(သကမ-၁၃)၊ မြေကွက်အမှတ်-(၉၆၇/က)၊ အကျယ်အဝန်းဧရိယာ ပေ(၂၀x၆၀)ရှိ (ယခုအခေါ် အမှတ် (၉၆၇/က၊ မြသီရိလမ်း၊ ၁၆-ရပ်ကွက်၊ လှိုင်သာယာ (အနောက်ပိုင်း)မြို့နယ်) ဟု ခေါ်တွင်သော ဦးစိန်လှုန်အမည်ပေါက် ပါမစ်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ လျှပ်စစ်မီတာ အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား အရပ်ကတိစာချုပ် အဆက်စပ်ဖြင့် ဥပဒေနှင့်အညီ ဝယ်ယူပိုင်ဆိုင်ထားပြီး မိမိတစ်ဦးတည်းကသာလျှင် တရားဝင်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိပါကြောင်း ဝန်ခံကတိပြုသူ ဒေါ်ရှုလုံ ၁၄/မမန(နိုင်)၁၄၂၃၃၂ ထံမှ ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူက အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီး ဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါ သည့်ရက်မှစ၍ ၁၄ ရက်အတွင်း အထက်ပါအိမ်ခြံမြေနှင့် ပတ်သက်သည့် ပိုင်ဆိုင်မှုအထောက်အထား စာချုပ်/ စာရွက်စာတမ်းမူရင်း၊ ပါမစ်/ဂရန် မူရင်းများနှင့်အတူ ကျွန်ုပ်ထံသို့လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ပြီးမြောက်အောင် ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါ သည်။

**ဝယ်ယူသူ၏လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ရွှေဇင်အိ (LL.B, D.B,L, D.I.L)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၈၇၉၂/၂၀၂၃)**
**တိုက်(၃၉၀/၄)၊ စက်မှု(၁)လမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး**
**ဖုန်း-၀၉-၄၂၀၀၉၀၇၃**

## ကန့်ကွက်နိုင်ပါကြောင်း ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (သကမ-၃)၊ မြေကွက်အမှတ် (၃၅၂-က)၊ အကျယ်အဝန်းဧရိယာ (၂၀ x ၆၀) ပေ၊ ဧရိယာ ၀ ဒသမ ၀၂၇၅ ဧကရှိ (အရပ်အခေါ် အမှတ်(၃၅၂-က)၊ ဆင်ဖြူရှင်လမ်း၊ ၁၀-ရပ်ကွက်၊ လှိုင်သာယာ (အနောက်ပိုင်း)မြို့နယ်) ဟု ခေါ်တွင် သော နှစ် (၆၀) ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ရေ+မီးစုံ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့အား စည်ပင်အမည်ပေါက်ဖြင့် ဥပဒေနှင့်အညီ ပိုင်ဆိုင်ထားပြီး မိမိတစ်ဦးတည်းကသာ တရားဝင်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိပါကြောင်း ဝန်ခံကတိပြုသူ ဒေါ်ခင်စန်း ၁၂/ တတန(နိုင်)၂၂၄၄၀၄ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အပြီးအပိုင် ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီး ဖြစ်ပါသည်။ အထက်ဖော်ပြပါ ခြံမြေကွက်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇) ရက်အတွင်း အထက်ပါခြံမြေကွက်နှင့် ပတ်သက်သည့် ပိုင်ဆိုင်မှုအထောက်အထား စာချုပ်/စာရွက်စာတမ်းမူရင်း၊ ပါမစ်/ဂရန်မူရင်းများနှင့်အတူ ကျွန်ုပ်ထံသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ် ပြီးမြောက်အောင် ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ရွှေဇင်အိ (LL.B, D.B.L, D.I.L)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၈၇၉၂/၂၀၂၃)**
**တိုက်(၃၉၀/၄)၊ စက်မှု(၁)လမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး**
**ဖုန်း-၀၉-၄၂၀၀၉၇၀၇၃**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ ဒက္ခိဏသီရိမြို့၊ ဒက္ခိဏသီရိရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်(၈/ဒက္ခိဏအလယ်ရပ်)၊ မြေကွက်အမှတ်(ဒ-၃၀၈၈၇)၊ မြေဧရိယာ ၀ ဒသမ ၁၄၆ဧကရှိ ဦးစိုင်းအွန်ခမ်း (ဘ) ဦးစိုင်းအင် ၁၃/ကတန(နိုင်)၀၈၉၂၅၄ အမည်ပေါက် (ပါမစ်)မြေကွက်အား ဦးစိုင်းအွန်ခမ်း(တရားရှုံး)ကိုယ်စား ဒက္ခိဏသီရိမြို့နယ်တရားရုံး၏ ဘိလစ်စာရေးဖြစ်သူ ဦးကိုကိုနိုင် (ဘ)ဦးအောင်မင်း ၉/လဝန(နိုင်) ၁၆၄၅၈၀မှ ဦးစိုင်းအွန်ခမ်း အမည်ဖြင့် မြေငှားစာချုပ် ထုတ်ပေးပါရန် မြေပေးမိန့်မူရင်း၊ ဒက္ခိဏသီရိမြို့နယ်တရားရုံး၏ တရားမကြီးမှုအမှတ်(၁၅/၂၀၂၄)၊ တရားမဇာရီမှုအမှတ်(၁၁/၂၀၂၅) တင်ပြပြီး မြေငှားစာချုပ် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင် ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ၊ အထောက်အထားခိုင်လုံစွာ တင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅) ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏ လုပ်ထုံးလုပ်နည်းနှင့်အညီ မြေငှားစာချုပ် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ဘိုးဘပိုင်/မြေပိုင် အခွင့်အရေးရရှိထားသောမြေ အမည်ပြောင်းလျှောက်ထားကြောင်း ကြေညာစာ

ဟသ်ာတခရိုင်၊ ဟသ်ာတမြို့နယ်၊ ရွာသာကုန်းကျေးရွာအုပ်စု၊ ကွင်းအမှတ် (၁၄၃၂) တံခွန်တိုင် ကွင်း၊ ဦးပိုင်အမှတ် (၄၄ဃ) ဧရိယာ ၀ ဒသမ ၂၅ ဧက အနက်မှ ဧရိယာ ၀ ဒသမ ၀၆ ဧက ရှိ အောက်ဖော်ပြပါအလားအလာရှိသည့် -

အရှေ့လားသော် - ဦးပိုင်အမှတ် (၄၂/၁)
အနောက်လားသော် - ဟသ်ာတ-ရှားခဲ ကားလမ်း
တောင်လားသော် - ဦးပိုင်အမှတ် (၄၄ဃ) ကျန်မြေ
မြောက်လားသော် - ဦးပိုင်အမှတ် (၄၄ဃ) ကျန်မြေ တို့ဖြစ်ကြပါသည်။

အထက်ဖော်ပြပါမြေကို (ဘိုးဘပိုင်အမည်ပြောင်း)ပေးရန် ဦးအောင်စိုးလင်းမှ လျှောက်ထားလာသည့်အတွက် ယင်း၏အမည်ကို ပြောင်းလဲပေးမည်ဖြစ်ပါ၍ ပြောင်းလဲမပေးထိုက်ကြောင်း ကန့်ကွက်လိုသူများရှိပါက ဤကြေညာစာပါသည့်ရက်မှ ရက်ပေါင်း (၃၀)အတွင်း ဆိုင်ရာစာရွက် စာတမ်းများနှင့်တကွ အောက်တွင်လက်မှတ်ရေးထိုးသူထံ ကန့်ကွက်နိုင်ကြောင်း ကြေညာလိုက်သည်။ သတ်မှတ်ကာလအတွင်း လာရောက်ကန့်ကွက်တင်ပြမှုမရှိပါက ကန့်ကွက်သူမရှိဟုယူဆပြီး လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့နယ်ဦးစီးမှူး**
**မြို့နယ်မြေစာရင်းဦးစီးဌာန၊ ဟသ်ာတမြို့**

## အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ (၁၀) တိုးချဲ့ရပ်ကွက်၊ မြေကွက်အမှတ်(၅၉+၇၀)ဟု ခေါ်တွင်သော အလျား(ပေ ၈၀ xအနံ ပေ ၆၀)မြေ (၂ကွက်)ရှိပါမစ်အမည်ပေါက်ဖြစ်သူဒေါ်မြမြအေး ၁၂/လသန(နိုင်) ၀၀၇၀၀၇ မှ ပိုင်ဆိုင်သော မြေကွက်အားဆက်စပ်စာချုပ်ဖြင့်ဝယ်ယူထားသူ ဒေါ်သိန်းမှုန် ၁၁/ရဗန(နိုင်)၀၀၇၁၂၆မှ ၎င်းတစ်ဦးတည်းတရားဝင်ပိုင်ဆိုင်ပြီး ရောင်းချခွင့်ရှိကြောင်း ဝန်ခံလျက်ရောင်းချရာ ကျွန်ုပ်မိတ်ဆွေ ဦးမိုးနီ ၁၂/ဗဟန(နိုင်)၀၀၈၉၁၄မှတန်ဖိုး ငွေကျပ် သိန်း(၇၀,၀၀၀,၀၀၀)(ကျပ်သိန်းခုနစ်ရာ) တိတိဖြင့် ၆-၉-၂၀၀၇ရက်တွင် အပြီးအပြတ်ဝယ်ယူခဲ့ရာ မြေကွက်အား လက်ဝယ်ရရှိပြီး အဆောက်အအုံ ဆောက်လုပ်၍နေထိုင်လျက်ရှိပါသည်။

သို့ဖြစ်ပါ၍ အထက်ဖော်ပြပါ မြေကွက်နှင့်မြေကွက်ပေါ်ရှိ အဆောက်အအုံသည် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူဦးမိုးနီ(၁၂/ဗဟန(နိုင်)၀၀၈၉၁၄)တစ်ဦးတည်းသာ ဝယ်ယူပိုင်ဆိုင်ထားကြောင်းနှင့် ပါမစ်မှ မြေဂရန်ရရှိရေးကို ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ၏ ဥပဒေနှင့်အညီ ဆောင်ရွက်သွားမည် ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ခင်မို့မို့အောင်(LL.B)**
**တရားလွှတ်တော်ရှေ့နေ**
**(စဉ်-၁၈၁၂၅/၁၆-၁၀-၂၀၂၃)**
**အမှတ်(၉၁၅)၊ မြတ်သီရိလမ်း၊ (၁၀၇)ရပ်ကွက်၊**
**ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး**
**ဖုန်း-၀၉-၇၇၇၂၀၃၇၃၇**

## ဖောင်းကြွနံပါတ်ပြား ပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 60W/76761, Honda Wave-100 ယာဉ်လက်ဝယ်ရှိသူ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန ၊ ခရိုင်ရုံး (မင်းဘူး)**

## ဖောင်းကြွနံပါတ်ပြား ပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 39W/83606, Honda- 125 ယာဉ်လက်ဝယ်ရှိသူ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန ၊ ခရိုင်ရုံး (မင်းဘူး)**

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ကျွန်တော် ဦးဝင်းစိုး ၁၀/မလမ(နိုင်)၂၁၀၀၈၅၏သား ခန့်ကိုကိုအောင် ၁၀/မလမ(နိုင်)၃၀၅၅၃၄သည် ဖခင်၏ တားမြစ်မှုကို မနာယူဘဲ ဖခင်နှင့် သဘောထားကိုက်ညီမှုမရှိသော ကိစ္စများကို ဆောင်ရွက်သွားပါသဖြင့် ဖခင်၏ ကောင်းစေလိုသောစေတနာဖြင့် ဆုံးမပဲ့ပြင်မှုနှင့် ဆန္ဒသဘောထားကိုဆန့်ကျင်၍ မိမိအလိုအလျောက် ပြုလုပ်သွားခဲ့သည့်အတွက် ယနေ့မှစ၍ ခန့်ကိုကိုအောင်အား သားအဖြစ်မှ အပြီးတိုင်စွန့်လွှတ်ကြောင်းနှင့် နောက်နောင်၎င်းနှင့် ပတ်သက်သမျှ ကိစ္စအဝဝတို့သည် ဖခင်နှင့်သက်ဆိုင်မှုမရှိတော့ကြောင်းနှင့် တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးဝင်းစိုး**
**အမှတ်(ဇက-၆၄)၊ ဇော်ကုန်းကျေးရွာ၊**
**ကြာအင်းကျေးရွာအုပ်စု၊ မော်လမြိုင်မြို့နယ်**

## ပတ်စ်ပို့ပျောက်

လောက်ကိုင်မြို့၊ ဟဲပော်ရွာနေ (ဘ) ဦးလွေကြားဖူး ၏ သမီး မရှောက်လင် ၁၃/လကန(နိုင်) ၀၁၀၅၄၈ ၏ နိုင်ငံကူးလက်မှတ် အမှတ် (MF-869837)သည်ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၈၉၂၉၂၉၉**

## ပတ်စ်ပို့ပျောက်

ပင်လုံမြို့၊ ရပ်ကွက်(၄) နေ (ဘ) ဦးစိုင်းလွန်း၏ သား စိုင်းလှိုင်းစင် ၁၃/ပလတ(နိုင်)၀၀၇၂၅၄ ၏ နိုင်ငံကူး လက်မှတ် အမှတ်(MA-290423) သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၄၀၂၄၃၈၀၁၄**

## ပတ်စ်ပို့ပျောက်

ဆီဆိုင်မြို့၊ ပန်လိုင်းရွာနေ (ဘ)ဦးခွန်မောင်ကောင်း၏ သမီး နန်းချားကြည် ၁၃/ဆဆန(နိုင်) ၁၂၁၉၃၈ ၏ နိုင်ငံကူးလက်မှတ် အမှတ်(မမှတ်မိ)သည် ပျောက်ဆုံး သွား ပါသဖြင့် တွေ့ရှိက အကြောင်း ကြားပေးပါရန်။

**ဖုန်း-၀၉-၄၄၁၂၆၅၄၉၃**

## တစ်ဦးတည်းဖြစ်ပါကြောင်း

ပြည်ကြီးတံခွန်မြို့နယ်နေ ဦးအောင်ပြည့်လျှံစိုး ၉/မဟမ(နိုင်) ၀၄၅၅၄၃ ၏ မိခင် ဒေါ်မီမီစိုးနှင့် ဒေါ်မိမိစိုးသည် အမည်(၂)မျိုး ကွဲလွဲနေသော်လည်း လူပုဂ္ဂိုလ်တစ်ဦးတည်း ဖြစ်ပါကြောင်း။

## ကန့်ကွက်နိုင်ပါကြောင်း

ယာဉ်အမှတ် ၆၁ယ/၄၇၈၉၉ Yamaha FZ 150 ယာဉ်လက်ဝယ်ရှိသူ ဦးသန်းလွင်ဦး ၂/လကန(နိုင်) ၀၄၄၄၇၈ မှ ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်(၃၀)အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ အောင်ပန်း**

## ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃) မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၆၃ယ/၃၀၀၀၂ ယာဉ်လက်ဝယ်ရှိသူ ဦးသန်းအောင် ၁၀/မဒန(နိုင်)၀၀၆၆၃၈ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထား များဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါ သည်။

**ကညန၊ ပြည်နယ်ဦးစီးမှူးရုံး**
**မော်လမြိုင်မြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၄၉ယ/၆၂၈၃၀ ယာဉ်လက်ဝယ် ရှိသူ ဦးသက်ခိုင် ၁၀/မလမ(နိုင်)၀၁၁၅၇၃က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါ ရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ပြည်နယ်ဦးစီးမှူးရုံး**
**မော်လမြိုင်မြို့**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူနှင့် ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 75W / 4230, Shayan–110 ယာဉ်လက်ဝယ်ရှိသူ Yunn Taw Win Co; ltd မှ ကမ–၃ ပျောက်မိတ္တူနှင့် ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် (၃၀) အတွင်း အောက်ဖော်ပြပါရုံးသို့ လာရောက်ဆက်သွယ်ဆောင်ရွက်ပါရန် ။

**ကညန၊ ခရိုင်ရုံး(မင်းဘူး)**

## ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ မလွှကုန်းဈေးကြွယ် (က) ရပ်ကွက်၊ သမိန်ဗရမ်းလမ်းမကြီး၊ အမှတ် (၄၄) ဟုခေါ်တွင်သော (၂) ခန်းတွဲ (၈) ထပ်တိုက်၏ ၆-လွှာ (တိုက်ရှေ့မျက်နှာမူလျှင်-ဝဲဘက်)၊ အကျယ်အဝန်း (၁၇ ပေ x ပေ ၆၀) ရှိ တိုက်ခန်းနှင့်ပတ်သက်၍ ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

အထက်လိပ်စာပါတိုက်ခန်းကို ၂၃-၂-၂၀၀၂ ရက်စွဲပါ အခန်းပျောက်အရောင်းအဝယ် သဘောတူစာချုပ်ဖြင့် ဦးထွန်းထွန်း ၉/ပမန(နိုင်)၀၂၆၇၆၇ နှင့် ဒေါ်မိုင်သင်းစီဦး ၁၃/တကန(နိုင်)၀၃၂၂၂၈ တို့ထံမှ ဝယ်ယူထားပြီး လက်ရှိလက်ရောက် ပိုင်ဆိုင်ထားကာ ရောင်းချပိုင်ခွင့်ရှိသည်ဟု အဆိုပြုကမ်းလှမ်းလာသူ ဦးဇော်မြင့် ၈/မသန(နိုင်)၀၄၉၃၉၃ ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဦးကောလင်း ၁၂/တမန(နိုင်)၁၀၈၅၄၈က အပြီးအပိုင်ဝယ်ယူရန် သဘောတူသည့် အလျောက်ရောင်းဖိုးငွေ၏ စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။ ၎င်းအရောင်းအဝယ်ပြုလုပ် သည့်တိုက်ခန်းနှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူများ၊ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇) ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသောစာချုပ်စာတမ်း အထောက်အထားမူရင်းများဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အဆိုပါတိုက်ခန်းအရောင်းအဝယ်အား ဥပဒေနှင့်အညီ အပြီးသတ်စာချုပ်ချုပ်ဆိုကာ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးဝင်းဇော်ဦး (LL.B) (စဉ်–၁၂၄၆၉) တရားလွှတ်တော်ရှေ့နေ**
**အမှတ် (၅/၁၁)၊ မြေညီထပ် (ဘီ)၊ ဗျိုင်းရေအိုးစင်လမ်း၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း– ၀၉–၅၁၈၃၅၆၉၊ ၀၉–၄၂၀၀၈၆၆၆၈၊ ၀၉–၉၅၅၃၅၅၃၅၄**

## ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ ရွှေပေါက်ကံမြို့သစ်၊ (၂၁)ရပ်ကွက်၊ ဆိတ်ကမ်းသာလမ်း၊ အိမ်အမှတ် (၅၃၂)ဟု ခေါ်တွင်သော မြေအကျယ်အဝန်း(၂၀ x ၆၀) ပေရှိ အမွေဆိုင် အိမ်ခြံမြေနှင့်ပတ်သက်၍ အများသိစေရန် ကြေညာခြင်း

အထက်ဖော်ပြပါ အမွေဆိုင်အိမ်ခြံမြေအား (ဘ)ဦးထွန်းလွင် ၁၂/ဥကမ(နိုင်)၀၆၁၅၀၄ (ကွယ်လွန်)နှင့် (အမိ)ဒေါ်ခင်အုန်းမြင့် ၁၂/ဥကမ(နိုင်)၀၆၂၇၀၉ (ကွယ်လွန်)တို့ ပေါင်းသင်းနေထိုင်စဉ်တွင် ဒေါ်တင်တင်ခိုင် ၁၂/ဥကမ(နိုင်) ၂၀၁၄၄၅ နှင့် ဦးအောင်ကျော်မင်း ၁၂/ဥကမ(နိုင်)၂၀၁၉၉၇ သားသမီး (၂) ဦးတို့အား မွေးဖွားခဲ့ပြီး အထက်ဖော်ပြပါ အိမ်ခြံမြေအား ဝယ်ယူပိုင်ဆိုင်ခဲ့သော အိမ်ခြံမြေ ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ အထက်ဖော်ပြပါ အမွေဆိုင်အိမ်ခြံမြေနှင့်ပတ်သက်၍ အမွေဆိုင်သူ ဒေါ်တင်တင်ခိုင် မသိရှိဘဲ တစ်ဆင့်ပြန်လည် ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ လွှဲပြောင်းခြင်း၊ ပေးကမ်းခြင်း၊ ကန်ထရိုက်တိုက်ဆောက်လုပ်ခြင်း၊ သက်ဆိုင်ရာရုံးဌာနအသီးသီးတွင် လျှောက်ထားမှု တစ်စုံတစ်ရာပြုလုပ်ခြင်းများ ပြုလုပ်ခွင့်မရှိပါကြောင်းနှင့် ပြုလုပ်ခဲ့ပါက တရားဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်တင်တင်ခိုင်၏လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်ချိုချိုပြုံး ( LL.B )**
**တရားလွှတ်တော်ရှေ့နေ (စဉ်–၁၇၂၄၀)**
**ရုံးခန်း– အမှတ် (၁၀၃/ဘီ)၊ အနော်ရထာ (၃) လမ်း၊ (22/VIP) ရပ်ကွက်၊ ရွှေပေါက်ကံမြို့သစ်၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး**
**ဖုန်း– ၀၉–၇၇၇၇၈၇၄၈၇**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၃) ရပ်ကွက်၊ ယသဝတီ (၁၃)လမ်း၊ အမှတ် (၉၇၃/ခ)မြေရှင် ဒေါ်ခင်ညိုဝင်း ပိုင်ဆိုင်သော အကျယ်အဝန်း (ပေ ၂၀ x ပေ ၆၀)ရှိ နှစ်(၆၀)မြေငှားဂရန် မြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော အကျယ်အဝန်း (၁၈ ပေ x ၅၄ ပေ) (၆) ထပ်တိုက် အဆောက်အအုံ၏ ဒုတိယထပ် (၃–လွှာ) တိုက်ခန်းအား မြေရှင်နှင့် ကန်ထရိုက်တာ သဘောတူစာချုပ်အရ ကန်ထရိုက်တာဖြစ်သူ ဦးအေးထွန်း ၁၂/ဥကမ(ပြု)၀၀၀၈၂၅ ပိုင်ဆိုင်ခဲ့ဝေရရှိ၍ အကျိုးခံစားခွင့်အရပ်ရပ်ကို လွှဲပြောင်းရောင်းချရာ ၎င်းတိုက်ခန်းအား ကျွန်ုပ်၏မိတ်ဆွေဖြစ်သော ဒေါ်နွယ်နီဝင်း ၈/တတက(နိုင်)၂၁၁၂၅၂ သည် အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသအား ပေးချေထားပြီး ဖြစ်ပါသည်။ သို့ဖြစ်၍ ယင်းတိုက် အမှတ်–၉၇၃/ခ ၏ ဒုတိယထပ် (၃လွှာ) တိုက်ခန်းနှင့် ပတ်သက်၍ပိုင်ရေးဆိုင်ခွင့်ရှိသဖြင့် ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာစာပါသည့်နေ့မှ (၇) ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထားများနှင့်တကွ ကျွန်ုပ်ထံသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အား ပြီးဆုံးသည်ထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**

| | |
|---|---|
| **ဦးဂွန်ဆန်းလာ LL.B** | **ဒေါ်အားစင်နူး(LL.B, D.B.L, DI.P.L, D.I.L)** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်–၁၈၇၀၂)** | **တရားလွှတ်တော်ရှေ့နေ(စဉ်–၁၈၆၆၈)** |

**အမှတ် (၁၁၉)၊ လမ်း ၄၀၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်**
**ဖုန်း– ၀၉–၂၅၉၇၂၅၇၄၃၊ ၀၉–၄၅၅၂၀၁၅၂၄**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 1W/61130, Honda C90 Custom CmV ယာဉ်လက်ဝယ်ရှိသူ ဦးမြစိန် ၉/မရမ(နိုင်)၀၅၉၀၉၀ က (ကမ–၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါ ရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊**
**ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)၊**
**မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် FF/8490, NISSAN AD VY12, STATION WAGON (4x2)R ယာဉ်လက်ဝယ်ရှိသူ ဦးဥက္ကာဦး ၁၂/မဂဒ(နိုင်) ၁၉၉၅၅၄ က (ကမ–၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊**
**ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)၊**
**မန္တလေးမြို့**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

နေပြည်တော်၊ ဇမ္ဗူသီရိမြို့၊ သပြေကုန်းရပ်ကွက်၊ မြေတိုင်းရပ်ကွက် အမှတ် ၁/သပြေကုန်း၊ မြေကွက်အမှတ်(၂၆၃)၊ ဧရိယာ ၀ ဒသမ ၀၉၆ ဧကရှိ ဒေါ်ညိုညိုဝင်း အမည်ပေါက် နှစ်(၃၀) မြေငှားစာချုပ်မြေကွက်အား အမည်ပေါက်သူ၏ အထူးကိုယ်စားလှယ်လွှဲစာရရှိသူ ဒေါ်မဥ္ဇူဝင်း (ဘ) ဦးစန်းမြင့်ဦး ၁၂/ဥကတ(နိုင်)၁၅၇၅၁၆ မှ မြေငှားစာချုပ်၊အထူးကိုယ်စားလှယ်လွှဲစာအမှတ် (၁၈၀၉/၂၀၁၉)၊ နိုင်ငံသားစိစစ်ရေးကတ်၊ အိမ်ထောင်စုလူဦးရေစာရင်း မူရင်းများတင်ပြပြီး ဒေါ်အေးအေးထွေး (ဘ) ဦးမုံစိန်း ၁၃/ဆဆန(နိုင်) ၀၉၅၃၅၂ နှင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅) ရက်အတွင်း လာရောက် ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှု မရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ (၃/မာန်ပြေ) ရပ်ကွက်၊ မာန်ပြေ (၁၅လမ်း/အနောက်)၊ မြေကွက်အမှတ် (၈၃၄/ခ)၊ တိုက်အမှတ် – ၈၊ (ဒုတိယထပ်) (၃–လွှာ)တိုက်ခန်းအပါအဝင် ယင်းတိုက်ခန်းနှင့် သက်ဆိုင်သည့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား လက်ရှိပိုင်ဆိုင်ပြီး၊ တရားဝင်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း၊ အရှုပ်အရှင်းကင်းရှင်းကြောင်း ဝန်ခံကတိပြုသူ ဦးအောင်ကျော်ဇင် ၁၂/သကတ(နိုင်)၁၈၃၃၈၆ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေများဖြစ်ကြသော ဦးရန်နိုင်ဦး ၁၂/ကမတ(နိုင်)၀၇၁၄၆၈၊ ဒေါ်နွေးအိဝင်း ၁၀/မလမ (နိုင်)၂၂၅၇၄၈ တို့က အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန် စရန်ငွေပေးချေထားပြီး ဖြစ်ပါသည်။ အထက်ပါအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူမည်သူမဆို ဤကြော်ငြာပါသည့်ရက်မှစ၍ (၇) ရက်အတွင်း ခိုင်လုံသော စာချုပ်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပြီးနောက်ပိုင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**

| | | |
|---|---|---|
| **ဒေါ်စုစုခိုင် (LL.B)** | **ဒေါ်ခင်စောသိန်း (LL.B)** | **ဒေါ်သိမ့်သဥ္ဇလီ (LL.B, LL.M)** |
| **(စဉ်–၁၁၅၅၃)** | **(စဉ်–၁၃၂၈၆)** | **(စဉ်–၅၆၈၈၇)** |
| **တရားလွှတ်တော်ရှေ့နေများ** | | **အထက်တန်းရှေ့နေ** |

**တိုက် (၁၀/၁၂)၊ ပထမထပ်၊ အခန်း (၁၀၄/H)၊ ၃၅ လမ်း(အောက်)၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး**
**ဖုန်း– ၀၉–၄၄၃၀၂၆၁၉၉၊ ၀၉–၇၃၀၂၆၁၉၉**

## နိုင်ငံကူးလက်မှတ် ပျောက်ဆုံးကြောင်း

ကျိုက်မရောမြို့၊ အောင်သုခရပ်ကွက်နေ ဦးရှမ်ရှုဒင်၏သား မောင်စိုးနိုင် ၁၀/ကမရ(နိုင်)၁၇၈၀၇၆ ၏ နိုင်ငံကူးလက်မှတ်အမှတ် (မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိကအကြောင်းကြားပေးပါရန်။

**ဖုန်း–၀၉–၇၇၉၂၉၃၆၁၆**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၆၃ယ/၈၄၀၇၈ ယာဉ်လက်ဝယ်ရှိသူ ဒေါ်ငြိမ်းငြိမ်းအေး ၁၀/မလမ(နိုင်)၂၀၄၃၆၂ က (ကမ–၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ပြည်နယ်ဦးစီးမှူးရုံး**
**မော်လမြိုင်မြို့**

## ယာဉ်မှတ်ပုံတင်(ကမ–၃) စာအုပ်ပျောက် မိတ္တူ လျှောက်ထားခြင်း

ယာဉ်အမှတ် 74W/66775၊ ယာဉ်လက်ဝယ်ရှိသူ ဒေါ်အိမြတ်ဖြိုး ၉/တသန(နိုင်)၂၄၅၈၆၅ က (ကမ–၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများသည်ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် (၃၀) အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊**
**ခရိုင်ရုံး (မြင်းခြံ)**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ (တရားမကျင့်ထုံးဥပဒေအမိန့် – ၅၊ နည်းဥပဒေ – ၂၀) သဃ်န်းကျွန်းခရိုင်တရားရုံးတော် ၂၀၂၅ ခုနှစ်၊ တရားမကြီးမှုအမှတ် – ၃၁၂

| | | |
|---|---|---|
| ဒေါ်ကြည်ကြည်ညွှန့် | နှင့် | ဒေါ်သန်းသန်းဝင်း |
| **(တရားလို)** | | **(တရားပြိုင်)** |

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့နယ်၊ ကြီးပွားရေးရပ်ကွက်၊ ရှင်စောပုလမ်း၊ အမှတ် – ၂၃ နေ တရားပြိုင် ဒေါ်သန်းသန်းဝင်း (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ်၌ "ပဋိညာဉ်အတိုင်း အရောင်းအဝယ်ကတိစာချုပ်ကို မှတ်ပုံတင်ပေးစေလိုမှု" လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ ၂၃ ရက် (၁၃၈၇ ခုနှစ်၊ တပို့တွဲလဆန်း ၆ ရက်) မွန်းမတည့်မီ ၁၀:၀၀ နာရီတွင် အထက်အမည်ရေးသားပါရှိသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းအပြင်အထက်ပါရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင်ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင်တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူယူဆောင်လာရမည်။ (သို့မဟုတ်) သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ ၇ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(စိုးလှိုင်ထွန်း)**
**ဒုတိယခရိုင်တရားသူကြီး (၅)**
**သဃ်န်းကျွန်းခရိုင်တရားရုံး**

## ကုန်အမှတ်တံဆိပ်အမည်အမှတ်အသားမူပိုင်ခွင့်လျှောက်ထားပြီးကြောင်း အများသိစေရန်အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရေတွင်းကုန်းရပ်ကွက်၊ (၁၁၉) လမ်း၊ အမှတ် (၄၀ – မြေညီထပ်)နေ ဒေါ်ဝင်းပပ ၃/မဝတ(နိုင်)၀၁၂၀၉၇ မှ အောက်တွင်ဖော်ပြထားသော ကုန်အမှတ်တံဆိပ်အမည်အမှတ်အသားအား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ မူပိုင်ခွင့်ဦးစီးဌာန၌ ကြက်လျှာစွန်းအမည်ဖြင့်လျှောက်ထားခဲ့ရာ Mark MM/T/ 2025/005388 ၂၁–၁၁–၂၀၂၅ ရက်ဖြင့် တင်သွင်းလက်ခံရရှိထားခဲ့ပြီးဖြစ်ပါသည်–

ကြက်လျှာစွန်း

Mark MM/T/2025/005388

အထက်ဖော်ပြပါ ကြက်လျှာစွန်းအမည်ဖြင့်ကုန်အမှတ်တံဆိပ်အမည်အမှတ်အသားအား rice pulp for culinary purposes ဒံပေါက်၊ rice–based snack food; batter mixes ထောပတ်ထမင်း၊ bean meal; sugar substitutes for culinary purposes; meat gravies; အထည်အလိပ်၊ သနပ်စုံ၊ အအေးမျိုးစုံတို့ကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတစ်ဝန်းလုံးသို့ လက်လီ/လက်ကား ထုတ်လုပ်ဖြန့်ဖြူးရောင်းချအသုံးပြုလျက်ရှိနေသည့်အပြင် အင်တာနက် လူမှုစာမျက်နှာကွန်ရက်၊ အင်စတာဂရမ်၊ တယ်လီဂရမ်၊ ဝက်ဆိုဒ် (Website)၊ Online တို့မှ ဖြန့်ဖြူးရောင်းချလျက်ရှိပါသည်။

အထက်ဖော်ပြပါ ကြက်လျှာစွန်းအမည်ဖြင့် ကုန်အမှတ်တံဆိပ်အမည်အမှတ်အသားအား စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ မူပိုင်ခွင့်ဦးစီးဌာနသို့ ကုန်အမှတ်တံဆိပ်အမည်အမှတ်အသားမူပိုင်ခွင့် တင်သွင်းလျှောက်ထားခဲ့ပြီးဖြစ်သည့်အတွက် မည်သူတစ်ဦးတစ်ယောက်မှသော်လည်းကောင်း၊ အဖွဲ့အစည်းတစ်စုံတစ်ရာမှသော်လည်းကောင်း တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ၊ ထင်ယောင်ထင်မှားဖြစ်စေရန် မည်သည့်ပုံစံဖြင့်မဆိုမှီငြမ်းကူးယူ တုပသုံးစွဲခြင်း၊ တစ်နည်းနည်းဖြင့် ထင်ယောင်ထင်မှားဖြစ်စေခြင်း လုံးဝ (လုံးဝ) မပြုလုပ်ရန် အများသိစေရန် အသိပေးကြေညာပါသည်။

အထက်ဖော်ပြပါ ကြက်လျှာစွန်းအမည်ဖြင့်ကုန်အမှတ်တံဆိပ်အမည်အမှတ်အသားအား တုပပြုလုပ်ခြင်း၊ ထင်ယောင်ထင်မှား ဆင်တူယိုးမှား ပြုလုပ်ထုတ်လုပ်ရောင်းချခြင်းများပြုလုပ်ပါက ပြုလုပ်ရောင်းချသူအား တည်ဆဲဥပဒေနှင့်အညီ လိုအပ်သလို တရားစွဲဆိုဆောင်ရွက်သွားမည့်အပြင် တုပပြုလုပ်သည့် ကုန်အမှတ်တံဆိပ်အမည်အမှတ်အသားကို ဖျက်သိမ်းပျက်ပြယ်သွားသည်အထိ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ဝင်းပပ၏ လွှဲအပ်ညွှန်ကြားချက်အရ –**
**ဒေါ်မေပြည့်စုံ (ခ) ဒေါ်ပွင့် (LLB. DBL, DIL)**
**တရားလွှတ်တော်ရှေ့နေ (စဉ်–၁၀၀၉၃)**
**အမှတ် – ၅၅ ၊ အခန်း (၁၅) ၊ ပထမထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့**

## အများသိစေရန် ကြေညာခြင်း

ရောဝတီတိုင်းဒေသကြီး၊ မအူပင်မြို့နယ်၊ (၆)ရပ်ကွက်၊ ခိုင်မာလာလမ်း၊ အမှတ်(၅၇) ဟု ခေါ်တွင်သော အကျယ်အဝန်းဧရိယာ ပေ (၂၀ x ၆၀)ရှိ မြေကွက်အား ပိုင်ဆိုင်မှုဆက်စပ်စာချုပ်အဆင့်ဆင့်ဖြင့် တရားဝင်ပိုင်ဆိုင်သူ ဦးစိုးငွေး ၁၄/မအပ(နိုင်)၀၄၅၀၀၂ ထံမှ ကျွန်ုပ်၏အမှုသည်ဖြစ်သူ ဦးအောင်ကျော်ဆန်း ၈/သရန(နိုင်)၀၀၀၄၄၁ က ၁–၁–၂၀၂၆ ရက်စွဲပါ အရောင်းအဝယ်စာချုပ်အရ တရားဝင် လက်ရောက်လွှဲပြောင်းဝယ်ယူပြီးဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ အဆိုပါမြေ၏ လက်ရှိပိုင်ဆိုင်သူမှာ အထက်ဖော်ပြပါ ကျွန်ုပ်၏အမှုသည် ဦးအောင်ကျော်ဆန်းသာလျှင် ဖြစ်ကြောင်း သိစေအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဦးဖြိုးအောင်မြင့် (LL.B,DML,DBL)**
**တရားလွှတ်တော်ရှေ့နေ (စဉ်–၁၀၇၅၇/၂၀၁၆)**
**အမှတ် (၂၄/ခ)၊ အနော်မာ (၁၉) လမ်းအနောက်၊ (၂/မြောက်ရပ်ကွက်)၊ သာကေတမြို့နယ် ရန်ကုန်တိုင်းဒေသကြီး**
**ဖုန်း–၀၉–၄၅၀၀၂၀၃၀၂**

## ဖခင်အမည်မှန်

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ် ၂၀၂၅–၂၀၂၆ ပညာသင်နှစ်တွင် တက်ရောက်နေသော အမက (၈)သဃ်န်းကျွန်း G–7(B) မှ မောင်အောင်ဖြိုးထွဋ်၏ ဖခင်အမည်မှန်မှာ ဦးမျိုးအောင်ခိုင် ၁၂/ဥကတ(နိုင်)၁၅၉၀၀၀ ဖြစ်ပါကြောင်း။

## ဖခင်အမည်မှန်

ကျိုင်းတုံမြို့၊ အထက(၆) Grade–10 (A) မှ မအားညာ၏ ဖခင်အမည်မှန်မှာ ဦးဇော်မျိုးထွန်း ၁၃/ကတန(နိုင်)၁၃၆၁၄၁ ဖြစ်ပါကြောင်း။

**ဦးဇော်မျိုးထွန်း**

## ဖခင်အမည်မှန်

ပြင်ဦးလွင်မြို့နယ်၊ အနီးစခန်း၊ GENIUS (ဂျီးနီးယပ်စ်) ကိုယ်ပိုင်အလယ်တန်းကျောင်း Grade–7 မှ မနန်းလပြည့်ဝင်း၏ ဖခင်အမည်မှန်မှာ ဦးပြေ့ဖြိုးမောင် ၉/မခန (နိုင်)၂၁၅၆၁၄ ဖြစ်ပါကြောင်း။

**ဦးပြေ့ဖြိုးမောင်**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 63W/71496 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 3G/1724 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 75W/53765 Honda Scoopy 110, M/C ယာဉ်လက်ဝယ်ရှိသူ ကိုကျော်ဇင်ထွန်း ၅/မရန(နိုင်)၂၇၈၃၅၆ က (ကမ–၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါ ရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး**
**(မုံရွာ)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 8W/38263 Jialing– 90, M/C ယာဉ်လက်ဝယ်ရှိသူ ဦးငွေးဝင်း ၅/အရတ(နိုင်) ၀၄၉၄၇၄ က (ကမ–၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး**
**(မုံရွာ)**

## အယူခံမှုဆိုင်ရန် ချိန်းဆိုသည့်နေ့ရက်ကို အယူခံတရားပြိုင်သို့ အကြောင်းကြားစာ (တရားမကျင့်ထုံးဥပဒေအမိန့် ၄၁၊ နည်းဥပဒေ ၁၄) ပြည်ထောင်စုတရားလွှတ်တော်ချုပ် ၂၀၂၅ ခုနှစ်၊ တရားမအယူခံမှုအမှတ် – ၉၄၂

ဦးသန့်ဇင်ကြည် (ကွယ်လွန်သူ ဒေါ်သန်းသန်းအေး၏ တရားဝင်ကိုယ်စားလှယ်) **နှင့်** ၁။ ဦးထွန်းလင်း (ကိုယ်တိုင်နှင့် ၂၊ ၃ အယူခံတရားပြိုင်များ၏ အခွင့်ရကိုယ်စားလှယ်)
၂။ ဒေါ်စောနန္ဒာ(ခ)ဒေါ်အေးစန္ဒာ
၃။ ဒေါ်မြတ်မျိုးမြင့်
၄။ ဦးဝသန်
၅။ ဒေါ်ရီရီမြင့်
၆။ ဦးထူးအောင်

**အယူခံတရားလို** **အယူခံတရားပြိုင်များ**

မန္တလေးတိုင်းဒေသကြီး တရားလွှတ်တော်၊ ၂၀၂၄ ခုနှစ်၊ တရားမ ပထမ အယူခံမှုအမှတ် ၂၆၇ ၏ ၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ ၃၀ ရက်စွဲပါ ဒီကရီကို အယူခံမှု။

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့နယ်၊ ရပ်ကွက်ကြီး (၂၁)၊ မိုးကြိုးကျေးရွာ၊ ကွင်းအမှတ် (ကွင်းပြင်)နေ အမှတ် (၄) အယူခံတရားပြိုင် ဦးဝသန်၊ အမှတ် (၅) အယူခံတရားပြိုင် ဒေါ်ရီရီမြင့်၊ အမှတ် (၆) အယူခံတရားပြိုင် ဦးထူးအောင် (ယခုလိပ်စာမသိသူများ) သိစေရမည်။

ယခုအမှုတွင် မန္တလေးတိုင်းဒေသကြီး တရားလွှတ်တော်ကချပေးသည့် ဒီကရီကို အထက်အမည်ပါ အယူခံတရားလိုက အယူခံရာ ဤရုံးတော်တွင် မှတ်ပုံတင်စာရင်းတင်သွင်း၍ ထိုအယူခံမှုကို ၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ ၂၃ ရက် (၁၃၈၇ ခုနှစ်၊ တပို့တွဲလဆန်း ၆ ရက်)တွင် ဆိုင်ဆိုရန် ဤရုံးတော်က ချိန်းဆိုလိုက်သည်။ သင်ကိုယ်တိုင်ဖြစ်စေ၊ သင်၏ရှေ့နေဖြစ်စေ၊ ဤအယူခံမှုတွင် သင့်အတွက်ဆောင်ရွက်ရန် ဥပဒေအရခွင့်ပြုထားသူ ကိုယ်စားလှယ်ဖြစ်စေ မလာရောက်ခဲ့လျှင် ၎င်းအယူခံမှုကို သင်မရှိသည့်အခါတွင် တစ်ဖက်သတ်စီရင်ဆုံးဖြတ်လိမ့်မည်။

ထို့ပြင် သင်တို့က အယူခံနိုင်ခွင့်ရှိသော ဤအမှုတွင် ဒီကရီကို အမိန့် ၄၁၊ နည်းဥပဒေ ၂၂ အရ ကန့်ကွက်လိုလျှင် အမိန့် ၄၁၊ နည်းဥပဒေ ၂၂ အရ ချိန်းဆိုထားသည့်အချိန်အတွင်း သင်က ကန့်ကွက်လိုကြောင်း ဤအယူခံရုံး၌ အကြောင်းကြား အစီရင်ခံစာတင်သွင်းရမည်။

၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ ၅ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(နန်းဇင်မင်းထက်)**
**လက်ထောက်ညွှန်ကြားရေးမှူး**
**တရားမတရားစီရင်ရေးဌာန**
**ပြည်ထောင်စုတရားစီရင်ရေးကြီးကြပ်မှုရုံး**

## တစ်ဦးတည်းဖြစ်ပါကြောင်း

တန့်ယန်းမြို့နေ ဦးအောင်ထွန်းဦး ၁၃/တယန(နိုင်)၀၈၀၆၃၅ ၏ဖခင် ဦးစိုင်းခမ်းအောင်နှင့် ဦးစိုင်းအောင် သည် အမည် (၂) မျိုး ကွဲလွဲနေသော်လည်း လူပုဂ္ဂိုလ်တစ်ဦးတည်း ဖြစ်ပါကြောင်း။

## ပတ်စ်ပို့ပျောက်

(ဘ) ဦးလှဆယ် ၏သား ကိုဝင်းမျိုးအောင် ၈/ရနခ(နိုင်) ၁၂၉၄၅၉ ၏ နိုင်ငံကူးလက်မှတ် (MD 352260)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဖုန်း–၀၉–၆၉၆၁၄၄၄၇၆

## ပတ်စ်ပို့ပျောက်

မြင်းခြံမြို့၊ အမှတ်(၂)ရပ်ကွက်နေ (ဘ) ဦးသောင်းလှိုင် ၏သမီး မကေသီအောင် ၉/မခန(နိုင်) ၃၀၃၃၈၀ သည် ပတ်စ်ပို့အမှတ် (မမှတ်မိ) ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေး ပါရန်။

ဖုန်း– ၀၉–၉၅၁၈၇၃၈၂၄

## ပတ်စ်ပို့ပျောက်

မြင်းခြံမြို့၊ အမှတ်(၂)ရပ်ကွက်နေ ဦးသောင်းလှိုင်၏သမီး မနွေလေညင်း ၉/မခန(နိုင်)၃၁၇၃၈၆ သည် ပတ်စ်ပို့ အမှတ် (မမှတ်မိ)ပျောက်ဆုံးသွားပါ သဖြင့် တွေ့ရှိပါက အကြောင်းကြား ပေးပါရန်။

ဖုန်း– ၀၉–၆၆၂၄၃၆၄၇၁

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

နေပြည်တော် ပုဗ္ဗသီရိမြို့၊ အောင်သာယာရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်၊ ၃၂/ပေါင်းလောင်း– ၂ မြေကွက်အမှတ် (၃၀၂၉၊ ၃၀၃၂)၊ ဧရိယာ ၀ ဒသမ ၂၂၀ကေရှိ ဒေါ်ချင်ငုတ်ကြည် (ခ) ဒေါ်သန်းသန်း ၁၂/ကတတ(နိုင်)၀၁၆၀၄၈ (ပါ) ၈–ဦး (ဦးချင်ကောက်ရိန် (ခ) ဦးသက်ဇော်၊ ဦးချင်ကောက်ရင်(ခ)ဦးချို၀င်း၊ ဒေါ်လှ (ခ) ဒေါ်ချင်ငွတ်ကြည်၊ ဒေါ်မြင့်မြင့်သန်း(ခ) ဒေါ်စုကလျာ၊ ဒေါ်ချင်ကိုကြည် (ခ) ဒေါ်နုနုယဉ်၊ ဦးချို (ခ) ဦးအောင်သန်း၊ ဦးကောင်း (ခ) ဦးအောင်ကြည်) အမည်ပေါက် နှစ်(၃၀) မြေငှားစာချုပ်မြေကွက်အား မြေငှားစာချုပ်၊ နိုင်ငံသား စိစစ်ရေးကတ်၊ အိမ်ထောင်စုလူဦးရေစာရင်းမူရင်းများတင်ပြပြီး ဦးချို (ခ) ဦးအောင်သန်း ၉/ပမန(နိုင်)၀၃၄၂၄၃ (ပါ ) ၂ – ဦး (ဦးကောင်း (ခ) ဦးအောင်ကြည်) တို့အား အပြီးအပိုင်စွန့်လွှတ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာ တင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅) ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှု မရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ/မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်း ရပ်ကွက်အမှတ် (၄၉)ရပ်ကွက်၊ ရွှေနှင်းဆီလမ်းနှင့်ပုန်းညက်မြိုင်လမ်းထောင့်၊ မြေကွက်အမှတ်(၈၄၇) ဟုခေါ်တွင်သော မြေအလျား x အနံ(၄၁' x ၆၀') ပေရှိ မြေကွက်နှင့်နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အား ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီမြို့ပြနှင့် မြေစီမံခန့်ခွဲမှုဌာန၏ မြို့မြေစာရင်းတွင် နှစ်(၆၀) မြေငှားဂရန်မူရင်း အမည်ပေါက်ပိုင်ဆိုင်သူ ဦးလေးရွှေ (ခ) ဦးတင်ရွှေ (TTA–၀၃၉၇၆၅) ၁၂/ကတတ(နိုင်)၀၀၃၈၀၇ ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်နန်းဆိုင်တွမ် ၁၃/မပတ(နိုင်)၀၁၉၁၃၄ မှ အပြီးအပိုင်ဝယ်ယူရန် အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးထားပြီးဖြစ်ပါသည်။ ဖော်ပြပါကိစ္စနှင့် စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိက ကျွန်ုပ်ထံသို့တိကျခိုင်လုံသော တရားဝင် စာချုပ်စာတမ်းမူရင်းနှင့်တကွ ယခုကြော်ငြာပါသည့်ရက်မှစ၍ (၇) ရက်တွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ယင်းရက်ကျော်လွန်က အရောင်းအဝယ်ကို ဥပဒေနှင့်အညီအပြီး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဦးဗိုလ်ဗိုလ်ဇော် LL.B, D.B.L, D.M.L**
**တရားလွှတ်တော်ရှေ့နေ (စဉ်–၁၄၆၉၈/၂၀၁၈)**
**အမှတ်(၈၀၇)၊ ပတ္တမြား (၁) လမ်း၊ (၅) ရပ်ကွက်၊**
**ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်**
**ဖုန်း– ၀၉–၄၅၀၀၃၅၀၇၀**

## ကြော်ငြာစာ

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ အောင်မြေသာစံရပ်ကွက်၊ အကွက်အမှတ် (၁၂၉)၊ ဦးပိုင်အမှတ်(၉)၊ ၁၈ x ၁၉ ကြား၊ ၈၇ x ၈၈ လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်ဖြူဖြူသင်း ၉/မနမ(နိုင်)၁၂၁၈၅၄ က အမှုတွဲအမှတ် (၄၆၄၆/၂၀၂၅–၂၀၂၆) ဖြင့် သက်တမ်းတိုး လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဓ) ရပ်ကွက်၊ အကွက် အမှတ် (နန–၃)၊ ဦးပိုင်အမှတ် (၆၇)၊ ၆၅ လမ်း၊ ၁၃၂ x ၁၃၃ လမ်း ကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဦးအောင်လင်းထက် ၉/မဟမ(နိုင်)၀၄၃၇၈၉ က အမှုတွဲအမှတ် (၄၆၄၈/၂၀၂၅–၂၀၂၆)ဖြင့် သက်တမ်းတိုး လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ သီရိဟေမာအရှေ့ရပ်ကွက်၊ အကွက်အမှတ် ၂၄၇၊ ဦးပိုင်အမှတ် ၁–ဋ/၈၉ လမ်း၊ ၂၈ x ၂၉ လမ်းကြားရှိ ဘိုးဘမြေကွက် အမည်ပေါက်သူ ဦးတင်လှိုင်၊ ဒေါ်မိုးတို့အနက် ခင်ပွန်း ဦးတင်လှိုင် ကွယ်လွန်၍ အမွေဆက်ခံစာချုပ်အမှတ်(၂၄၉၃/၂၀၂၅)ဖြင့် ပိုင်ဆိုင်ခဲ့သူ ဇနီး ဒေါ်မိုး ၉/မနတ(နိုင်)၀၁၂၂၉၀ က ဘိုးဘအမည်ပေါက် မြေပုံတင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၁၅)၊ သဇင် (၂) လမ်း၊ မြေကွက်အမှတ် (၇၃၂)၊ အကျယ်အဝန်း ပေ(၄၀ x ၆၀)ရှိ ဦးမောင်စိန် (ISN–၂၉၇၉၃၆) အမည်ပေါက် ပါမစ်မြေအမျိုးအစား (မူရင်း) မြေကွက်မှ တရားဝင်မခွဲစိတ်ရသေးသော အကျယ်အဝန်း ပေ (၂၀ x ၆၀)ရှိ မြေကွက်အမှတ် (၇၃၃) နှင့် ကပ်လျက်ဘက် အခြမ်း မြေကွက်နှင့် ယင်းမြေကွက်၏ အကျိုးခံစားခွင့်အရပ်ရပ်များအားလုံးတို့ကို အရပ်ကတိစာချုပ် အဆက်စပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားသူ ဦးမျိုးခိုင် (ဘ) ဦးစိန်ဝင်း ၁၂/ဗဟန(နိုင်)၀၇၇၂၃၆ မှ ယနေ့အချိန်ထိ မိမိမှသာလျှင်လက်ဝယ် လက်ရှိပိုင်ဆိုင်၍ အရှုပ်အရှင်းတစ်စုံတစ်ရာမရှိကြောင်း၊ ဂရန်သစ်လျှောက်ထားခြင်းလည်းမရှိကြောင်း၊ ရောင်းချပိုင်ခွင့် ရှိကြောင်း ဝန်ခံကတိပြုပြောကြားလာသဖြင့် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်သဥ္ဇာဦး (ဘ) ဦးသန်းနိုင် ၁၂/ရတန(နိုင်) ၀၈၉၁၂၁ မှ ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အဆိုပါအရောင်းအဝယ်အား ကန့်ကွက် လိုပါက စာရွက်စာတမ်းအထောက်အထား (မူရင်း)များဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ (၇) ရက်အတွင်း ကျွန်ုပ်ထံသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါကအရောင်းအဝယ်ကိုဥပဒေနှင့်အညီ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ညွှန်ကြားချက်အရ –**
**ဒေါ်တင်ဇာလွင် (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်–၁၂၄၂၇)**
**အမှတ် (၇၁၀)၊ (၂၅) လမ်း၊ (၅) ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်**
**ဖုန်း– ၀၉–၇၈၃၅၃၅၀၀၃၊ ၀၉–၉၈၇၉၈၇၉၉၉**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်း ရပ်ကွက်အမှတ် (၁၃၁)၊ ယုဇနလမ်း၊ မြေကွက်အမှတ် (၈၂၆)၊ အကျယ်အဝန်း ပေ (၂၀ x ၆၀) ဧရိယာ ၀ ဒသမ ၀၀၂၇၅ ပေရှိ ဦးစိန်လှိုင် (L/RGN)၀၀၇၇၃၆ အမည်ပေါက် မြေချပါမစ်မြေကွက်ကြီးအနက်မှ မြေကွက်အမှတ် (၈၂၇) နှင့် ကပ်လျက်အခြမ်း ပါမစ်မိတ္တူခြမ်းနှင့် ယင်းမြေကွက်ပေါ်ရှိအကျိုးခံစားခွင့် အရပ်ရပ်အားလုံးအား အဆက်အစပ်အရောင်းအဝယ်စာချုပ်များဖြင့် တရားဝင် ဝယ်ယူပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဒေါ်သီဂီအောင် ၁၂/ဒဂရ(နိုင်)၀၁၀၄၉၇ ထံမှ ဦးဇော်မင်းဦး ၁၄/မအန(နိုင်)၁၂၁၃၆၄ က အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေ အဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ အထက်ဖော်ပြပါ မြေနှင့်ခြံမြေအရောင်း အဝယ်ကိစ္စကို မည်သူမဆိုကန့်ကွက်လိုပါက ကျွန်မ ဒေါ်ဝေဝေခင်ထံ ခိုင်လုံသော စာရွက်စာတမ်း အထောက်ထားမူရင်းများဖြင့် ဤကြေညာသည့်ရက်မှစ၍ (၇) ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ထက် ကျော်လွန်ပါက မြေနှင့်ခြံအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးဇော်မင်းဦး**
**၁၄/မအန(နိုင်)၁၂၁၃၆၄**
**အမှတ် (၄၆)၊ ဟားခါးလမ်း၊ (၇) ရပ်ကွက်၊ ဒဂုံအရှေ့ပိုင်းမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း– ၀၉–၂၅၈၄၅၇၄၅၄**

## အမည်မှန်ဖြစ်ကြောင်းကြေညာခြင်း

ဧရာဝတီတိုင်းဒေသကြီး၊ မြောင်းမြခရိုင်၊ အိမ်မဲမြို့နယ်၊ ကညင်ကွင်း ကျေးရွာအုပ်စု၊ အလယ်စုကျေးရွာနေ ဦးအောင်သူ ၅/ဘတလ(နိုင်)၀၄၈၂၉၆ နှင့် ဒေါ်နန့်အေးအေးကြိုင် ၁၄/အမန(နိုင်)၁၆၄၆၇၆ တို့၏ သမီးများဖြစ်ကြသော မအိမ့်ချိုးရတီအောင်အား မအိမ့်မြတ်သော်ဟုလည်းကောင်း၊ မစုပွင့်ရတီမောင် အား မစုသဉ်ဇာဟုလည်းကောင်း ပြောင်းလဲခေါ်ဆိုနိုင်ပါရန် ကြေညာအပ်ပါ သည်။

**ဦးအောင်သူ – ဒေါ်နန့်အေးအေးကြိုင် တို့၏ လွှဲအပ်ညွှန်ကြားချက်အရ–**
**ဦးသန်းထွန်းနောင် (LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်–၁၉၂၉၇)**
**အကွက် (၅၀၃)၊ ၈၂ x ၈၄ လမ်းကြား၊ ကျွန်းလုံးဥသျှောင်ရပ်ကွက်၊**
**ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့**
**ဖုန်း – ၀၉–၇၇၇၉၈၁၈၀၀**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီခရိုင်၊ မှော်ဘီမြို့နယ်၊ တပ်ကြီးကုန်း ကျေးရွာအုပ်စု၊ စာဖြူစုတိုးချဲ့ကွက်သစ်ရှိ အိမ်ရာကွက်အဆင့်(A)၊ အိမ်ရာကွက် အမှတ်– ၂၄၊ ဧရိယာ ၀ ဒသမ ၀၅ ကေရှိ လ/န ၃၉ ရရှိပြီး ရေ/မီးအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်ကို အမည်ပေါက်လက်ရှိထားပိုင်ဆိုင်ထားသူ ဦးနေဝင်း ၁၂/ဥကမ(နိုင်)၀၃၀၄၉၇ မှ ဥပဒေနှင့်အညီ တရားဝင်လွှဲပြောင်း ရောင်းချ ပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုပြောဆိုလာရာ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ဝင်းဝင်းလှိုင် ၁၄/ဝခမ(နိုင်)၁၃၅၁၃၂ မှ အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန် အတွက် ကာလတန်ဖိုး ငွေအားလုံးပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ရာ အဆိုပါ မြေအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ခိုင်လုံသော စာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ဤကြော်ငြာပါသည့်ရက်မှ စ၍ (၇) ရက်အတွင်း ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါ သည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက မြေအရောင်း အဝယ်ကို ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ဝင်းဝင်းလှိုင် ၏ လွှဲအပ်ညွှန်ကြားချက်အရ–**
**ဦးကျော်ဇင်ဟိန်း ( LL.B )**
**တရားလွှတ်တော်ရှေ့နေ (စဉ်–၁၃၇၇၄)**
**အမှတ်– ၁/၃၀၆၊ အမှတ် (၁) ရပ်ကွက်၊ လယ်ဝေးမြို့၊ ဖုန်း–၀၉–၄၂၀၇၅၆၄၄၄**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၇၄ယ/၇၄၃၁၂ Honda Click–125 ယာဉ်လက်ဝယ် ရှိသူ ဒေါ်နှင်းနှင်းဦး ၉/ကပတ(နိုင်) ၂၂၀၇၃၅ က (ကမ–၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထား လာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက် နိုင်ပါသည်။

**ကညန၊**
**ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)**
**မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၃၈ယ/၇၀၆၀၄ Honda Wave 100 ယာဉ် လက်ဝယ်ရှိသူ ဦးထွန်းထွန်းအောင် ၉/မနမ(နိုင်)၀၁၈၀၈၉ က (ကမ–၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက် လိုပါက ခိုင်လုံသောအထောက် အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါ ရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊**
**ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)**
**မန္တလေးမြို့**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ (တရားမကျင့်ထုံးဥပဒေအမိန့် – ၅၊ နည်းဥပဒေ – ၂၀) ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်တရားရုံး ၂၀၂၅ ခုနှစ်၊ တရားမကြီးအမှုအမှတ် – ၇၄

ဒေါ်လွင်လွင်ချို **နှင့်** ဦးညိုလွင်
**(တရားလို)** **(တရားပြိုင်)**

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ (၆/၁၄)ရပ်ကွက်၊ ဧရာဝတီ ပတ်လမ်း၊ အမှတ်– ၂၅၉/ခ နေ တရားပြိုင် ဦးညိုလွင် (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌တရားလိုက "လင်မယားကွာရှင်းပြတ်စဲပေးစေလိုမှု" ဖြင့် လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင်၏ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ သင်ကိုယ်စား ရုံးတော်အခွင့်အမိန့်အရ ရှေ့နေနှင့် ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆို နိုင်သူ တစ်ဦးတစ်ယောက်ဖြစ်စေ၊ ၎င်းရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ ၂၉ ရက် (၁၃၈၇ ခုနှစ်၊ တပို့တွဲလဆန်း ၁၂ ရက်) မွန်းမတည့်မီ (၁၀:၀၀) နာရီတွင် အထက်အမည်ရေးသားပါရှိသူသည် တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်ပါနေ့တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင်တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင်၏ ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာ တင်သွင်းလိုပါလျှင် အမှုမဆိုင်မီ (၄) ရက်က တင်သွင်းရမည်။

၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ ၈ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ် လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ရဲထွဋ်အောင်)**
**တွဲဖက်မြို့နယ်တရားသူကြီး**
**ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်တရားရုံး**

## အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (က) ရပ်ကွက်၊ အကွက်အမှတ် (၀–၈)၊ ဦးပိုင်အမှတ် (၁၂၇)၊ ဧရိယာ ၀ ဒသမ ၀၅၅၁ ဧက အကျယ်အဝန်းရှိ မြေကွက်သည် ဦးသောင်း အမည်ပေါက် ဂရန်မြေကွက် ဖြစ်ပါသည်။ အဆိုပါ ဂရန်မြေကွက်ကို ဦးသောင်းထံမှ ကျွန်ုပ်မိတ်ဆွေဖြစ်သည့် ဦးသိန်းနိုင်က အရောင်းအဝယ်ကတိစာချုပ်ချုပ်ဆိုပြီး လက်ရှိနေထိုင်ပိုင်ဆိုင်လျက်ရှိပါသည်။ အဆိုပါအရောင်းအဝယ်ကတိစာချုပ်တွင် မှတ်ပုံတင်အရောင်းအဝယ်စာချုပ် အား ချုပ်ဆိုလိုသည့်အချိန်တွင် အချိန်မရွေးချုပ်ဆိုပေးပါမည်ဟု ကတိပြု ထားခဲ့၍ ဤကြေညာပါသည့်ရက်မှစ၍ (၁၁) ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ဆက်သွယ်ပေးပါရန် အကြောင်းကြားအပ်ပါသည်။ သတ်မှတ်ရက်တွင် လာရောက်ဆက်သွယ်ခြင်းမရှိပါက မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အား ဥပဒေနှင့်အညီ ပြုလုပ်ချုပ်ဆိုသွားမည်ဖြစ်ကြောင်း ဦးသောင်းနှင့် အများသိ စေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ချက်အရ–**
**ဦးဟန်ဝင်းအောင်**
**စဉ် – ၉၇၀၀/(၂၇–၂–၂၀၁၄) တရားလွှတ်တော်ရှေ့နေ**
**ဖုန်း– ၀၉–၄၃၀၆၀၃၁၀**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဓ)ရပ်ကွက်၊ အကွက်အမှတ် (ပပ–၃၀)၊ ဦးပိုင်အမှတ် (၆)၊ ဧရိယာ ၀ ဒသမ ၀၅၅၁ ဧက အကျယ်အဝန်းရှိ ဂရန် မြေကွက်သည် ဦးခင်မောင်တင့် အမည်ပေါက်သော ဂရန်မြေကွက်ဖြစ်ပါသည်။ ဦးခင်မောင်တင့်ထံမှ ကျွန်ုပ်မိတ်ဆွေ ဦးယားလီ (ခ) ယာလီက အရောင်းအဝယ် အရပ်ကတိစာချုပ်ချုပ်ဆို၍ ဝယ်ယူပိုင်ဆိုင်ခဲ့ပြီး အဆိုပါအရောင်းအဝယ် ကတိစာချုပ်တွင် မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုမည်ဆိုပါက အချိန်မရွေးလိုက်လံ ချုပ်ဆိုပေးမည်ဟု ဝန်ခံကတိပြုခဲ့၍ လက်မှတ်ရေးထိုး ပေးရန် ပြောဆိုခဲ့ရာ လက်မှတ်ရေးထိုးမပေးနိုင်ကြောင်း၊ ငြင်းဆန်ခဲ့ကြောင်း ကြားသိခဲ့ရပါသည်။ ထို့ကြောင့် လက်မှတ်ရေးထိုးပေးရန် ဤကြေညာပါသည့် ရက်မှစ၍ (၇) ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ဆက်သွယ်ပါရန် အကြောင်းကြားအပ်ပါသည်။ လာရောက်ဆက်သွယ်ခြင်းမရှိပါက မှတ်ပုံတင် အရောင်းအဝယ်စာချုပ်ကို ဥပဒေနှင့်အညီဆောင်ရွက်တော့မည်ဖြစ်ကြောင်း ဦးခင်မောင်တင့်နှင့်တကွ အများသိရှိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဦးအောင်ကျော်လွင် (LL.B) တရားလွှတ်တော်ရှေ့နေ (စဉ်–၁၈၃၈၃)**
**ဖုန်း–၀၉–၉၈၆၉၀၀၀၈၁**

## တစ်ဦးတည်း ဖြစ်ကြောင်း

ဘားအံမြို့၊ လှာကာ အခြေခံပညာအထက်တန်းကျောင်း Grade–9 တွင် ပညာသင်ကြား နေသော နန်းစိုးပြည့်ပြည့်လှိုင်၏ မိခင် ဒေါ်နန်းရီရီသန်း (ခ) ဒေါ်သူဇာသင်း ၃/ဘအန(နိုင်) ၃၃၈၁၉၁ မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

## သွေးသည် အသက်

❖ **ငြိမ်းချမ်းရေးဆိုတာ ပုံမှန်သတ်မှတ်ပြဋ္ဌာန်းထားနိုင်တဲ့ အရာမဟုတ်ပါဘူး။ တွေ့ဆုံဆွေးနွေးညှိနှိုင်းမှုမှတစ်ဆင့် ရရှိပေါက်ဖွားလာတဲ့ ရလဒ်ကောင်းတွေနဲ့ ဖော်ဆောင်ကြရမှာသာဖြစ်ပါတယ်။ ဒါ့ကြောင့် ကျွန်တော်တို့အားလုံး အရင်ဆုံး တွေ့ဆုံဆွေးနွေးကြဖို့ မဖြစ်မနေလိုအပ်ပါတယ်။ ဒီလိုတွေ့ဆုံဆွေးနွေးနိုင်ဖို့ ကျွန်တော်တို့အားလုံး ကိုယ်စီကိုယ်စီ တာဝန်ရှိကြတာပဲဖြစ်ပါတယ်။**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၅ ခုနှစ်၊ ဇွန် ၂၅ ရက်နေ့တွင် ပြုလုပ်သော ငြိမ်းချမ်းရေးဖိုရမ် – Peace Forum 2025 ဖွင့်ပွဲ အခမ်းအနားတွင် အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

❖ **နိုင်ငံတော်ရှေ့သီးဖို့ ကုန်ထုတ်လုပ်မှု အားပေးစို့။**

❖ **နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။**

❖ **နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင် ထိန်းကြစို့။**

## ပို့ကုန်လုပ်ငန်းရှင်များအား တိုက်တွန်းနှိုးဆော်ခြင်း

၁။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်အနေဖြင့် ပို့ကုန်တင်ပို့ခြင်းမှ ရရှိသည့် ပို့ကုန်ရငွေပမာဏ၏ ၂၅ ရာခိုင်နှုန်းအစား ၁၅ ရာခိုင်နှုန်းကိုသာ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ အမိန့်ကြော်ငြာစာအမှတ် (၁၂/၂၀၂၂) ပါ သတ်မှတ်ညွှန်ကြားချက်များအတိုင်း မြန်မာကျပ်ငွေဖြင့် လဲလှယ်ဆောင်ရွက်ရန် ၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ ၇ ရက်နေ့၊ အမိန့်ကြော်ငြာစာအမှတ် (၂/၂၀၂၆) ဖြင့် ပြင်ဆင်သတ်မှတ်ကြောင်း ထုတ်ပြန်ကြေညာထားရှိပါသည်။

၂။ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့်လည်း ပို့ကုန်လုပ်ငန်းများအဆင်ပြေချောမွေ့စေရေးအတွက် Myanmar Tradenet 2.0 စနစ်မှ လျှောက်ထားလာသော ပို့ကုန်လိုင်စင်များကို ဦးစားပေးစနစ်ဖြင့် ဆောင်ရွက်ပေးလျက်ရှိပါသည်။

၃။ သို့ဖြစ်ပါ၍ ပို့ကုန်လုပ်ငန်းရှင်များအနေဖြင့် ပို့ကုန်လိုင်စင်လျှောက်ထားသည့် စောင်ရေနှင့် ပမာဏအတိုင်း အပြည့်အဝ မှန်မှန်ကန်ကန်တင်ပို့ကြရန်နှင့် ပို့ကုန်ရငွေပြန်လည်ဝင်ရောက်မှုအပေါ် မြန်မာနိုင်ငံတော်ဗဟိုဘဏ်က ဖြေလျှော့ပေးထားပြီးဖြစ်ရာ သတ်မှတ်ထားသည့်ကာလအတွင်း အပြည့်အဝပြန်လည်ဝင်ရောက်နိုင်ရေး ဆောင်ရွက်ကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန

## ဇီဝဗေဒဘာသာရပ်ဆိုင်ရာ သိကောင်းစရာပါရှိ

၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင်တန်းဖြေဆိုကြမည့် ကျောင်းသား ကျောင်းသူများအတွက် အထောက်အကူပြုစေရန် ဇီဝဗေဒဘာသာရပ်ဆိုင်ရာ သိကောင်းစရာများကို ယနေ့ထုတ် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ (၁၆) နှင့် (၁၇) တို့တွင် ဖော်ပြထားပါသည်။




## KK Park နယ်မြေအတွင်း အွန်လိုင်းလိမ်လည်လောင်းကစားမှု ကျူးလွန်ရာတွင် အသုံးပြုသည့် တရားမဝင်အဆောက်အအုံအားလုံး စနစ်တကျဖြိုချဖျက်ဆီးပြီးဖြစ်

နေပြည်တော် ဇန်နဝါရီ ၉

မြန်မာနိုင်ငံအစိုးရအနေဖြင့် အွန်လိုင်းလိမ်လည်လောင်းကစားမှုများ အများဆုံး အခြေချ လုပ်ကိုင်လျက်ရှိကြသည့် ရွှေကုက္ကိုလ်နယ်မြေနှင့် KK Park နယ်မြေများရှိ တရားမဝင် အဆောက်အအုံများအတွင်း ဝင်ရောက်ရှင်းလင်း၍ အွန်လိုင်းလိမ်လည်လောင်းကစားမှု လုပ်ငန်းစဉ်များတွင် အသုံးပြုခဲ့သည့် သိမ်းဆည်းရမိပစ္စည်းများအား စနစ်တကျ ဖျက်ဆီးခြင်းနှင့် တရားမဝင်အဆောက်အအုံများအား စနစ်တကျဖြိုချ ဖျက်ဆီးခြင်းများကို အဖွဲ့စုံပါဝင်သည့် ပူးပေါင်းအဖွဲ့ဖြင့် ဆောင်ရွက်လျက်ရှိရာ ယနေ့တွင်လည်း KK Park နယ်မြေအတွင်းရှိ တရားမဝင် အဆောက်အအုံ နှစ်လုံးကို ထပ်မံဖြိုချဖျက်ဆီးခဲ့ကြောင်း သိရှိရသည်။

*စာမျက်နှာ ၁၈ ကော်လံ ၁* ❍

## အာဆင်နယ်က လီဗာပူးကို သရေကျခဲ့သော်လည်း အမှတ်ပေးဇယားကို ဆက်လက်ဦးဆောင်




ပရီမီယာလိဂ်ပွဲစဉ် (၂၁) မှ အကောင်းဆုံး ပွဲစဉ်တစ်ပွဲဖြစ်သည့် အမှတ်ပေးဇယား ဦးဆောင်သူ အာဆင်နယ်နှင့် အသင်းကြီး လီဗာပူးအသင်းပွဲစဉ်ကို ဇန်နဝါရီ ၉ ရက် နံနက် ၂ နာရီခွဲက အမ်းမရိတ်ကွင်း၌ ယှဉ်ပြိုင်ကစားခဲ့ရာ ဂိုးမရှိသရေရလဒ်ဖြင့် အဆုံးသတ်ခဲ့သည်။

လီဗာပူးအသင်းသည် နိုင်ပွဲပျောက်ဆုံးမှုအဆုံးသတ်ရန် ခြေကုန်ထုတ်လာသော်လည်း အာဆင်နယ်အသင်း၏ တုံ့ပြန်ကစားပုံ ကောင်းမွန်မှုကြောင့် ခက်ခက်ခဲခဲရုန်းကန်ခဲ့ရပြီး ပွဲအပြီးတွင် သရေရလဒ်ထွက်ပေါ်ခဲ့ကာ နိုင်ပွဲနှင့် ဆက်လက်ဝေးကွာခဲ့သည်။ လီဗာပူးအသင်းသည် ၂၀၂၅ ခုနှစ် ဒီဇင်ဘာ ၂၇ ရက်က ဝုဖ်ကို နှစ်ဂိုး–တစ်ဂိုးဖြင့် နိုင်ပွဲရရှိပြီးနောက်ပိုင်း နိုင်ပွဲပျောက်ဆုံးနေသည့် အသင်းဖြစ်သည်။

*စာမျက်နှာ ၁၂ ကော်လံ ၁* ❖

**ယနေ့ *သတင်းအညွှန်း***

**သမိုင်းဘူတာရုံမှာ အထုပ်ကလေးပိုက်ပြီး ကျန်မနေခဲ့စေနဲ့**

ဆောင်းပါး စာ ၁၀

---

**ဆေးဘက်ဆိုင်ရာ အကြောင်းပြချက်ဖြင့် အိုင်အက်စ်အက်စ်မှ အာကာသယာဉ်မှူးများ ကမ္ဘာပေါ်သို့ စောစီးစွာ ပြန်လာမည်**

စာ ၁၄

## အားကောင်းသောမုန်တိုင်းငယ် မြန်မာနိုင်ငံဘက် ဦးတည်ရွေ့လျားမည့် အခြေအနေမရှိသဖြင့် အဝါရောင်အဆင့် သတ်မှတ်

နေပြည်တော် ဇန်နဝါရီ ၉

ယနေ့ ညနေ ၃ နာရီခွဲအချိန် တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော်အနောက်တောင်ပိုင်းတွင် ဖြစ်ပေါ်နေသော အားကောင်းသော မုန်တိုင်းငယ်သည် အနောက်မြောက်ဘက်သို့ ရွေ့လျားခဲ့ပြီး မြန်မာနိုင်ငံ ကိုကိုးကျွန်းမြို့၏ အနောက်တောင်ဘက် ရေမိုင် ၈၄၀ ခန့်၊ သီရိလင်္ကာနိုင်ငံ ထရီကိုမာလီမြို့၏ အရှေ့ – အရှေ့တောင်ဘက် ရေမိုင် ၁၃၀ ခန့်နှင့် အိန္ဒိယနိုင်ငံ ပူဒူချယ်ရီမြို့၏ အရှေ့တောင်ဘက် ရေမိုင် ၃၆၀ ခန့်အကွာ ပင်လယ်ပြင်ကို ဗဟိုပြုနေပါသည်။

*စာမျက်နှာ ၉ ကော်လံ ၁* ✳